# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် ပြာသိုလပြည့်ကျော် ၁၁ ရက်၊ တနင်္လာနေ့။ Monday, 23 January 2017 (၈၈၁၅)


**မကောင်းမှုကို ရှောင်ကြဉ်**

အဖော်နည်းသော၊ များသောဥစ္စာရှိသော ကုန်သည်ကြီးသည် ဘေးအန္တရာယ်များသောခရီးကို ရှောင်ကြဉ်သကဲ့သို့လည်းကောင်း၊ အသက်ရှင်လိုသောသူသည် လတ်တလောသေစေတတ်သောအဆိပ်ကို ရှောင်ကြဉ်သကဲ့သို့လည်းကောင်း ပညာရှိသည် မကောင်းမှုကို ရှောင်ကြဉ်ရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၃)

# စာပေမြင့်မားတိုးတက်ရေးသည် တိုင်းပြည်ငြိမ်းချမ်းရေးရရှိပြီး ဖွံ့ဖြိုးတိုးတက်လာအောင် တည်ဆောက်နေရသည့် နိုင်ငံအဖို့ ပို၍အရေးကြီး



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ရသစာပေ မူရင်းစာအုပ်များနှင့် စာရေးသူတို့၏ ဓာတ်ပုံများကို လှည့်လည်ကြည့်ရှု အားပေးစဉ်။ (သတင်းစဉ်)

**ရန်ကုန် ဇန်နဝါရီ ၂၂**

နိုဘယ်လ်-မြန်မာစာပေပွဲတော် ၂၀၁၇၊ ရသစာပေဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော် တက်ရောက် ချီးမြှင့်၍ ဖွင့်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ နိုဘယ်လ်-မြန်မာစာပေပွဲတော် ကျင်းပရေး ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စာရေးဆရာကြီးများ၊ စာပေပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတဦးထင်ကျော်နှင့် အဖွဲ့ဝင်များသည် နိုဘယ်လ်-မြန်မာ စာပေကော်မတီက ရွေးချယ်ထားသည့် ရသစာပေစာအုပ် ၁၀၀ ၏ စာရေးဆရာနှင့် စာအုပ်ဓာတ်ပုံများ၊ နိုင်ငံတကာ စာပေအဖွဲ့အစည်း စာအုပ်တိုက်များမှ ရွေးချယ်ထားသည့် ရသစာပေမူရင်းစာအုပ်များနှင့် စာရေးသူတို့၏ ဓာတ်ပုံများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က အမှာစကားပြောကြားရာတွင် "စာပေဆိုသည်မှာ အသိဉာဏ်ပညာတို့ စုဝေးကိန်းအောင်းရာ နေရာဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံနှင့် လူမျိုးတစ်မျိုးအတွက် စာပေအဆင့်အတန်းမြင့်မားသည်ဆိုသည်မှာ နိုင်ငံနှင့်လူမျိုးအတွက် အသိဉာဏ်

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❑

## ရသစာပေတွေ ဖတ်ရင် အသိကြွယ်ရုံတင်မကသေးဘူး နှလုံးသား ခံစားမှု မျှတစေတယ်

**လယ်တွင်းသားစောချစ်**

မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာနိုင်ငံ၌ စာအုပ်ကောင်းများ ပိုမိုကြွယ်ဝပြည့်စုံလာရေး၊ မြန်မာလူငယ် စာဖတ်သူများ၏ စာဖတ်ဝါသနာ ပြုစုပျိုးထောင်ပေးနိုင်ရေး၊ စာဖတ်ခြင်းဖြင့် လောကအကြောင်း လူ့အကြောင်းကိုလည်းကောင်း၊ မိမိသဘော သူတစ်ပါးသဘောကိုလည်းကောင်း သိရှိနားလည်ကာ ဉာဏ်အမြော်အမြင်ရှိ၍ စိတ်ထားပြည့်ဝသည့် နိုင်ငံ့သားကောင်းများဖြစ်လာစေရေး၊ စာပေဆိုင်ရာအစီအစဉ်အရပ်ရပ်ပါဝင်သော စာပေပွဲတော်များ ကျင်းပသည့် ဓလေ့အစဉ်အလာတစ်ရပ် ထွန်းကားရေး စသည့်ရည်ရွယ်ချက်များဖြင့် နိုဘယ်လ်-မြန်မာ စာပေပွဲတော်ကို ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံတွင် ဇန်နဝါရီ ၂၂ ရက် နံနက် ၉ နာရီမှ စတင်ကာ စည်ကားသိုက်မြိုက်စွာ ခြိမ့်ခြိမ့်သဲ ကျင်းပခဲ့သည်။

နိုဘယ်လ်-မြန်မာစာပေပွဲတော်ကို ၂၀၁၅ ခုနှစ်တွင် စာပေနှင့်ငြိမ်းချမ်းရေးခေါင်းစဉ်ဖြင့် စတင်ကျင်းပခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် ကလေးစာပေဖွံ့ဖြိုးတိုးတက်ရေး ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ပြီးနောက် ယခုနှစ်တွင်မူ ရသစာပေ ထွန်းကားရေး ခေါင်းစဉ်ဖြင့် ကျင်းပခဲ့သည်။ ယင်းကြောင့် ရသစာပေကို အဓိကထားကျင်းပရသည့် ရည်ရွယ်ချက်များ၊ ရသစာပေ၏ အကျိုးကျေးဇူးများနှင့် ရသစာပေပွဲတော်အပေါ် စာရေးဆရာကြီးများ၊ စာပေထုတ်ဝေသူများ၊ စာဖတ်ပရိသတ်များ၏ သဘောထားအမြင်များကို ဖော်ပြလိုက်ပါသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ●


**နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဦးသန့်နေအိမ်ပြတိုက်ကို ကြည့်ရှုလေ့လာ**

စာမျက်နှာ - ၃

**အာရှ-ပစိဖိတ် အင်ဂျင်နီယာအဖွဲ့ချုပ်နှင့် အာဆီယံအင်ဂျင်နီယာအဖွဲ့ချုပ်တို့က ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ချီးမြှင့်**

စာမျက်နှာ - ၇





ကြေးမုံ

# အတူတကွပူးပေါင်းဆောင်ရွက်မှု အောင်မြင်

ကလေးငယ်များ၏ ပညာရေးနှင့်စပ်လျဉ်း၍ နံရံလေးဘက်ခြံရံထားသောစာသင်ခန်းကိုသာ ကျွန်ုပ်တို့အာရုံစိုက်နေရုံဖြင့် မပြီးသေးချေ။ ဤခေတ်တွင် ကလေးများမှာ ကျောင်းမှအိမ်၊ အိမ်မှကျူရှင်၊ ကျူရှင်မှကျောင်း၊ ကျောင်းမှကျူရှင် စသည်ဖြင့် သံသရာလည်နေတတ်သည်။

အချိန်ပိုအားလပ်နေမှုရှိနေပြန်လျှင်လည်း ယနေ့ခေတ်ရေစီးကြောင်းအလိုက်ဖြစ်ပေါ်နေသည့် ကွန်ပျူတာဂိမ်းအမျိုးမျိုးနှင့် ကျင်လည်နေကြပြန်သည်။ နိုင်ငံရပ်ခြားမှဖန်တီးသော ကစားနည်းဂိမ်းအမျိုးမျိုးမှာ ကလေးများ၏ စိတ်အာရုံကို အမျိုးမျိုးဖမ်းစားနိုင်သည်။ ထို့ကြောင့် ကလေးများပညာရေးအတွက် နည်းလမ်းအသွယ်သွယ်တွေးတောကြံဆ ဝိုင်းဝန်းဆောင်ရွက်ကြရမည် ဖြစ်သည်။

ဤတွင် မြို့နေလူတန်းစားကလေးသူငယ်များထက် ကျေးလက်နေကလေးသူငယ်များအား မြေတောင်မြှောက်ပေးရန် ဦးစွာကြိုးပမ်းအားထုတ်ဆောင်ရွက်လျှင် လျော်ကန်သင့်မြတ်လိမ့်မည်ဟု မျှော်လင့်ပါသည်။ ထိုသို့မျှော်လင့်သည့်အတိုင်းလည်း ယခုအခါ နယ်မြို့ရွာများသို့ဦးတည်ထားသည့် နယ်လှည့်စာကြည့်တိုက်၊ စာဖတ်ခန်းလုပ်ငန်းများဆောင်ရွက်နေမှုများကိုမြင်တွေ့ရရာ ကလေးများ ပညာရေးအတွက် အထောက်အပံ့ကောင်းဟု ဆိုရမည်ဖြစ်သည်။

ကလေးသူငယ်၊ လူငယ်လူရွယ်များအတွက် အသိပညာဟူသည်မှာ ကျောင်းသင်ပညာမဟုတ်ဘဲ စာရေး၊ စာဖတ်တတ်စ မူလတန်းအရွယ်များ၊ လူပျိုအပျိုဖော်ဝင်စ လူငယ်လူရွယ်များအတွက် စာပေဖြစ်သည်။ ထိုအရွယ်များ၏ ဦးနှောက်သည် လာသမျှကို အကောင်းအဆိုးမရွေးဘဲ လက်ခံတတ်သည်။ ထိုအရွယ်မျိုးတွင် ကျောင်းစာမှအပဖြစ်သော ဗဟုသုတသည် အရေးကြီးသည်။


ကလေးသူငယ်ပညာရေးအတွက် အနှောင့်အယှက်များမှာ များစွာသောမိဘတို့သည် မိမိတို့ကလေးသူငယ်များအတွက် စာပေလက်ဆောင်ကောင်းများပေးတတ်သည့် အလေ့အထမရှိခြင်း၊ အလားတူပင် မိဘတို့သည် ကျောင်းသင်ပညာစာပေမှာ ကလေးသူငယ်များအတွက် လုံလောက်ပြီဟု အထင်ရှိခြင်း၊ ကလေးသူငယ်များဘက်ကို လှည့်မကြည့်အားဘဲ မိမိတို့အလုပ်အကိုင်စီးပွားရေးကို ဦးစားပေးခြင်း၊ စီးပွားရေးမပြေလည်ခြင်းတို့ဖြစ်သည်။

ထို့အပြင် ထုတ်ဝေသူတို့ အကျိုးအမြတ်နည်းသဖြင့် ကလေးစာပေကိုဦးစားမပေးခြင်း၊ ကလေးသူငယ်များ၏ စိတ်ပညာကို စနစ်တကျသင်ကြား၍ နားလည်တတ်သိသော ကျွမ်းကျင်သူနည်းပါးခြင်း၊ မိဘများက ခေတ်ရေစီးကြောင်းအလိုက် ခေတ်ပေါ်ကစားနည်းများကိုသာ စိတ်ဝင်စားသည်ကို အလိုလိုက်ခြင်းတို့ဖြစ်သည်ဟု အကြမ်းအားဖြင့် ခန့်မှန်းနိုင်သည်။

အမှန်တကယ်တွင် ကလေးလူငယ်တို့၏ စာပေအတွက် ပညာရေးပါရဂူများ တိုင်းပြည်တွင် ရှိသင့်သလောက် ရှိပေသည်။ သို့သော် ကလေးသူငယ်စာပေမှာ ထွန်းကားသင့်သလောက် မထွန်းကားဟု ဆိုရမည်ဖြစ်သည်။ အကြောင်းရှာသော် ထိုစာပေမှာ ထုတ်ဝေဖြန့်ချိသောအခါ အရှုံးပေါ်နိုင်သောကြောင့် ရေးသူလည်းနည်း၊ ထုတ်သူလည်းမရှိ ဖြစ်တတ်သည်။

ယခုအခါ စာပေဖတ်ရှုခြင်း အလေ့အထကောင်းရစေရန်အတွက် ကလေးစာပေပွဲတော်များကို ကျင်းပလာကြသည်။ ကလေးငယ်များ စိတ်ဝင်တစားဖတ်ရှုလိုစိတ်ဖြစ်စေနိုင်မည့် စာအုပ်စာစောင်များ ပြသရောင်းချပေးသွားမည့်အပြင် ခေတ်ကာလအခြေအနေနှင့် လိုက်လျောညီထွေဖြစ်မည့် ကလေးများစိတ်လှုပ်ရှားပျော်ရွှင်စေရေးအတွက် ဖျော်ဖြေပွဲများ၊ ဂိမ်းကစားနည်းများနှင့် ပြိုင်ပွဲအသီးသီး ထည့်သွင်းကျင်းပမည်ဖြစ်ရာ ကလေးပညာရေးအတွက် နည်းလမ်းကောင်းများပင်ဖြစ်သည်။

ကလေးလူငယ်စာပေဖွံ့ဖြိုးရေးအတွက် ရေးသူ၊ ထုတ်သူ၊ စီစဉ်သူများအပြင် မိဘဆရာများနှင့် ကလေးစိတ်ပညာကျွမ်းကျင်သော ပညာရှင်များ အတူတကွပူးပေါင်း၍ ဆောင်ရွက်လျှင် အောင်မြင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ။




## ကျပန်းစကားပြောပြိုင်ပွဲ ပုလောမြို့နယ် ပြည်သူ့စာကြည့်တိုက်၌ ကျင်းပ

**ပုလော ဇန်နဝါရီ ၂၂**

ကျပန်းစကားပြောပြိုင်ပွဲကို မြိတ်ခရိုင် ပုလောမြို့နယ် မြို့နယ်ပြည်သူ့စာကြည့်တိုက်၌ ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပရာ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူ ၂၈ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ရာ အထက်တန်းအဆင့်တွင် ပထမဆုကို အထက(ပုလော)မှ နဝမတန်းကျောင်းသား မောင်ရဲမာန် အောင်၊ ဒုတိယဆုကို အထက(ခွဲ) ပုလောမှ မယုယကျော်၊ တတိယဆုကို အထက(ရှပ်ပုံ)မှ မပန်းချစ်စံ၊ အလယ်တန်းအဆင့်တွင် ပထမဆုကို အထက(ရှပ်ပုံ)မှ သတ္တမတန်းကျောင်းသူ မချိုဝေဖူး၊ ဒုတိယဆုကို အထက(ခွဲ) ပြင်ဘုမှ သတ္တမတန်း ကျောင်းသား မောင်သော်ဇင်စိုးနှင့် တတိယဆုကို အထက(ခွဲ)ရှပ်ပုံမှ ပဥ္စမတန်း ကျောင်းသူ မပီတိချိုတို့က ရရှိခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ထိုင်း-မြန်မာ နှစ်နိုင်ငံ ဖြတ်သန်းမောင်းနှင်မည့် မော်တော်ဆိုင်ကယ်ခရီးစဉ်ဆိုင်ရာ သတင်းစာရှင်းလင်း

**နေပြည်တော် ဇန်နဝါရီ ၂၂**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်သည် ယမန်နေ့နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပသည့် ထိုင်း-မြန်မာ နှစ်နိုင်ငံဖြတ်သန်းမောင်းနှင်မည့် Honda Bigwing Rama-5 မော်တော်ဆိုင်ကယ် Tour ခရီးစဉ် "WINGERS CAMARA-DERIE RIDE 2017 RIDE TOWARDS AEC" နှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။




ထို့နောက် ပြည်ထောင်စုဝန်ကြီးက ထိုင်းနိုင်ငံ Hua Hin မှ မြန်မာနိုင်ငံ နေပြည်တော်သို့ လာရောက်မည့် "Ride Towards AEC" မော်တော်ဆိုင်ကယ်စီးခရီးစဉ်သည် မြန်မာ-ထိုင်း ခရီးသွားလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း လှုပ်ရှားမှုတစ်ခုဖြစ်ကြောင်း၊ မြန်မာနှင့် ထိုင်းနိုင်ငံတို့သည် ရှေးယခင်ကပင် ရင်းနှီးချစ်ကြည်မှုရှိသော အိမ်နီးချင်းကောင်းနိုင်ငံများဖြစ်ကြောင်း၊ မကြာသေးမီကာလကလည်း မြန်မာနှင့် ထိုင်းနိုင်ငံအကြား ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို နေပြည်တော်တွင် အသစ်ထပ်မံလက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုမော်တော်ဆိုင်ကယ်ခရီးစဉ်တွင် ဆိုင်ကယ်အစီး ၁၀၀ ကျော်ဖြင့် ထိုင်း၊ မလေးရှားနှင့် စင်ကာပူနိုင်ငံသားများ ပါဝင်သည့်အတွက် ဝမ်းမြောက်ကြောင်း ပြောကြားသည်။

အဆိုပါမော်တော်ဆိုင်ကယ်ခရီးစဉ်သည် ဧပြီ ၂၇ ရက်တွင် ထိုင်းနိုင်ငံ ဟွာဟင်းမြို့မှ ထွက်ခွာလာမည်ဖြစ်ပြီး မေ ၃ ရက်တွင် နေပြည်တော်သို့ ရောက်ရှိကာ မေ ၄ ရက်တွင် ဘားအံမြို့သို့ရောက်ရှိပြီး မေ ၅ ရက်တွင် ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိလေဆိပ်တွင် ထိုင်းနိုင်ငံ အားကစားနှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ပြီး ဘန်ကောက်မြို့မှ ဖူးခက်မြို့သို့ ဆက်လက်ထွက်ခွာခဲ့သည်။ မွန်းလွဲပိုင်းတွင် ဖူးခက်လေဆိပ်သို့ ရောက်ရှိပြီး ဖူးခက်မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန်တို့က လာရောက်ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် The NAKA Phuket Hotel သို့ ရောက်ရှိပြီး ကမ်းခြေတွင် ဟိုတယ်တည်ဆောက်ထားရှိမှုအခြေအနေကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ခုတင်(၅၀၀)ဆံ့ဆေးရုံကြီး တည်ဆောက်မည်

**ရန်ကုန် ဇန်နဝါရီ ၂၂။** ။ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတစ်ရုံကို ဇန်နဝါရီလမှစတင်၍ အကောင်အထည်ဖော်ဆောက်လုပ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ခုတင် (၅၀၀)ဆံ့ဆေးရုံကြီးကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာနမှ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့အပ်နှံကာ အဆောက်အအုံဦးစီးဌာန တည်ဆောက်ရေး(၁)၊ အဆောက်အအုံ အထူးအဖွဲ့(၁)မှ တာဝန်ယူတည်ဆောက်မည်ဖြစ်သည်။ ဆောက်လုပ်မည့်နေရာမှာ ပဲခူးမြစ်လမ်းမကြီး အမှတ်(၂) သန်လျင်တံတားအတက် ပဲခူးမြစ် ကမ်းနားနံဘေး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ရွှေတိုင်လွင်)**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်ဖြိုးစန္ဒာမြင့်၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်အေးအေးမြင့်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**အထူးသတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၃၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၃၂၈၊ ၀၆၇-၃၆၁၃၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဦးသန့်နေအိမ်ပြတိုက်ကို ကြည့်ရှုလေ့လာ

**ရန်ကုန် ဇန်နဝါရီ ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့ နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပန်းဝါလမ်း အမှတ်(၃၁)ရှိ ဦးသန့်နေအိမ်ပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာသည်။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဦးသန့်နေအိမ်ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ဦးသန့်၏ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၊ ပြည်သူ့ဝန်ထမ်း၊ ကျောင်းဆရာနှင့် စာရေးဆရာဘဝအတွေ့အကြုံမှတ်တမ်းများ၊ လွတ်လပ်ရေးရပြီး အစောပိုင်းကာလများက မြန်မာနိုင်ငံအကြောင်းမှစကာ ကျူးဘားနှင့် ဗီယက်နမ်စစ်ပွဲအကြောင်းတို့ကို စုံလင်စွာထင်ဟပ်သည့် ဓာတ်ပုံမှတ်တမ်းများ၊ စစ်အေးတိုက်ပွဲအကြောင်းကို ခင်းကျင်းပြသထားသော ဓာတ်ပုံများ၊ ဗီဒီယိုများနှင့် စာအုပ်များ၊ ဦးသန့်ကိုယ်ပိုင်စာတမ်းများ၊ ရှားပါးဓာတ်ပုံများ၊ ဗီဒီယိုမှတ်တမ်းများနှင့် သမိုင်းဝင် မိန့်ခွန်းမှတ်တမ်းများကို ကြည့်ရှုလေ့လာရာ ဦးသန့်၏ မြေးဖြစ်သူ ဒေါက်တာသန့်မြင့်ဦးက လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ဒေါက်တာသန့်မြင့်ဦးအား အမှတ်တရ လက်ဆောင်ပေးအပ်ရာ ဒေါက်တာသန့်မြင့်ဦးကလည်း ၎င်းရေးသားထားသည့် စာအုပ်များကို အမှတ်တရလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

၁၉၆၁ ခုနှစ်မှ ၁၉၇၁ ခုနှစ်ကာလအတွင်း တတိယမြောက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်တာဝန်ထမ်းဆောင်ခဲ့သူ ဦးသန့်သည် ယခုနေအိမ်ကို လွတ်လပ်ရေးရပြီးစကာလတွင် အစိုးရအဆင့်မြင့်အရာရှိအဖြစ် ၁၉၅၁ ခုနှစ်မှ ၁၉၅၇ ခုနှစ်ထိ ဇနီးသည် ဒေါ်သိန်းတင်၊ သမီး အေးအေးသန့်နှင့် သား တင်မောင်သန့်တို့နှင့်အတူ နေထိုင်ခဲ့သည်။

၂၀၁၂ ခုနှစ်တွင် ဦးသန့်၏မြေးဖြစ်သူ ဒေါက်တာသန့်မြင့်ဦးက အဆိုပါနေအိမ်အား အသုံးမပြုဘဲထားသည်ကိုတွေ့ရှိ၍ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ပြန်လည်မွမ်းမံကာ ပြတိုက်နှင့် အများပြည်သူအတွက် ပွဲလမ်းများကျင်းပသည့် နေရာအဖြစ် အသုံးပြုခဲ့ခြင်းဖြစ်သည်။



**နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဒေါက်တာသန့်မြင့်ဦးအား အမှတ်တရ လက်ဆောင်ပေးအပ်စဉ်။** (သတင်းစဉ်)

ပြန်လည်ပြုပြင်မွမ်းမံထားသော ဦးသန့်၏နေအိမ်တွင် ဦးသန့်၏ ဘဝနှင့် လုပ်ဆောင်ချက်များကို အများပြည်သူလေ့လာနိုင်ရန် ပြခန်းကို သောကြာ၊ စနေနှင့် တနင်္ဂနွေနေ့များတွင် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ဗြိတိန်နိုင်ငံသို့ရောက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၂**

ဗြိတိန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ Rt. Hon. Mr. John Bercow ၏ ဖိတ်ကြားချက်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ခေါင်းဆောင်သည့် ပြည်သူ့လွှတ်တော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဗြိတိန်နိုင်ငံ London ဟီးသရိုးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဇန်နဝါရီ ၂၁ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် ရောက်ရှိကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဗြိတိန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စွာမင်းနှင့် သံရုံးဝန်ထမ်းများ၊ WFD London မှ တာဝန်ရှိသူများက London ဟီးသရိုးလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**

# ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဇန်နဝါရီ ၂၂**

အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့နှင့် မာလူကူပြည်နယ်တို့၌ ဇန်နဝါရီ ၂၂ ရက်မှ ၂၉ ရက်အထိကျင်းပမည့် Senior Leadership Program လေ့လာရေးခရီးစဉ်သွားရောက်ရန် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီ ၂၈ မိနစ်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးလှစော၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ နယ်စပ်ရေးရာနှင့် လုံခြုံရေးဝန်ကြီး ဗိုလ်မှူးကြီးထိန်လင်းနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးမင်းအောင်၊ ရခိုင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးဦးသန်းနိုင်နှင့် ဦးမောင်သန်းစိန်(ခ)ဦးမောင်မောင်၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာမြသီတာနှင့် ဦးခင်မောင်လေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးဟန်၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးတင်မောင်နိုင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမြင့်ကျော်၊ နည်းဗျူဟာလေ့လာရေးသေနင် Institute အလုပ်အမှုဆောင်ဥက္ကဋ္ဌ ဒေါက်တာနိုင်ဆွေဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဥပဒေအကြံပေး ဦးကိုနီ၊ ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားရေးရာဌာန အဖွဲ့ခေါင်းဆောင် ဦးမြအေး၊ မောင်တောနယ်စပ်ကုန်သွယ်ရေးနှင့် စီးပွားကူးသန်းရေးဆိုင်ရာဥက္ကဋ္ဌ ဦးအောင်မြင့်သိန်း၊ စစ်တွေမြို့နယ်မှ ရပ်မိရပ်ဖများဖြစ်ကြသော ဦးရွှေလှနှင့် ဦးတင်လှိုင်၊ မောင်တောမြို့နယ်မှ ရပ်မိရပ်ဖ ဦးအောင်မျိုးနိုင်၊ ဘူးသီးတောင်မြို့နယ် ရပ်မိရပ်ဖ ဦးမိုဟာမက်ရာဖိတို့ စုစုပေါင်း ၂၁ ဦး လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**



# ဗြိတိန်ရေတပ်က ထရိုင်းဒင့်ဒုံးကျည် စမ်းသပ်ပစ်ခတ်ခဲ့ရာတွင် လမ်းကြောင်းလွဲချော်ခဲ့ဟု ဆန်းဒေးတိုင်းမ်သတင်းစာဖော်ပြ

**လန်ဒန် ဇန်နဝါရီ ၂၂**
လွန်ခဲ့သည့် ဇွန်လက အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ် ပင်လယ်ကမ်းရိုးတန်း ကမ်းလွန်ဒေသ၌ ဗြိတိန်ရေငုပ်သင်္ဘောတစ်စင်းက နျူကလီးယားထိပ်ဖူး သယ်ဆောင်နိုင်သော ထရိုင်းဒင့် ဒုံးကျည်တစ်စင်းကို လက်နက်တပ်ဆင်ထားခြင်းမရှိဘဲ စမ်းသပ်ပစ်ခတ်ခဲ့ရာတွင် ဒုံးကျည်မှာ ဦးတည်ရာပစ်မှတ်မှ လမ်းကြောင်းလွဲချော်သွားခဲ့ကြောင်း ဗြိတိန်နိုင်ငံ၌ ထုတ်ဝေသော ဆန်းဒေးတိုင်းမ်သတင်းစာက ဇန်နဝါရီ ၂၂ ရက်တွင် ရေးသားဖော်ပြသည်။

ရေငုပ်သင်္ဘောမှ စမ်းသပ်ပစ်ခတ်လိုက်သော ဒုံးကျည်သည် လမ်းကြောင်းလွဲချော်ကာ အမေရိကန်ကုန်းမကြီးဘက်သို့ လမ်းလွဲရောက်ရှိသွားခဲ့ကြောင်း အမည်မဖော်သူ ရေတပ်အထက်တန်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဗြိတိန်ရေတပ်က နျူကလီးယားထိပ်ဖူးသယ်ဆောင်နိုင်သော ဒုံးကျည်တစ်စင်းကို လေးနှစ်တာကာလအတွင်း ပထမဆုံးအကြိမ် စမ်းသပ်ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ လွန်ခဲ့သည့်နှစ်က ဥရောပသမဂ္ဂမှ ဗြိတိန်နိုင်ငံ နုတ်ထွက်ရန် မဲပေးဆုံးဖြတ်ခဲ့ပြီးနောက် ဝန်ကြီးချုပ်အဖြစ် ထရေစာမေ တာဝန်မယူမီကာလအနည်းငယ်အလိုတွင် ယင်းစမ်းသပ်မှုကို ပြုလုပ်ခဲ့သည်ဆို၏။

ဝန်ကြီးချုပ်မေသည် လွန်ခဲ့သည့်နှစ် ဇူလိုင်လက ပါလီမန်တွင် ပထမဆုံးအကြိမ် မူဝါဒရေးရာမိန့်ခွန်း ပြောကြားရာ၌ ထရိုင်းဒင့်အမျိုးအစား ရေငုပ်သင်္ဘောသစ်များ ထောက်ပံ့ပေးနိုင်ရေးအတွက် ပေါင်စတာလင် ဘီလီယံ ၄၀ သုံးစွဲခွင့်ရရှိရေးအတွက် အမတ်များအား စည်းရုံးနားချခဲ့ရာတွင် ဒုံးကျည်စမ်းသပ်ပစ်ခတ်ခဲ့မှု မအောင်မြင်ဖြစ်ရသောဖြစ်စဉ်ကို ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိပေ။

ဗြိတိန်နိုင်ငံကာကွယ်ရေးအတွက် နျူကလီးယားလက်နက်ကို အဟန့်အတားပြုလက်နက်အဖြစ် အသုံးပြုရန် ပါလီမန်က ၂၀၀၇ ခုနှစ်ကပင် မူအားဖြင့်သဘောတူညီခဲ့ပြီးဖြစ်သည်။ ဗြိတိန်ရေတပ်အနေဖြင့် ပင်လယ်ပြင်အတွင်း စဉ်ဆက်မပြတ် ကင်းလှည့်စောင့်ကြပ်ရာတွင် ထိရောက်မှုရှိစေရေးအတွက် ရေငုပ်သင်္ဘောသစ်လေးစင်း တည်ဆောက်ခြင်းကို ပါလီမန်က လွန်ခဲ့သည့်နှစ်တွင် ခွင့်ပြုပေးခဲ့သည်။

ထရိုင်းဒင့်ဒုံးကျည်များအား စမ်းသပ်ပစ်ခတ်ခြင်းကို ယခုရာစုနှစ်အတွင်း ဗြိတိန်ရေငုပ်သင်္ဘောများက ငါးကြိမ်မျှသာ ပြုလုပ်ခဲ့သည်။ အကြောင်းမှာ ဒုံးကျည်တစ်စင်း စမ်းသပ်ပစ်ခတ်ပါက ပေါင် စတာလင် ၁၇ သန်း(ဒေါ်လာ ၂၁ ဒသမ ၀၃ သန်း)အထိ ကုန်ကျမှုရှိသောကြောင့် ဖြစ်ကြောင်း သတင်းစာက ရေးသားဖော်ပြသည်။

**ရိုက်တာ။**



ကနေဒါဝန်ကြီးချုပ် ဂျက်စ်တင် ထရူဒိုရူး



မက္ကဆီကိုသမ္မတ အန်ရီကေး ပီနာနီတို

# မြောက်အမေရိက လွတ်လပ်သောကုန်သွယ်မှုသဘောတူညီမှုစာချုပ်နှင့် ပတ်သက်ပြီး ညှိနှိုင်းရန် သမ္မတ ဒေါ်နယ်ထရန့် ဆန္ဒရှိ

**ဝါရှင်တန် ဇန်နဝါရီ ၂၂**
အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ကနေဒါနှင့် မက္ကဆီကိုခေါင်းဆောင်နှစ်ဦးတို့နှင့် မြောက်အမေရိက လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီမှုစာချုပ်နှင့် ပတ်သက်ပြီး တယ်လီဖုန်းမှတစ်ဆင့် ပြောကြားခဲ့ကြောင်း သတင်းများအရ သိရသည်။

ဇန်နဝါရီ ၂၁ ရက်တွင် သမ္မတထရန့်သည် ကနေဒါဝန်ကြီးချုပ် ဂျက်စ်တင် ထရူဒိုရူးနှင့်အတူ အမေရိကန်-ကနေဒါ နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ခြင်းဆိုင်ရာ ကိစ္စရပ်များကို တယ်လီဖုန်းမှတစ်ဆင့် ဆွေးနွေးပြောကြားခဲ့ကြောင်း အိမ်ဖြူတော် ပြောရေးဆိုခွင့်ရှိသူ ဆီယမ်စပီဆာက ဆိုသည်။

ထို့ပြင် သမ္မတထရန့်နှင့် မက္ကဆီကိုသမ္မတ အန်ရီကေး ပီနာနီတိုသည် နှစ်နိုင်ငံကုန်သွယ်ရေးနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်ပြီး ဇန်နဝါရီ ၃၁ ရက်တွင် ဆွေးနွေးပွဲတစ်ရပ်ကျင်းပရန် တယ်လီဖုန်းမှတစ်ဆင့် ပြောကြားခဲ့ကြောင်း အိမ်ဖြူတော်ပြောခွင့်ရှိသူ ဆီယမ်စပီဆာကဆိုသည်။

သမ္မတထရန့်က မြောက်အမေရိက လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီမှုစာချုပ်နှင့် ပတ်သက်ပြီး အဖွဲ့ဝင်နိုင်ငံများနှင့် ပြန်လည်ညှိနှိုင်းဆွေးနွေးရန် ဆန္ဒရှိကြောင်းနှင့် မက္ကဆီကိုနိုင်ငံနှင့်ထိစပ်နေသော နယ်နိမိတ်တစ်လျှောက်တွင် မဟာတံတိုင်းကြီးတစ်ခု တည်ဆောက်မည်ဖြစ်ကြောင်း မက္ကဆီကိုသမ္မတအား ပြောကြားခဲ့သည်။

လာမည့်ရက်သတ္တပတ်အတွင်း သမ္မတဒေါ်နယ်ထရန့်နှင့် ဗြိတိန်ဝန်ကြီးချုပ် ထရေစာမေတို့သည် ဝါရှင်တန်မြို့တွင် ပထမဆုံးအကြိမ် မျက်နှာစုံညီအစည်းအဝေးတစ်ရပ် ကျင်းပမည်ဖြစ်သည်။

ဗြိတိန်နိုင်ငံသည် ဥရောပသမဂ္ဂမှ ခွဲထွက်ပြီးနောက် ဝန်ကြီးချုပ်ထရေစာမေက ဗြိတိန်နိုင်ငံနှင့် အမေရိကန်နိုင်ငံအကြား ကုန်သွယ်မှုဆိုင်ရာ ကိစ္စရပ်များကို တိုးမြှင့်လုပ်ဆောင်ရန် ဆွေးနွေးဖွယ်ရှိကြောင်း စောင့်ကြည့်လေ့လာသူများက ဆိုသည်။

**အင်န်အိတ်ချ်ကေ။**

# အိန္ဒိယနိုင်ငံအရှေ့ပိုင်း၌ အမြန်ရထားတစ်စင်း လမ်းချော်တိမ်းမှောက်မှုဖြစ်ပွား၊ ၃၆ ဦး သေဆုံး

**နယူးဒေလီ ဇန်နဝါရီ ၂၂**
အိန္ဒိယနိုင်ငံအရှေ့ပိုင်း အင်ဒရာပရာဒေ့ရှ်ပြည်နယ်၌ ခရီးသည်တင် အမြန်ရထားတစ်စင်း လမ်းချော်တိမ်းမှောက်မှုဖြစ်ပွားရာ ၃၆ ဦးထက်မနည်း သေဆုံးပြီး လူ ၅၀ ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ဇန်နဝါရီ ၂၂ ရက်တွင် ပြောကြားသည်။

ဂျက်ဒယ်ပူးရ်မြို့မှ ဘူဘန်နက်စပါမြို့သို့ ဦးတည်ခုတ်မောင်းလာသော ဟီရာခန်း အမြန်ရထားတစ်စင်းသည် အင်ဒရာပရာဒေ့ရှ်ပြည်နယ် ကူနာရီ ဘူတာရုံအနီး၌ ဇန်နဝါရီ ၂၁ ရက် ည ၁၁ နာရီ မိနစ် ၂၀ ခန့်တွင် လမ်းချော်တိမ်းမှောက်မှု ဖြစ်ပွားခဲ့သည်။



အင်ဒရာပရာဒေ့ရှ်ပြည်နယ် ရေယာဂါဒါမြို့မှ ကီလိုမီတာ ၃၀ ခန့် (၁၈ မိုင်) အကွာတွင် အမြန်ရထား လမ်းချော်တိမ်းမှောက်မှုဖြစ်ပွားကြောင်း၊ ကယ်ဆယ်ရေး လုပ်ငန်းများကို မိမိတို့ဆောင်ရွက်ပေးခဲ့ကြောင်း အိန္ဒိယ အရှေ့ဘက်ကမ်းရိုးတန်းဒေသ ရထားလုပ်ငန်းကုမ္ပဏီ၏ ပြည်သူ့ဆက်ဆံရေးအရာရှိချုပ် ဂျေပီ မစ်ရှရာက ပြောကြားသည်။

ခရီးသည်တင် အမြန်ရထား၏ ရထားတွဲ ကိုးတွဲလမ်းချော်ခဲ့ရာတွင် တွဲပေါင်းသုံးတွဲ တိမ်းမှောက်ခဲ့သည်။ ရထားမတော်တဆမှုဖြစ်ပွားရသည့် အကြောင်းရင်းကို အတိအကျ မသိရသေးကြောင်းနှင့် စုံစမ်းစစ်ဆေးမှုများကို ပြုလုပ်လျက်ရှိကြောင်း မစ်ရှရာက ပြောကြားသည်။

ရထားမတော်တဆမှု ဖြစ်ပွားရာနေရာသည် ကွန်မြူနစ်ဝါဒီ သူပုန်များလှုပ်ရှားရာ နယ်မြေဒေသအတွင်း တည်ရှိနေခြင်းကြောင့် အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ဖြစ်ပွားရခြင်း ဟုတ်၊ မဟုတ် စုံစမ်းစစ်ဆေးသွားမည်ဆို၏။

ရထားလမ်းချော် တိမ်းမှောက်မှုကြောင့် သေဆုံးရသူ အများစုမှာ အိပ်ခန်းတွဲသုံးတွဲမှဖြစ်ကြကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့မှ ရဲမှူး ရန်ဂါရောင်းက ပြောကြားသည်။

**ရိုက်တာ။**

# ဂမ်ဘီယာသမ္မတ အာဏာစွန့်လွှတ်ရန် ဆုံးဖြတ်

**ဘန်ဂျူး ဇန်နဝါရီ ၂၂**
ဂမ်ဘီယာသမ္မတ ယာယာဂျမ်မားသည် အာဖရိကနိုင်ငံများမှ စေ့စပ်ဆွေးနွေးရေးမှူးများနှင့် နာရီပေါင်းများစွာကြာမြင့်သည်အထိ တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် အာဏာစွန့်လွှတ်ရန် ဆုံးဖြတ်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇန်နဝါရီ ၂၂ ရက်တွင် သတင်းထုတ်ပြန်သည်။

ဂျမ်မားသည် ဂမ်ဘီယာနိုင်ငံကို ၂၂ နှစ်ကြာမျှ အုပ်ချုပ်ခဲ့သူဖြစ်သည်။ ဒီဇင်ဘာလက ပြုလုပ်သော ရွေးကောက်ပွဲတွင် ရှုံးနိမ့်ခဲ့သော်လည်း သမ္မတရာထူးမှ နုတ်ထွက်ပေးမည်မဟုတ်ဟု ၎င်းက ခြိမ်းခြောက်ခဲ့သည်။ ရွေးကောက်ပွဲတွင် ပြိုင်ဘက်သမ္မတလောင်းက မသမာမှုများပြုလုပ်ခဲ့သည်ဟုဆိုကာ ရာထူးမှ နုတ်ထွက်ပေးရန် ငြင်းဆန်ခဲ့သည်။



ရွေးကောက်ပွဲတွင် အိမ်ရာခြံမြေ ဖွံ့ဖြိုးရေးလုပ်ငန်းရှင် အဒါမာဘာရိုးက အောင်ပွဲခံခဲ့သည်။

လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးအကျပ်အတည်းကို ငြိမ်းချမ်းစွာဖြေရှင်းနိုင်မည်ဟု မျှော်လင့်ကြောင်း၊ ဂမ်ဘီယာနိုင်ငံအား မိမိအုပ်စိုးမှုကို စွန့်လွှတ်တော့မည်ဖြစ်ကြောင်း ဂျမ်မားက နိုင်ငံပိုင်ရုပ်မြင်သံကြားဌာနမှတစ်ဆင့် ထုတ်ပြန်ကြေညာသည်။

ဂျမ်မားရာထူးမှဆင်းပေးရန် အာဖရိက စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့က စစ်ရေးအရ ဖိအားပေးခဲ့သည်။

**ပီတီအိုင်။**



# မြန်မာနိုင်ငံ၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံခေါင်းဆောင်များထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့

**ကာတာနိုင်ငံ**

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အချိန်အခါတွင် ကာတာနိုင်ငံပြည်သူများ ကိုယ်စား လည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း အဆွေတော်သမ္မတကြီး ပျော်ရွှင်မှုနှင့် အောင်မြင်မှုများရရှိပါစေကြောင်း၊ မြန်မာပြည်သူများလည်း ကြွယ်ဝတိုးတက်ပါစေကြောင်း ကာတာနိုင်ငံ နိုင်ငံ့အကြီးအကဲ တာမင် ဘင်ဟာမတ်အယ်လ်တာနီက နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ကာတာနိုင်ငံ ဒုတိယအကြီးအကဲ အဗ္ဗဒူလာ ဘင် ဟာမက် အယ်လ်တာနီနှင့် ကာတာနိုင်ငံဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီး အဗ္ဗဒူလာ ဘင် နာဆာ ဘင် ခါလီဖာ တာနီတို့ကလည်း နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့ကြသည်။

**အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ**

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော် သမ္မတကြီးအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် မြန်မာပြည်သူများ အနေဖြင့် သာယာဝပြောပါစေကြောင်း ဆုတောင်းမေတ္တာပို့သပါသည်ဟု အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အဘ်ဒဲလ်ဇစ်ဘောက်ဖလစ်ခ်က နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ သဝဏ်လွှာပေးပို့သည်။

အလားတူ အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ရမ်တေး လာမမ်ရာကလည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

**အိုမန်စော်ဘွားနိုင်ငံ**

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း အိုမန်စော်ဘွားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ယူဆွတ်ဖ် ဘင် အာလာဝီ ဘင် အဗ္ဗဒူလာက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်း စုကြည်ထံသို့ သဝဏ်လွှာပေးပို့သည်။

မိမိတို့နှစ်နိုင်ငံကြား ဆက်ဆံရေးသည် အပြန်အလှန်အကျိုးရှိစေမည့် ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များတွင် ဆက်လက်တိုးတက်နေမည်ဟု ယုံကြည်ပါသည်။ မိမိတို့နှစ်နိုင်ငံသည် ဒေသတွင်းနှင့် နိုင်ငံတကာ ပြဿနာများတွင် ထိထိရောက်ရောက်ပူးပေါင်းဆောင်ရွက်မှုများမည်ဟု ယုံကြည်ပါသည်။

အဆွေတော် ကျန်းမာရွှင်လန်းပါစေကြောင်းနှင့် မြန်မာပြည်သူများ ငြိမ်းချမ်းသာယာဝပြောပါစေကြောင်း ဆုတောင်းမေတ္တာပို့သပါသည်။

**ကိုလံဘီယာသမ္မတနိုင်ငံ**

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် ကိုလံဘီယာပြည်သူများ အနေဖြင့် လည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း အဆွေတော်နှင့် မြန်မာပြည်သူများအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ကိုလံဘီယာသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စ မရီယာ အန်ဂျလာ ဟိုဂင် ဆယ်လာက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**ဆီးရီးယားအာရပ်သမ္မတနိုင်ငံ**

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ အဆွေတော်ကျန်းမာရွှင်လန်းပါစေကြောင်းနှင့် မြန်မာပြည်သူများ ကြွယ်ဝတိုးတက်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သပါသည်ဟု ဆီးရီးယား အာရပ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝါလစ်ဒ် အယ်လ် မိုအာလမ်က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**မက်ဆီဒိုးနီးယားသမ္မတနိုင်ငံ**

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများ ကြွယ်ဝတိုးတက်ပါစေဟု ဆန္ဒပြုပါကြောင်း မက်ဆီဒိုးနီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ နီကိုလာ ပိုပေါ့စကီးက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

# တတိယမြောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်၏ ၁၀၈ နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနား ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၂**

တတိယမြောက်ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်၏ ၁၀၈ နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားကို ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ ပန်းဝါလမ်း အမှတ်(၃၁)ရှိ ဦးသန့်၏ နေအိမ်ဝင်းအတွင်း၌ ကျင်းပသည်။



အခမ်းအနားတွင် မစ္စ ဆိုဖီယာဘုရှ်ချ်က ဦးသန့် နေအိမ်အကြောင်းနှင့် အနာဂတ်စီမံကိန်းများအကြောင်း၊ ဦးသန့်၏မြေးဖြစ်သူ ဒေါက်တာသန့်မြင့်ဦးက အဘိုးဖြစ်သူ ဦးသန့်၏ဘဝနှင့် ၎င်းချန်ရစ်ထားခဲ့သည့် အမွေအနှစ်များ အကြောင်း၊ မဟတ္တမဂန္ဒီ၏ မြေးဖြစ်သူ ယခင်အနောက် ဘင်္ဂလားပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာ ဂိုပယ်ဂန္ဒီက လူတို့၏ စိတ်ဝိညာဉ်အမည်ဖြင့် လူတို့၏ပြင်းပြသော ဆန္ဒနှင့် နိုင်ငံရေးဆိုင်ရာခေါင်းဆောင်မှုများအကြောင်း အသီးသီးပြောကြားသည်။

"ဦးသန့်က မဟတ္တမဂန္ဒီကို အထူးလေးစားသူ တစ်ယောက် ဖြစ်တယ်။ မစ္စတာ ဂိုပယ်ဂန္ဒီရဲ့ဟောပြောချက်က စိတ်ဝင်စားဖွယ် တက်ကြွလှုပ်ရှားစေတယ်။ ဒီအထိမ်းအမှတ်ပွဲမှာ သူတက်ရောက်ခဲ့တာ ဦးသန့်ရဲ့အောက်မေ့ဖွယ် အထိမ်းအမှတ်အတွက် သင့်တော်တဲ့ချီးကျူးဂုဏ်ပြုမှု တစ်ခုပါ"ဟု ဒေါက်တာသန့်မြင့်ဦးက ပြောသည်။

တတိယမြောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်၏ ၁၀၈ နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားတွင် ဆုရသတင်းထောက် အလစ်စတာကွတ်ခ်နှင့် ဦးသန့်တို့၏ ၁၉၆၄ ခုနှစ်က ရုပ်မြင်သံကြားတွေ့ဆုံမေးမြန်းခန်းကို ဗီဒီယိုဖြင့်ပြသပြီး ဦးသန့်နေအိမ်ခြံဝင်းအတွင်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒေါက်တာ သန့်မြင့်ဦး၊ မစ္စတာ ဂိုပယ်ဂန္ဒီတို့က အမှတ်တရသစ်ပင်ကို စိုက်ကြသည်။

အခမ်းအနားသို့ တက်ရောက်လာသည့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက "လူ့ဘဝကိုရလာတဲ့ အချိန်လေးမှာ ကိုယ်ထမ်းဆောင်နိုင်တဲ့တာဝန် ဘယ်လောက် ထမ်းဆောင်သလဲဆိုတဲ့အထဲမှာ မြန်မာနိုင်ငံက စံနမူနာ ပြုရလောက်အောင် ဂုဏ်ယူထိုက်တဲ့ တကယ့်ကို ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး၊ အမှန်တရားနဲ့ ပတ်သက်ပြီး စွမ်းစွမ်းတမံစွမ်းဆောင်ခဲ့တဲ့ မြန်မာနိုင်ငံရဲ့ ကြီးမားတဲ့ဂုဏ်ပုဒ်တွေ ရှိတဲ့ လူသားတစ်ယောက်ရဲ့ မွေးနေ့ပွဲတစ်ခုကိုလာပြီး ဂုဏ်ပြုတဲ့သဘောပါ"ဟု ပြောသည်။

ထို့အတူ ရန်ကုန်တက္ကသိုလ် နိုင်ငံတကာဆက်ဆံရေး ပညာမှ ပထမနှစ်ကျောင်းသူ မပန်ဆုသော်က "ဦးသန့်ကို ပြန်အမှတ်ရမိတယ်။ ဒီလိုနေ့ ဒီလိုအခမ်းအနားမျိုးကိုလာရတဲ့ အတွက် ကြိုးစားချင်စိတ်တွေ ဖြစ်လာခဲ့တယ်။ ဦးသန့်လို မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ရာထူးတာဝန်ထမ်းဆောင်ခဲ့တဲ့ အတွက် မြန်မာနိုင်ငံသား တစ်ယောက်အနေနဲ့လည်း ဂုဏ်ယူမိတယ်"ဟုပြောသည်။

အခမ်းအနားသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက သူရဦးတင်ဦး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ဇနီး၊ အစိုးရအဖွဲ့ဝန်ကြီးများ၊ ရန်ကုန် မြို့တော်ဝန်၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသော‌ဧည့်သည်တော်များ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



# ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဘောရစ်ဂျွန်ဆင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာ

**ရန်ကုန် ဇန်နဝါရီ ၂၂**

ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဘောရစ်ဂျွန်ဆင်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၇ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားရာ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာ လေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုး၊ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

# အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mrs. Retno LP Marsudi ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

**ရန်ကုန် ဇန်နဝါရီ ၂၂**

အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mrs. Retno LP Marsudi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Ito Sumardi နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**



# ဥပဒေအရ ဒါရိုက်တာများ၏တာဝန်များနှင့် ကောင်းမွန်သည့် ကော်ပိုရိတ်အုပ်ချုပ်မှုစနစ်

မောင်ငိုကာ

**ဒါရိုက်တာများဟာ ကော်ပိုရိတ်အုပ်ချုပ်မှုစနစ်၊ မြန်မာနိုင်ငံ ကုမ္ပဏီဥပဒေသစ်တို့နှင့် အကျွမ်းတဝင်ရှိနေသင့်ပါတယ်။ မိမိကိုယ်ကျိုးစီးပွားနှင့် ကုမ္ပဏီ၏အကျိုးစီးပွားချင်းယှဉ်တွဲပြီး ပဋိပက္ခဖြစ်လာနိုင်သည့်အခါမျိုးမှာ စီမံခန့်ခွဲမှုစနစ်ကောင်းမွန်တဲ့အခါ ပြည့်စုံသည့်သတင်းအချက်အလက်များကို အသုံးပြုပြီး အခက်အခဲများကို ရှောင်ရှားနိုင်မှာဖြစ်. . .**

ဥပဒေအရ ဒါရိုက်တာများ လိုက်နာရမယ့်တာဝန်များ သတ်မှတ်ချက်က မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအသစ်ရဲ့ အရေးကြီးတဲ့အပိုင်းတစ်ခု ဖြစ်ပါတယ်။ အဆိုပါတာဝန်တွေက ကုမ္ပဏီရဲ့ ဒါရိုက်တာများ၊ အထူးသဖြင့် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများမှ ဒါရိုက်တာများ မဖြစ်မနေလိုက်နာရမယ့် တာဝန်များကို တိကျစွာဖော်ပြထားခြင်းဖြစ်ပါတယ်။ ဥပဒေအရ ဒါရိုက်တာများ လိုက်နာရမယ့် တာဝန်နဲ့ပတ်သက်ပြီး ဆယ်စုနှစ်ပေါင်းများစွာ ပြင်ဆင်ပြောင်းလဲမှု မလုပ်ဘဲထားခဲ့ရာမှ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေမူကြမ်းမှာ ပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ မြန်မာနိုင်ငံ၌ မှတ်ပုံတင်ကုမ္ပဏီ အရေအတွက် တိုးတက်များပြားလာပြီး Myanmar Securities Exchange Center လည်း တည်ထောင်ပြီးဖြစ်ရာ ဒါရိုက်တာများအနေနဲ့ လိုက်နာရမယ့် တာဝန်ဝတ္တရားများနဲ့ ကောင်းမွန်တဲ့ ကော်ပိုရိတ်အုပ်ချုပ်မှုစနစ် (Good Corporate Governance)ကို မဖြစ်မနေ သိရှိနားလည်ရန် လိုအပ်လာပါတယ်။

ဥပဒေအရ ဒါရိုက်တာများ လိုက်နာရမယ့်တာဝန်များနဲ့ ကောင်းမွန်တဲ့ ကော်ပိုရိတ်အုပ်ချုပ်မှုစနစ်တို့ဟာ များစွာဆက်စပ်နေပါတယ်။ ကောင်းမွန်တဲ့ ကော်ပိုရိတ်အုပ်ချုပ်မှုစနစ်ဟာ ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင်များ၊ အုပ်ချုပ်သူအရာရှိများနဲ့ အစုရှယ်ယာရှင်များအကြား ဆောင်ရွက်မှုများနဲ့ သက်ဆိုင်နေပါတယ်။ ယင်းအဖွဲ့သုံးဖွဲ့ရဲ့ ပူးပေါင်းဆောင်ရွက်မှုတွေဟာ ကုမ္ပဏီရဲ့ ရေရှည်အောင်မြင်မှုရရန်အတွက် အလွန်အရေးကြီးပြီး ကုမ္ပဏီဝန်ထမ်းများ၊ ကုမ္ပဏီရဲ့ မြီရှင်များစတဲ့ Stakeholder များရဲ့ အကျိုးစီးပွားကိုလည်း ကာကွယ်နိုင်မှာပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် ကောင်းမွန်တဲ့ ကော်ပိုရိတ်အုပ်ချုပ်မှုဖြစ်လာစေရေးမှာ ဒါရိုက်တာများက အဓိကအခန်းကဏ္ဍက ပါဝင်နေပါတယ်။ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပါ လိုက်နာရမယ့် တာဝန်ဝတ္တရားများကို ချိုးဖောက်ခြင်းဟာ ရာဇဝတ်မှုကျူးလွန်ခြင်း (သို့မဟုတ်) ကျင့်ဝတ်ပျက်ယွင်းခြင်းကို ဖြစ်ပေါ်စေပါတယ်။ ကော်ပိုရိတ်အုပ်ချုပ်မှုစနစ် ပျက်ယွင်းပါက ကုမ္ပဏီရဲ့ဂုဏ်သတင်းကို ထိခိုက်စေမှာဖြစ်ပြီး Stakeholder များရဲ့ အကျိုးစီးပွားကိုလည်း ထိခိုက်ပျက်ပြားစေမှာဖြစ်ပါတယ်။ ဒါ့ကြောင့် မြန်မာကုမ္ပဏီများမှ ဒါရိုက်တာများအနေနဲ့ ဥပဒေအရ လိုက်နာရမယ့်တာဝန်ဝတ္တရားများကို သေချာစွာသိရှိရန်လိုအပ်ပြီး ကောင်းမွန်တဲ့ ကော်ပိုရိတ်အုပ်ချုပ်မှုစနစ်ကို အကောင်အထည်ဖော်ရန် အင်မတန် အရေးကြီးပါတယ်။

## ဒါရိုက်တာများရဲ့ ဥပဒေအရ တာဝန်များ

အစုရှယ်ယာရှင်များကိုယ်စား ကုမ္ပဏီရဲ့အုပ်ချုပ်မှုတာဝန်များကို ထမ်းဆောင်ရန်အလို့ငှာ ရှယ်ယာရှင်များမှ ဒါရိုက်တာများကို ရွေးချယ်ခန့်အပ်ကြပါတယ်။ ဒါကြောင့် ရှယ်ယာရှင်များနဲ့ ဒါရိုက်တာများကြားမှ ပူးပေါင်းဆောင်ရွက်မှုများကို တစ်ဦးအပေါ်တစ်ဦး ယုံကြည်မှုရှိရှိနဲ့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါရိုက်တာများ လိုက်နာရမယ့် တာဝန်ဝတ္တရားများကို အောက်ပါအတိုင်း လေးမျိုးခွဲခြားနိုင်ပါတယ် -

**ထိုက်သင့်သောဂရုပြုမှုနှင့်ဆောင်ရွက်ရန်တာဝန်-** ဒါရိုက်တာများဟာ စီမံခန့်ခွဲမှုများ ဆောင်ရွက်ရာမှာ ကုမ္ပဏီရဲ့ အကျိုးစီးပွားအတွက်သာ ဆောင်ရွက်ရမှာဖြစ်ပြီး ပုဂ္ဂိုလ်ရေးဆိုင်ရာ အကျိုးအမြတ်နဲ့ ကင်းလွတ်အောင်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါရိုက်တာများရဲ့ ဆုံးဖြတ်ချက်တွေ ချမှတ်ရာမှာ အားလုံးကို အသိပေးဆုံးဖြတ်မှုပြုရမှာ ဖြစ်ပါတယ်။

**လိုက်နာရန်တာဝန် -** ကုမ္ပဏီဟာ ဥပဒေကိုလိုက်နာရန် သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းတို့ကို လိုက်နာဖို့နဲ့ ဒါရိုက်တာအဖွဲ့ဝင်များ၊ ရှယ်ယာရှင်များရဲ့ ဆုံးဖြတ်ချက်တွေကို လိုက်နာရန် ဒါရိုက်တာများမှ တာဝန်ယူဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

**သဘောရိုးဖြင့် ဆောင်ရွက်ရန်တာဝန် -** ဒါရိုက်တာများရဲ့ ဆောင်ရွက်ချက်များဟာ ကုမ္ပဏီ၏ အကျိုးစီးပွားအတွက် ယုံကြည်ထိုက်သောဆောင်ရွက်မှုရှိရမှာဖြစ်ပြီး ကိုယ်ကျိုးအတွက် ရှေးရှုခြင်းကို ရှောင်ရှားရမှာ ဖြစ်ပါတယ်။

**ထုတ်ဖော်ပြောဆိုရန် တာဝန်-** ဒါရိုက်တာများသည် တိကျ၊ ပြည့်စုံမှန်ကန်ပြီး နောက်ဆုံးအခြေအနေနဲ့ကိုက်ညီတဲ့ သတင်းအချက်အလက်တွေကို အစုရှယ်ယာရှင်များထံ အချိန်မှန်စွာ ပံ့ပိုးပေးရမှာ ဖြစ်ပါတယ်။

အထက်ပါ မူဝါဒတွေဟာ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ ၁၉၁၄ အရ ကုမ္ပဏီဒါရိုက်တာများမှ လိုက်နာရမယ့်တာဝန်များကို အခြေခံအားဖြင့် ထည့်သွင်းထားခြင်း ဖြစ်ပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေမှာ ဒါရိုက်တာများအတွက် သီးခြားကန့်သတ်ချက်များနဲ့ ကုမ္ပဏီကိုမှန်ကန်စွာ စီမံခန့်ခွဲနိုင်ဖို့လည်း ထည့်သွင်းပြဋ္ဌာန်းထားပါတယ်။ ဥပမာအားဖြင့် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ ပုဒ်မ ၈၆-င တွင် ကုမ္ပဏီတစ်ခုမှ ဒါရိုက်တာတစ်ဦးဟာ အဆိုပါ ကုမ္ပဏီတွင် စီမံခန့်ခွဲသူဒါရိုက်တာရာထူး သို့မဟုတ် မန်နေဂျာ သို့မဟုတ် ဥပဒေအကြံပေး သို့မဟုတ် အကြံပေးရာထူး တစ်မျိုးမျိုးရယူထားခြင်းမှအပ ကုမ္ပဏီထံက အကျိုးအမြတ်ရယူခြင်းမပြုရန် ကာကွယ်ပေးထားပါတယ်။ ပုဒ်မ ၈၆ - စ တွင်လည်း ကုန်ပစ္စည်းများ ဝယ်ယူခြင်း၊ ရောင်းချခြင်းတို့အတွက် စာချုပ်များချုပ်ဆိုရာတွင် ဒါရိုက်တာတစ်ဦးသည် အခြားဒါရိုက်တာများ၏ သဘောတူညီချက်ရရှိမှသာ ဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းထားပါတယ်။

အများနှင့်သက်ဆိုင်သောကုမ္ပဏီများမှ ဒါရိုက်တာများ (အထူးသဖြင့် စာရင်းဝင်ကုမ္ပဏီများ)ဟာ ကုမ္ပဏီဥပဒေကို လိုက်နာရုံသာမက ငွေကြေးသက်သေခံလက်မှတ်ဥပဒေနှင့် နည်းဥပဒေများကိုလည်း လိုက်နာရမှာ ဖြစ်ပါတယ်။ ဒါကြောင့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီများမှ ဒါရိုက်တာများဟာ အများနှင့်မသက်ဆိုင်သောကုမ္ပဏီများမှ ဒါရိုက်တာများထက် ပိုမိုတင်းကျပ်တဲ့ စည်းကမ်းများကိုလိုက်နာရမှာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၈၆-ဃ တွင် အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီမှ ဒါရိုက်တာတစ်ဦးသည် အခြားကုမ္ပဏီတစ်ခုသို့ ငွေချေးခြင်းသော်လည်းကောင်း၊ ချေးငှားခြင်းကို တာဝန်ခံခြင်း၊ အခြားအစုရှယ်ယာရှင်များ၏ သဘောထားမပါဘဲ ဆောင်ရွက်ခြင်းမပြုရန် တားမြစ်ထားပါတယ်။

## မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေတွင် ပြဋ္ဌာန်းထားသည့် ဒါရိုက်တာများရဲ့ ဥပဒေအရ တာဝန်များ

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ပြဋ္ဌာန်းချက်တွေဟာ အခြားနိုင်ငံများနဲ့နှိုင်းယှဉ်ပါက များစွာခေတ်နောက်ကျနေပါတယ်။ နိုင်ငံအများစုက ကုမ္ပဏီဥပဒေတွေမှာ ဒါရိုက်တာများ စီမံခန့်ခွဲရာမှာ ကုမ္ပဏီများရဲ့အကျိုးစီးပွားရရှိစေရေးအတွက် လိုအပ်တဲ့ပြုပြင်ပြောင်းလဲမှုများကို ပြင်ဆင်ပြဋ္ဌာန်းခဲ့ကြပါတယ်။ ၂၀၀၇ ခုနှစ် ကမ္ဘာ့စီးပွားရေးအကျပ်အတည်းကာလ နောက်ပိုင်းတွင် ပြုပြင်ပြောင်းလဲမှုများကို စနစ်တကျဆောင်ရွက်ခဲ့ကြပါတယ်။ ယင်းကာလမှာ ဘဏ်ကြီးများနှင့် ကုမ္ပဏီကြီးများဟာ ဥပဒေအရ ဒါရိုက်တာများ လိုက်နာရမယ့်တာဝန်များနှင့် ကော်ပိုရိတ်အုပ်ချုပ်မှုကို ချိုးဖောက်ခဲ့ကြသည့်အတွက် ဥပဒေအရ အရေးယူမှုများ ဆောင်ရွက်ခဲ့ကြပါတယ်။ ဒါကြောင့် နိုင်ငံတကာမှာ ဒါရိုက်တာများရဲ့တာဝန်ဝတ္တရားများနဲ့ ကော်ပိုရိတ်အုပ်ချုပ်မှုစနစ်တို့ကို ထိန်းချုပ်တဲ့ ဥပဒေမူဘောင်တွေကို သိသာစွာပြောင်းလဲခဲ့ကြပါတယ်။

မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေမူကြမ်းမှာ ဒါရိုက်တာများရဲ့ တာဝန်ဝတ္တရားများကို နိုင်ငံတကာမှာကျင့်သုံးနေသည့် စံနှုန်းများနဲ့လိုက်လျောညီထွေဖြစ်စေရေး ထည့်သွင်းရည်ရွယ်ရေးဆွဲထားပါတယ်။ ဥပဒေသစ်မှာ ခေတ်နှင့်လျော်ညီသည့်စည်းမျဉ်းများကို ပြဋ္ဌာန်းထားပြီး မှတ်ပုံတင်ကုမ္ပဏီများ စီမံခန့်ခွဲမှုတွင် ကော်ပိုရိတ်အုပ်ချုပ်မှုစနစ် ပေါ်ထွန်းလာရေးအတွက် ရေးဆွဲထားခြင်းဖြစ်ပါတယ်။ ကုမ္ပဏီများမှ ၎င်းတို့၏ စီမံခန့်ခွဲမှုအရေးကိစ္စများကို လိုအပ်သလို ဆောင်ရွက်နိုင်စေပြီး ပိုမိုခိုင်မာတဲ့ဥပဒေဖြင့် ထိန်းကျောင်းရန် အသေးစိတ်ပြဋ္ဌာန်းထားခြင်း ဖြစ်ပါတယ်။ ဥပဒေမူကြမ်းမှာ အစုရှယ်ယာရှင်များကို အကာအကွယ်ပေးထားတဲ့အချက်များ ပိုမိုထည့်သွင်းထားပြီး ခိုင်မာတဲ့ဥပဒေဖြစ်စေရန် ပြဋ္ဌာန်းထားပါတယ်။

ဥပဒေမူကြမ်းတွင် ဒါရိုက်တာများလိုက်နာရမယ့် အောက်ပါတာဝန်များကို ပြဋ္ဌာန်းထားပါတယ်-

(၁) ထိုက်သင့်သော ဂရုပြုမှုဖြင့် လုံ့လဝီရိယဖြင့် ဆောင်ရွက်ရန်တာဝန်။
(၂) သဘောရိုးဖြင့် ဆောင်ရွက်ရန် တာဝန်။
(၃) ရာထူးနှင့် သတင်းအချက်အလက်များကို အလွဲအသုံးမပြုရန်တာဝန်။
(၄) အကျိုးအကြောင်းစဉ်းစားမှုမပြုဘဲ ကုန်သွယ်ခြင်းမှ ရှောင်ကြဉ်ရန်တာဝန်။
(၅) ဥပဒေပါပြဋ္ဌာန်းချက်နှင့် ဖွဲ့စည်းပုံစည်းမျဉ်းများအား လိုက်နာရန်တာဝန်။
(၆) ကတိကဝတ်ပြုပြီး တာဝန်ရှိခြင်း မပေါ်ပေါက်စေရန်တာဝန်။
(၇) ပုဂ္ဂိုလ်ရေးအကျိုးအမြတ်တွေကို ထုတ်ဖော်ပြောဆိုရမည့် တာဝန်။

ဖော်ပြပါတာဝန်များဟာ ကိစ္စရပ်တစ်ခုချင်းစီကို အခြေမခံဘဲ ဘုတ်အဖွဲ့ရဲ့ မူဝါဒများအပေါ်တွင်သာ အခြေခံထားတာဖြစ်ပါတယ်။ ယခင်က တရားရုံးဆိုင်ရာ အမှုကိစ္စရပ်များကိုညွှန်းဆိုပြီး ပုဒ်မတစ်ခုချင်းစီကို ရေးဆွဲထားခြင်းဖြစ်ပါတယ်။ ဒါရိုက်တာများ လိုက်နာရမယ့်တာဝန်များမှာ ကိစ္စတစ်ခုချင်းအပေါ်တွင် အခြေခံပြီးဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါရိုက်တာများဟာ ကိစ္စရပ်တိုင်းကို စဉ်းစားရာမှာ ရေရှည်အကျိုးကိုစဉ်းစားရမှာဖြစ်ပြီး ကုမ္ပဏီမှ ဝန်ထမ်းများ၊ ဖောက်သည်များ၊ စီးပွားဖက်များ၊ ပတ်ဝန်းကျင်နှင့် ကုမ္ပဏီရဲ့ ဂုဏ်သတင်းတို့အပေါ် အကျိုးသက်ရောက်မှုများကိုလည်း ထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်။

## ကောင်းမွန်တဲ့ ကော်ပိုရိတ်အုပ်ချုပ်မှုဖြစ်အောင် ဘယ်လိုအစပျိုးမလဲ

ကောင်းမွန်တဲ့ ကော်ပိုရိတ်အုပ်ချုပ်မှုဟာ ဒါရိုက်တာများရဲ့ ဥပဒေအရ တာဝန်များအပေါ် အခြေခံထားပြီး ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကိုရရှိရန်၊ တိုးတက်မှုကို ရေရှည်ထိန်းသိမ်းနိုင်ရန် ရည်ရွယ်ပြီး ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ ဥပဒေအရတာဝန်များကို လိုက်နာခြင်းသည် လွန်စွာအရေးကြီးပြီး စွဲစွဲမြဲမြဲ လိုက်နာဆောင်ရွက်ရန်လည်း လိုအပ်ပါတယ်။ စီမံခန့်ခွဲမှုကောင်းမွန်တဲ့ လုပ်ငန်းများဟာ စီးပွားရေးလောကမှာ နာမည်ရပြီး ကောင်းမွန်စွာလုပ်ငန်းလည်ပတ်နိုင်မှာပဲ ဖြစ်ပါတယ်။ ကော်ပိုရိတ်အုပ်ချုပ်မှုစနစ်အားနည်းတဲ့ လုပ်ငန်းများကတော့ ဘဏ္ဍာရေးအကျပ်အတည်းနှင့် ရင်ဆိုင်ဖွယ်ရှိပြီး စွန့်စားရမှု မြင့်မားနေမှာပဲ ဖြစ်ပါတယ်။

ဒါကြောင့် ဒါရိုက်တာများဟာ ကော်ပိုရိတ်အုပ်ချုပ်မှုစနစ်၊ မြန်မာနိုင်ငံ ကုမ္ပဏီဥပဒေသစ်တို့နှင့် အကျွမ်းတဝင် ရှိနေသင့်ပါတယ်။ မိမိကိုယ်ကျိုးစီးပွားနှင့် ကုမ္ပဏီ၏အကျိုးစီးပွားချင်းယှဉ်တွဲပြီး ပဋိပက္ခဖြစ်လာနိုင်သည့်အခါမျိုးမှာ စီမံခန့်ခွဲမှုစနစ်ကောင်းမွန်တဲ့အခါ ပြည့်စုံသည့်သတင်းအချက်အလက်များကို အသုံးပြုပြီး အခက်အခဲများကို ရှောင်ရှားနိုင်မှာ ဖြစ်ပါတယ်။

ဦးစွာအနေနဲ့ ကုမ္ပဏီရဲ့ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းတို့ကို ပြန်လည်သုံးသပ်ရန်လိုအပ်ပြီး ကုမ္ပဏီဖွဲ့စည်းပုံနှင့် လုပ်ငန်းလိုအပ်ချက်အပေါ် မူတည်၍ ပြင်ဆင်မှုများ ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

## ထုတ်ဖော်ပြောဆိုခြင်းနှင့် ပွင့်လင်းမြင်သာမှု

ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် လစဉ်သော်လည်းကောင်း၊ နှစ်စဉ်သော်လည်းကောင်း ဘဏ္ဍာရေးဆိုင်ရာအချက်အလက်များအပြင် ဘဏ္ဍာရေးနှင့် မသက်ဆိုင်သော အခြားအချက်အလက်များကိုလည်း ဒါရိုက်တာများမှ ထုတ်ဖော်ပြောဆိုရမှာဖြစ်ပါတယ်။ ဒါ့အပြင် ပွင့်လင်းမြင်သာတဲ့ မူဝါဒများကို ထုတ်ဖော်ပြောကြားခြင်းဖြင့် ကုမ္ပဏီအနေနဲ့ လိုက်လျောခွင့်ပြုနိုင်တဲ့ အခြေအနေနှင့် ခွင့်မပြုနိုင်တဲ့အခြေအနေတို့ကို ရှင်းလင်းပြောကြားထားသင့်ကြောင်း အကြံပြုလိုပါတယ်။ ကုမ္ပဏီဝက်ဘ်ဆိုက်တည်ထောင်ထားပြီး သတင်းအချက်အလက်များလည်း ပြည့်စုံစွာ ဖော်ပြထားသင့်ကြောင်း အကြံပြုလိုပါတယ်။

## ဒါရိုက်တာ ဘုတ်အဖွဲ့၏ တာဝန်ဝတ္တရားများ

ဒါရိုက်တာဘုတ်အဖွဲ့တွင် အစုရှယ်ယာရှင်များကို တာဝန်ခံသည့် ဒါရိုက်တာများနှင့် သီးခြားခန့်အပ်ထားသည့် ဒါရိုက်တာများ ပါဝင်ဖွဲ့စည်းသင့်ပါတယ်။ အကောင်းဆုံးအခြေအနေမှာ ဘုတ်အဖွဲ့ဝင် ငါးဦးမှ ၁၂ ဦး ပါဝင်ဖွဲ့စည်းပြီး ဘုတ်အဖွဲ့ဝင်များမှာလည်း ကွဲပြားတဲ့တာဝန်ပေးမှုနဲ့ ဖွဲ့စည်းသင့်ပါတယ်။ ဥက္ကဋ္ဌ၊ ဗဟိုအလုပ်အမှုဆောင်၊ အမည်တင်သွင်းခြင်းနှင့် လျော်ကြေးပေးချေခြင်းကော်မတီ(ငွေကြေးဈေးကွက်တွင် စာရင်းဝင်ကုမ္ပဏီများအတွက်) အစရှိသဖြင့် တာဝန်သီးခြားစီ ခွဲခြားထားသင့်ပြီး တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်တဲ့ ဘုတ်အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းသင့်ပါတယ်။

## အစုရှယ်ယာရှင်များရဲ့ အခွင့်အရေး

ဒါရိုက်တာများဟာ အစုရှယ်ယာရှင်များရဲ့ အခွင့်အရေးများကို ကာကွယ်ရန်တာဝန်ရှိပြီး အစုရှယ်ယာရှင်များမှ အစည်းအဝေးသို့ တက်ရောက်ရန် မည်သည့်တားမြစ်ချက်မှမရှိစေသင့်ဘဲ တက်ကြွစွာပါဝင်စေရန် အားပေးသင့်ပါတယ်။ ယင်းသို့ပါဝင်တက်ရောက်စေခြင်းအားဖြင့် အဆိုပြုချက်များ တင်ပြခွင့်ရရှိစေမှာဖြစ်ပါတယ်။ အစည်းအဝေးမှာ အမေးအဖြေပြုလုပ်တဲ့ အချိန်ကိုလည်း လုံလောက်စွာပေးသင့်ပြီး အစည်းအဝေးမှတ်တမ်းကိုလည်း အသေးစိတ်မှတ်တမ်းတင်ထားသင့်ပါတယ်။ ထို့အပြင် ဆုံးဖြတ်ချက်များကိုလည်း ကုမ္ပဏီဝက်ဘ်ဆိုက်တွင် ထုတ်ဖော်ရေးသားသင့်ပါတယ်။

## အစုရှယ်ယာရှင်များကြား တန်းတူဆက်ဆံခြင်း

ဒါရိုက်တာများဟာ အစုရှယ်ယာရှင်များအကြား ခွဲခြားမှုမရှိဘဲ ဆက်ဆံသင့်ပါတယ်။ အစုရှယ်ယာအနည်းငယ်သာပိုင်ဆိုင်သည့် အစုရှယ်ယာရှင်များကိုလည်း အစည်းအဝေးများ တက်ရောက်စေသင့်ပြီး ယင်းသို့တက်ရောက်စေခြင်းကြောင့် ဒါရိုက်တာများအနေနဲ့ ကိုယ်ကျိုးအတွက် ဆောင်ရွက်ခြင်းနဲ့ အတွင်းသတင်းများဖြင့် ကိုယ်ကျိုးရှာခြင်းကို ကာကွယ်နိုင်မှာပဲ ဖြစ်ပါတယ်။ အကောင်းဆုံးလုပ်ဆောင်နိုင်တဲ့ နည်းလမ်းကတော့ ဥပမာအားဖြင့် အစုရှယ်ယာအနည်းငယ်သာ ပိုင်ဆိုင်တဲ့ ရှယ်ယာရှင်များကို အတွင်းသတင်းများကို တလွဲအသုံးပြု ကိုယ်ကျိုးရှာခြင်းမပြုရန် ဒါရိုက်တာများရဲ့ စဉ်းစားစီမံဆောင်ရွက်မှုတွေ မပေါက်ကြားစေဖို့ စာဖြင့်ရေးသား စည်းကမ်းကန့်သတ်ကာ ဒါရိုက်တာအဖြစ် အမည်စာရင်းတင်သွင်းခွင့်ပြုနိုင်ပါတယ်။

## Stakeholder များရဲ့ အခန်းကဏ္ဍ

ဒါရိုက်တာများသည် Stakeholder များဖြစ်တဲ့ ဖောက်သည်များ၊ ဝန်ထမ်းများ၊ စီးပွားဖက်များ၊ မြီရှင်များ၊ ရှယ်ယာရှင်များ၊ လူမှုအသိုက်အဝန်း၊ အစိုးရ၊ ပြိုင်ဘက်များနှင့် စာရင်းစစ်များ အစရှိသူတို့ကို လေးစားစွာနဲ့ ပူးပေါင်းဆောင်ရွက်ရမှာပဲ ဖြစ်ပါတယ်။ Stakeholder အသီးသီးသို့ ဆက်သွယ်ဆောင်ရွက်မယ့် မူဝါဒများကို ရှင်းရှင်းလင်းလင်း ချမှတ်ထားရန် လိုအပ်ပြီး အငြင်းပွားမှု တစ်စုံတစ်ရာဖြစ်လာပါက သို့မဟုတ် ဥပဒေနှင့် မလျော်ညီသော အများသူငါလက်မခံနိုင်သည့် အပြုအမူများဖြစ်လာပါက အလွယ်တကူ တင်ပြနိုင်မယ့်နည်းလမ်းများကို ကြိုတင်စီမံဆောင်ရွက်ပေးထားရန် လိုအပ်ချက်များဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။ ။

# အာရှ-ပစိဖိတ် အင်ဂျင်နီယာအဖွဲ့ချုပ်နှင့် အာဆီယံအင်ဂျင်နီယာအဖွဲ့ချုပ်တို့က ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ချီးမြှင့်

**နေပြည်တော် ဇန်နဝါရီ ၂၂**
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း နာယက ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်အား အာရှ-ပစိဖိတ် အင်ဂျင်နီယာအဖွဲ့ချုပ်နှင့် အာဆီယံအင်ဂျင်နီယာအဖွဲ့ချုပ်တို့က ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ချီးမြှင့်ခြင်းနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ဇန်နဝါရီ ၂၁ ရက် ညနေပိုင်းက ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ဇနီးတို့ တက်ရောက်သည်။

အခမ်းအနားသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ အာရှ-ပစိဖိတ်အင်ဂျင်နီယာအဖွဲ့ချုပ်နှင့် အာဆီယံအင်ဂျင်နီယာအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနာယကများ၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဗဟိုအလုပ်အမှုဆောင်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အစီအစဉ်အရ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးလင်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။ ဆက်လက်၍ AFEO ကိုယ်စားလှယ် Chair of Foreign Affairs Committee of EIT Dr.Panich Voottipruex က Award Citation ကို ဖတ်ကြားသည်။

ထို့နောက် FEIAP ကိုယ်စားလှယ် Dr. Gue See Saw က အာရှ-ပစိဖိတ် အင်ဂျင်နီယာအဖွဲ့ချုပ်က ချီးမြှင့်သည့် Outstanding Engineer of the Year 2016 Award ကိုလည်းကောင်း၊ AFEO ကိုယ်စားလှယ် President Electlr.David Lai က အာဆီယံအဖွဲ့ချုပ်က ချီးမြှင့်သည့် AFEO Distinguished Honorary Fellow 2016 Award ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ရာ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနာယက ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က လက်ခံရယူသည်။

ယခု ချီးမြှင့်ခဲ့သော ဆုတံဆိပ်များအနက် အာရှ-ပစိဖိတ် အင်ဂျင်နီယာအဖွဲ့ချုပ်က ချီးမြှင့်ပေးသော Outstanding Engineer of the Year 2016 Award သည် မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ် ချီးမြှင့်ခြင်းခံရသော ဆုတံဆိပ်ဖြစ်ပြီး အင်ဂျင်နီယာ အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တစိုက်မတ်မတ်ဆောင်ရွက်ခဲ့မှုများကို အသိအမှတ်ပြုခံရခြင်းအတွက် ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

■

# အရည်အသွေးမြင့် အခြေခံမြို့ပြအဆောက်အအုံများအတွက် အဆင့်မြင့် ကွန်ကရစ်နည်းပညာဆိုင်ရာ နှီးနှောဖလှယ်ပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၂**
မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းနှင့် I & H Engineering Co., Ltd. တို့ပူးပေါင်းကျင်းပသော အရည်အသွေးမြင့် အခြေခံမြို့ပြအဆောက်အအုံများအတွက် အဆင့်မြင့်ကွန်ကရစ်နည်းပညာဆိုင်ရာ နှီးနှောဖလှယ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၁ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် MCEA ရုံး Function Hall ၌ ကျင်းပသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ချမှတ်ထားသည့် မူဝါဒလမ်းစဉ်များအတိုင်း အခြေခံမြို့ပြ အဆောက်အအုံများ၊ နိုင်ငံတကာ အဆင့်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအရေးပါသော အခန်းကဏ္ဍမှတာဝန်ယူလျက် ပြည်သူများအတွက် လမ်း၊ တံတား ဖွံ့ဖြိုးတိုးတက်ရေးနှင့် အိမ်ရာကဏ္ဍလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မကြာမီကာလတွင် ဆောက်လုပ်ရေးအခန်းကဏ္ဍသည် ကိုယ်ပိုင်အစွမ်းအစဖြင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပြီး မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းသည်လည်း အနာဂတ်အတွက် အဓိကဦးဆောင်အဖွဲ့အစည်းဖြစ်သလို ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်အတူတကွပူးပေါင်းပြီး နိုင်ငံတော်နှင့်ပြည်သူအတွက် အခြေခံမြို့ပြလူမှုအဆောက်အအုံများ တိုးတက်အောင် ဆောင်ရွက်နိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသာဌေးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ဆက်လက်၍ I & H Engineering Co.,Ltd မှ Managing Director Mr. Tojuro Nishi က မိတ်ဆက်စကားပြောကြားသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်လင်းက New Joint Venture Company for Concrete Technologies ခေါင်းစဉ်ဖြင့် စာတမ်းကို Power Point ဖြင့် ရှင်းလင်းဖတ်ကြားသည်။

ဆက်လက်၍ စာတမ်းရှင်များက သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် စာတမ်းများကို အသီးသီးဖတ်ကြားပြီး တက်ရောက်လာသူများ၏ သိလိုသည့် မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

**(သတင်းစဉ်)**



# ရတနာသိင်္ဂီ (ပရဟိတ)သီလရှင်ပညာရေး သုံးထပ်ကျောင်းဆောင်သစ်ဖွင့်

**ရန်ကုန် ဇန်နဝါရီ ၂၂**
သိဒ္ဓိဝင်မိသားစုက ငွေကျပ်သိန်း ၁၃၀၀ အကုန်အကျခံ ဆောက်လုပ်လှူဒါန်းသည့် ရတနာသိင်္ဂီ(ပရဟိတ)သီလရှင်ပညာရေးသုံးထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် ဝေဘာဂီလမ်းရှိ အဆိုပါကျောင်းဆောင်သစ်၌ ကျင်းပသည်။

ဖွင့်ပွဲတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် အလှူရှင် သိဒ္ဓိဝင်မိသားစုတို့က သုံးထပ်ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယနေ့ဖွင့်လှစ်သည့် သီလရှင်ပညာရေးသုံးထပ်ကျောင်းဆောင်သစ်မှာ အလျား ပေ ၇၀ × အနံပေ ၃၀ ရှိ အာရ်စီ အမျိုးအစားဖြစ်သည်။ အဆိုပါကျောင်း၌ သီလရှင်ဆရာကြီး၊ ဆရာလေး အပါး ၅၀ ကျော် သီတင်းသုံးတော်မူလျက်ရှိသည်။

**(သတင်းစဉ်)**

# စာသင်သားများအား အဆင်ပြေစွာ ပညာသင်ကြားပေးနိုင်ရေး ဘုန်းတော်ကြီးသင်စာသင်ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၂၂**
တယ်လီနောမြန်မာ လီမိတက်သည် နံပါတ်အလှလေလံပွဲမှ ရရှိသည့် အကျိုးအမြတ်များဖြင့် ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်ရှိ မြတ်လေးရုံ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအတွက် ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါကျောင်း ဆောင်သစ်ကို ပြီးခဲ့သည့်နှစ် မတ်လက မန္တလေးမြို့တွင် ကျင်းပခဲ့သော နံပါတ်အလှလေလံပွဲမှ ရရှိငွေဖြင့် တည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ယင်းလေလံပွဲတွင် နံပါတ်အလှ ၄၃ ခုမှ ငွေကျပ် ၃၅၇၉ သိန်း ရရှိခဲ့ကာ အမြတ်ငွေဖြစ်သည့် ၂၂၈၉ သိန်းကို မြတ်လေးရုံ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ပဲခူးရှိ သင်းခရိုင် မိဘမဲ့ဂေဟာတို့ကို လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ထိုသို့လှူဒါန်းရာတွင် မြတ်လေးရုံ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအား ငွေကျပ် ၁၅၆၇ သိန်း လှူဒါန်းခဲ့သည့်အပြင် ဒစ်ဂျစ်တယ်နည်းပညာတတ်မြောက်မှု မြှင့်တင်ရေးစင်တာတစ်ခုကိုလည်း လှူဒါန်းငွေများဖြင့် ဆောက်လုပ်ခဲ့ကြောင်း သိရသည်။ ထို့ပြင် တယ်လီနောအနေဖြင့် စင်တာအား ပိုမိုအကျိုးရှိစွာ အသုံးချနိုင်စေရေးနှင့် ကျောင်းသား ကျောင်းသူများ ဒစ်ဂျစ်တယ် နည်းပညာတတ်မြောက်မှု ပိုမိုအားကောင်းလာစေရေး ဆက်လက်ထောက်ပံ့မည်ဖြစ်ကြောင်း သိရသည်။

မြတ်လေးရုံ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ကျောင်းသားဦးရေ ၁၄၀ ရှိပြီး ၂၀၁၁ ခုနှစ်တွင် နွေရာသီစာဖတ်တန်းမှ စတင်ကာ တဖြည်းဖြည်း တိုးတက်လာခဲ့ရာ ယခုအခါအခြေခံပညာမူလတန်းလွန်ကျောင်းအဖြစ် ရောက်ရှိနေပြီဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင် သတ္တမတန်းအထိ တိုးချဲ့သင်ကြားပေးနိုင်ခဲ့သော်လည်း စာသင်သားများအား အဆင်ပြေစွာ ပညာသင်ကြားပေးနိုင်ရေးအတွက် အခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

**(နိုင်လင်းကြည်)**




# သီပေါမှ တိုက်ပွဲရှောင်နှင့် ကျေးရွာပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

**သီပေါ ဇန်နဝါရီ ၂၂**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန ပြည်နယ်ကုသရေးဦးစီးဌာန ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုး ပြည်နယ်ကုသရေးဦးစီးဌာနမှူး ဆေးရုံအုပ်ကြီး ဒေါက်တာတင်မောင်ညွန့်နှင့် သီပေါဆေးရုံအုပ် ဒေါက်တာလှထွန်းတို့ ဦးဆောင်သော အထူးကုဆရာဝန်ကြီးများသည် ဇန်နဝါရီ ၂၁ ရက်က သီပေါမြို့နယ် မိုးတေကျေးရွာအုပ်စု မန်ကောင်းကျေးရွာသို့ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။



အဆိုပါ အထူးကုဆရာဝန်ကြီးများအဖွဲ့သည် မန်ကောင်းကျေးရွာအုပ်စုမှ ဒေသခံများနှင့် တိုက်ပွဲရှောင် တိုင်းရင်းသားပြည်သူ ၂၅၀၀ ခန့်အား ကျန်းမာရေး စစ်ဆေးကုသပေးခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

❒ ရှေ့ဖုံးမှ

ပညာမြင့်မားခြင်းပင်ဖြစ်ကြောင်း၊ အသိဉာဏ်ပညာမြင့်မားသည့် နိုင်ငံသားတို့ ရှိမှသာလျှင် အဆိုပါနိုင်ငံသည် တိုးတက်ဖွံ့ဖြိုးမည်၊ ငြိမ်းချမ်းမည် ဆိုသည်မှာ အမှန်တရားတစ်ရပ် ဖြစ်ပါကြောင်း။

ထို့ကြောင့် စာပေမြင့်မားတိုးတက်ရေးသည် မိမိတို့ကဲ့သို့ တိုင်းပြည် ငြိမ်းချမ်းရေးရရှိပြီး ဖွံ့ဖြိုးတိုးတက်လာအောင် တည်ဆောက်နေရသည့်နိုင်ငံအဖို့ ပို၍အရေးကြီးသည်ဟု ယူဆပါကြောင်း။

နိုဘယ်လ်-မြန်မာစာပေပွဲတော်ဟူ၍ ကျင်းပခဲ့သည်မှာ ယခုဆိုလျှင် သုံးနှစ် ရှိခဲ့ပြီး စာအုပ်များကို မြတ်နိုးချစ်ခင်စွာဖြင့် ကျင်းပသည့် ဤပွဲတော်ကြီးကို ယခုနှစ်တွင် ရသစာပေဆိုသည့် ခေါင်းစဉ်နှင့် ကျင်းပသည်ကို တွေ့ရပါကြောင်း၊ ရသစာပေနှင့် ပတ်သက်၍ပြောရလျှင် မြန်မာဝတ္ထုရှည်သမိုင်း၏ အဦးအစဟု ဆိုရမည့် ဂျိမ်းစ်လှကျော်၏ "မောင်ရင်မောင် မမယ်မ"နှင့် ဝန်စာရေးဦးကြီး၏ "ချဉ်ပေါင်ရွက်သည် မောင်မှိုင်း" စာအုပ်တို့သည် ၁၉၀၄ ခုနှစ်တွင် ထွက်ရှိခဲ့သည်ဖြစ်၍ နှစ်ပေါင်းတစ်ရာကျော် ရှိခဲ့ပြီဖြစ်ကြောင်း၊ ယနေ့ကျင်းပသည့်ပွဲတွင် ထိုသို့နှစ်တစ်ရာကျော် ကာလကစပြီး ခေတ်အဆက်ဆက်တွင် ထင်ရှားကာ ဂန္ထဝင်အဖြစ် တင်ကျန်ရစ်သည့် စာအုပ်များကို စုဆောင်းဖော်ထုတ်ပြသထားသည့် စာအုပ်ပြပွဲအခင်းအကျင်းများကို တွေ့ရသည်မှာ အားရဖွယ်ဖြစ်ကြောင်း။

ထို့ပြင် ယခုပွဲတော်တွင် ရသစာပေနှင့်ပတ်သက်သည့် စာတမ်းဖတ်ပွဲများ၊ ဝတ္ထုတိုဖတ်ပွဲများ၊ ကဗျာရွတ်ပွဲများ၊ စာအုပ်ဈေးခင်းကြီးများဖွင့်ပြီး စာအုပ်များ ရောင်းချပေးနေခြင်းများသည် မြန်မာစာပေလောက တိုးတက်ဖွံ့ဖြိုးရေးအတွက် များစွာကြီးမားသည့် အထောက်အပံ့များဟုလည်း သတိပြုမိပါကြောင်း။

ရသစာပေနှင့် ပတ်သက်၍ မိမိတို့အလွန်ရိုသေလေးမြတ်ရသည့် ဆရာဇော်ဂျီက အလေးထား လှုံ့ဆော်ပြောဆိုရေးသားခဲ့သော အကြောင်းအရာတစ်ခုကိုလည်း သတိရမိပါကြောင်း၊ ဆရာဇော်ဂျီက "စိတ်ကောင်းရှိမှသာ စာကောင်းထွက်တယ်။ ရသစာပေကောင်းဆိုတာစာရေးသူရဲ့ စိတ်စေတနာကို ရေးထားတဲ့စာ"ဟု ဆိုပါကြောင်း။

ထို့ပြင် "စာရေးဆရာမှာ စေတနာဖြစ်လာတဲ့အခါမှသာ ပတ်ဝန်းကျင်လောကကို မြင်ခြင်း၊ ကြားခြင်းရှိတတ်တယ်။ အဲဒီအခါမှာ ဒီအရာဟာ သနားစရာ၊ ဒီအရာဟာ အားတက်စရာ၊ ဒီအရာဟာ ချီးကျူးစရာ၊ ဒီအရာဟာ ကဲ့ရဲ့စရာ၊ ဒီအရာဟာ ကြောက်စရာ၊ ဒီအရာဟာ ရှက်စရာ စသည်ဖြင့် ဘဝအသိ ဖြစ်လာတတ်ပါတယ်။ ဘဝအသိဖြစ်လာတာနဲ့တစ်ပြိုင်နက် စိတ်ကူးဉာဏ်ဟာ စဉ်းစားလာတတ်တယ်။ အဲဒီစိတ်ကူးဉာဏ်ကပဲ ဘဝရဲ့ အကောင်းအဆိုး အကျိုးအပြစ်ဆိုင်ရာ လူ့အမှုအရာ၊ လောကအမှုအရာတို့ကို ဖန်တီးလာနိုင်တယ်။ ဒါကြောင့် စိတ်ကူးဉာဏ်ဟာ ဘဝရဲ့ အကောင်းအဆိုး အကျိုးအပြစ်တို့ကို ပြနိုင်တဲ့ဉာဏ်လည်းဖြစ်တယ်။ ဒါကြောင့်ဝတ္ထုကို အဲဒီလိုစိတ်ကူးဉာဏ်မျိုးနဲ့ ရေးနိုင်မှသာ အဲဒီဝတ္ထုဟာ အဆင့်အတန်းရှိတယ်"ဟုဆိုခဲ့ပါကြောင်း၊ ဤသည်မှာ ဘဝအသိ၊ စိတ်ကူးဉာဏ်၊ ဖန်တီးနိုင်စွမ်းနှင့် စာရေးသူ၏ စေတနာတို့ ဆက်စပ်အရေးပါပုံကို ပြောခြင်းဖြစ်ပါကြောင်း၊ "ရသစာပေကောင်းကို ဖတ်ရတဲ့အခါ ပတ်ဝန်းကျင်ကို သတိပြုမိလာပါတယ်။ ပတ်ဝန်းကျင်ကို သတိပြုမိသူဟာ ကိုယ်၊ နှုတ်၊ နှလုံးသုံးပါးကို ဆင်ခြင်တတ်လာတယ်။ ကိုယ့်တစ်ဦးတည်းအကျိုးကိုသာမက ပတ်ဝန်းကျင်မှာရှိတဲ့ ကိုယ့်လိုပဲ ကျင်လည်နေကြရတဲ့ သတ္တဝါအားလုံးရဲ့ အကျိုးစီးပွားအတွက်လည်း ကြည့်တတ်၊ မြင်တတ်၊ ကရုဏာဖြစ်တတ်လာနိုင်စရာရှိတယ်"ဟု ဆိုပါကြောင်း။

ရသစာပေကောင်းများသည် မိမိတို့အတွက် ထိုကဲ့သို့မြင့်မြတ်သည့် လူသားချင်းစာနာတတ်သည့် စိတ်မျိုးကို ဖြစ်ပေါ်စေနိုင်ပါကြောင်း၊ ထို့ကြောင့်လည်း ဤကဲ့သို့ ရသစာပေကောင်းများ ပေါ်ထွက်ရန် မိမိတို့နိုင်ငံတွင် လိုအပ်သည်ဟု ယုံကြည်ပါကြောင်း။ ဤနေရာတွင် စိတ်ကောင်းရှိမှ စာကောင်းထွက်တယ်၊ စေတနာကောင်းရှိမှ စာကောင်းထွက်တယ် ဆိုသည့်စကားအတိုင်း စာရေးဆရာတို့၏ စေတနာသည် အလွန်ပင်အရေးကြီးပါကြောင်း။

ထို့အပြင် စိတ်ကူးဉာဏ်နှင့် ဖန်တီးနိုင်စွမ်းကလည်း အလွန်အရေးကြီးပါကြောင်း၊ အဆိုပါ စိတ်ကူးဉာဏ်နှင့် ဖန်တီးနိုင်စွမ်းသည် စာပေလွတ်လပ်ခွင့်ဆိုသော အခြေခံအကျဆုံးဖြစ်သည့် မည်သူတစ်ဦးတစ်ယောက်ကိုမှ မထိခိုက်သော လူတစ်ဦးချင်းစီ၏ လွတ်လပ်စွာယုံကြည်ခွင့်၊ လွတ်လပ်စွာ စိတ်ကူးခွင့်၊ လွတ်လပ်စွာဖော်ထုတ်ခွင့်တို့ရှိဖို့သည် အရေးအပါဆုံးဖြစ်သည်ဟုလည်း မိမိတို့ အမြဲယုံကြည်ခဲ့ပါကြောင်း။

ယနေ့ မြန်မာနိုင်ငံသည် အားလုံးသိကြသည့်အတိုင်း သူတစ်ပါးကို မထိခိုက်စေသော လူတစ်ဦးချင်းစီ၏ လွတ်လပ်ခွင့်၊ နိုင်ငံသားအားလုံး၏ လွတ်လပ်ခွင့်တို့နှင့်အတူ စာပေလွတ်လပ်ခွင့်ဆိုသည်လည်း ရှိလာနေပြီဖြစ်ပါကြောင်း၊ ဤသို့ တိုးတက်ရရှိလာသည့် စာပေလွတ်လပ်ခွင့်ကို အခြေခံပြီး မိမိတို့နိုင်ငံ၏ တိုးတက်ဖွံ့ဖြိုးမှုနှင့် ငြိမ်းချမ်းရေး၊ မိမိတို့နိုင်ငံသားများ တစ်ဦးချင်း၏ ကြီးပွားချမ်းသာရေးနှင့် စိတ်အေးချမ်းသာယာမှုတို့ကို ဝိုင်းဝန်းတည်ဆောက်နိုင်ပါစေဟု ယခုကဲ့သို့ မင်္ဂလာရှိသည့် နိုဘယ်လ်-မြန်မာစာပေပွဲတော်ကြီးတွင် နှိုးဆော်ဆုမွန်ကောင်း တောင်းပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်တို့က အမှာစကားများ ပြောကြားကြသည်။

ဆက်လက်၍ နိုဘယ်လ်-မြန်မာစာပေပွဲတော် ၂၀၁၇ ရသစာပေ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးမော်လင်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ စာပေပွဲတော်ကျင်းပရေး ကော်မတီဝင်များ၊ စာပေပညာရှင်ကြီးများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် နိုဘယ်လ်-မြန်မာစာပေပွဲတော် ၂၀၁၇ ရသစာပေ စာတမ်းဖတ်ပွဲ၌ "စာပေတွင် ရသဖန်တီးသူ၊ ရသနှင့် ရသခံစားသူတို့ဆက်သွယ်မှု" ခေါင်းစဉ်ဖြင့် မောင်ခင်မင်(ဓနုဖြူ)၏ စာတမ်းဖတ်ကြားမှုကို တက်ရောက်အားပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် စာပေပညာရှင်ကြီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ အမျိုးသားဇာတ်ရုံဝင်းအတွင်း ခင်းကျင်းပြသထားသည့် စာအုပ်ဈေးခင်း အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးသည်။

၂၀၁၇ ခုနှစ် နိုဘယ်လ်-မြန်မာစာပေပွဲတော်ကို အမျိုးသားဇာတ်ရုံ၌ ဇန်နဝါရီ ၂၂ ရက် မှ ၂၄ ရက်အထိ နေ့စဉ် နံနက် ၉ နာရီ မှ ညနေ ၅ နာရီအထိ ကျင်းပသွားမည်ဖြစ်သည်။

ပြပွဲတွင် စာအုပ်ဆိုင်ပေါင်း ၁၄၀ ကျော်မှ စာအုပ်စာပေများခင်းကျင်းရောင်းချသွားမည်ဖြစ်ပြီး နိုဘယ်လ်-မြန်မာစာပေကော်မတီက ရွေးချယ်ထားသည့် ရသစာပေ စာအုပ် ၁၀၀ ၏ စာရေးဆရာနှင့် စာအုပ်ဓာတ်ပုံများ၊ နိုင်ငံတကာစာပေအဖွဲ့အစည်း စာအုပ်တိုက်များမှ ရွေးချယ်ထားသည့် ရသစာပေ မူရင်းစာအုပ်များနှင့် စာရေးသူတို့၏ဓာတ်ပုံများကိုလည်း ခင်းကျင်းပြသထားသည်။

ထို့ပြင် ပြပွဲတွင် နှစ်ပေါင်း ၁၀၀ အတွင်းက ထွက်ရှိခဲ့သော မြန်မာ့ဝတ္ထုအကောင်းဆုံး ရသစာအုပ်များ၊ နိုဘယ်လ်ဆုရ စာအုပ်ပြခန်းများ၊ စာတမ်းဖတ်ပွဲများ၊ ပန်းချီ ၊ ကာတွန်းပြခန်းများ၊ ကယ်ရီကေးချား ပုံတူရေးဆွဲခြင်းများ၊ ကဗျာရွတ်ပွဲ၊ စာပေဆိုင်ရာ ဟောပြောဆွေးနွေးပွဲများ၊ ရသစာပေနှင့်ပတ်သက်သည့် စကားဝိုင်းများ၊ စာပေနှင့် အနုပညာရှင်များကိုယ်တိုင် တင်ဆက်ပြသသွားမည့် ပြဇာတ်ဖျော်ဖြေပွဲများ ပါဝင်ကျင်းပသွားမည်ဖြစ်သည်။

နိုဘယ်လ်-မြန်မာစာပေပွဲတော် ၂၀၁၇ ရသစာပေကို စာရေးဆရာများ၊ ကဗျာဆရာများ၊ စာနယ်ဇင်းအယ်ဒီတာများ၊ စာကြည့်တိုက်ပညာရှင်များ၊ စာနယ်ဇင်းသရုပ်ဖော် ပန်းချီပညာရှင်များ၊ ကာတွန်းပညာရှင်များ၊ စာအုပ်စာနယ်ဇင်းထုတ်ဝေဖြန့်ချိသူများနှင့် စာပေလောကမှ တာဝန်ရှိသူများ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

မြန်မာနှင့် နိုင်ငံတကာစာပေများ အထူးသဖြင့် ရသသဘောနှောသော ဝတ္ထုတို၊ ဝတ္ထုရှည်၊ ကဗျာ၊ ဘာသာပြန်၊ ရသစာပေ၊ ရသစာတမ်းစသည့် စာပေလက်ရာများဖြင့် မြန်မာစာပေကို အားဖြည့်မြှင့်တင်ရန်၊ မြန်မာနိုင်ငံတွင် စာအုပ်စာပေကို အများပြည်သူတို့ စိတ်ဝင်စားလေ့လာဖတ်ရှုမှု တိုးတက်မြင့်မားလာစေရန်၊ ရသစာပေ ဖန်တီးရေးသားသူတို့၌ စိတ်ကူးစိတ်သန်းသစ်၊ စိတ်အားထက်သန်မှု အသစ်များနှင့်အတူ တီထွင်ဖန်တီးမှုအသစ်များ တိုးတက်ဖြစ်ပေါ်လာစေရန်၊ စာပေ၏ အရေးကြီးသော အကျိုးကျေးဇူးတစ်ရပ်အဖြစ် အတွေးအမြင် ဗဟုသုတကြွယ်ဝခြင်း၊ သဘောထားကြီးခြင်း၊ အမြင်ကျယ်ခြင်းတို့ကြောင့် လူ့အဖွဲ့အစည်းအတွင်း ငြိမ်းချမ်းမှုရရှိစေရန်နှင့် အများပြည်သူတို့ အသိပညာ၊ ဗဟုသုတတိုးတက်သိမြင်လာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။

နိုဘယ်လ်-မြန်မာ စာပေပွဲတော်များကို ၂၀၁၅ ခုနှစ်တွင် ပထမအကြိမ်အဖြစ် "စာပေနှင့် ငြိမ်းချမ်းရေး" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ၂၀၁၆ ခုနှစ်တွင် ဒုတိယအကြိမ်အဖြစ် "ကလေးစာပေဖွံ့ဖြိုးတိုးတက်ရေး"ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ယခုနှစ်တွင် တတိယအကြိမ်အဖြစ် "ရသစာပေ"ခေါင်းစဉ်ဖြင့် လည်းကောင်း ကျင်းပခြင်းဖြစ်သည်။

**(သတင်းစဉ်)**

◆




**နိုင်ငံတော်သမ္မတဦးထင်ကျော် နိုဘယ်လ်-မြန်မာစာပေပွဲတော် ၂၀၁၇ ရသစာပေ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတဦးထင်ကျော် စာပေပညာရှင်ကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။(သတင်းစဉ်)**

## ပြည်တွင်းရေးရာ

**● ရသစာပေမှ**

**စည်သူဦးသော်ကောင်း**
**(ဥက္ကဋ္ဌ၊ အမျိုးသားစာပေဆုရွေးချယ်ရေးကော်မတီ )**

ဒီနှစ်ကတော့ တတိယအကြိမ်ပေါ့လေ။ ဆရာတို့ ပထမနှစ်ကတည်းက လာပါတယ်။ အများကြီးလည်း အောင်မြင်ပါတယ်။ အထူးသဖြင့် ဒီနှစ်က ရသစာပေပေါ့။ ရသစာပေက မြန်မာပြည်မှာ နည်းနည်းတော့ ကျဆင်းနေတယ်။ ဝတ္ထုတို့၊ ပြဇာတ်တို့ ပြဇာတ်ဆိုရင်ရေးတဲ့သူ နည်းသွားပါပြီ။ ကဗျာကတော့ အသင့်အတင့်ရှိတာပေါ့။ ဝတ္ထုမှာလည်း ဝတ္ထုတိုတွေက များတယ်။ ဝတ္ထုရှည်ရေးတဲ့သူ နည်းနည်းသွားတယ်။ ဒီလိုရသစာပေတွေကို အားပေးပြီးတော့ ဒီလိုပွဲတော်လုပ်တယ်ဆိုတာ ဆရာတို့ အများကြီးဝမ်းသာပါတယ်။ အားလည်းပေးချင်ပါတယ်။ ပြန်ပြီးတော့ ထွန်းကားစေချင်တယ်။ ဖြစ်လည်းဖြစ်လာမှာပါ။ တစ်ဖက်ကလည်း စာအုပ်ပွဲတော်တွေလုပ်တယ်။ စာအုပ်ဈေးတန်းတွေ သိမ်ဖြူလမ်းမှာလုပ်တယ်။ စာကြည့်တိုက်တွေ ထွန်းကားအောင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်ကပါ အားပေးပြီးတော့ ရွေ့လျားစာကြည့်တိုက်ဆိုပြီး ကျေးလက်အထိရောက်အောင် ပို့ပေးတယ်။ ရွေ့လျားစာကြည့်တိုက်တွေမှာလည်း ဆရာတို့အနေနဲ့ ရသစာပေအများကြီး ထည့်ပေးချင်တယ်။ များများထွက်လာပြီးတော့ ရေးတဲ့သူလည်းများလာပြီဆိုရင် ဖတ်တဲ့သူလည်းများလာအောင် ဆရာတို့က လုပ်ပေးချင်တယ်။ ဒီလိုပွဲတော်လုပ်တာက ဆရာ့အနေနဲ့ အထူးဝမ်းသာပါတယ်။ နှစ်တိုင်းလုပ်နိုင်အောင် ကြိုးစားကြပါလို့လည်း ပြောချင်တယ်။



စည်သူဦးသော်ကောင်း



ဆရာ လယ်တွင်းသားစောချစ်

**စာရေးဆရာ လယ်တွင်းသားစောချစ်**

စာဖတ်တဲ့သူ ဘယ်သူမဆို ကိုယ်ဖတ်လိုက်တဲ့ ဇာတ်ကောင်ကို ကိုယ့်စိတ်အာရုံမှာ ဖန်တီးရတာ အင်မတန်မှကို နှစ်ခြိုက်စရာကောင်းတယ်။ ဝတ္ထု ရသစာပေဖတ်ရတာ ထူးခြားမှုရှိတယ်။ ကိုယ်တိုင်လည်းပဲ ဖန်တီးပြီးတော့ ဖတ်ခွင့်ရတယ်။ အဲဒီအရသာကို ခံစားမိပြီးရင် လူတွေလက်မလွှတ်ချင်ပါဘူး။ ဒီနေ့အားနည်းသွားတယ်လို့ ဆရာကိုယ်တိုင်ပြောတဲ့ ရသစာပေတွေ ပျောက်ကွယ်မသွားနိုင်ပါဘူး။ ဒါပေမယ့်လို့ ပျောက်ကွယ်မသွားနိုင်ဘဲ အားနည်းနေတဲ့အခါမှာ ရသစာပေကို မြတ်နိုးတဲ့သူတွေကတော့ အခုလိုပဲ စာတမ်းတွေဖတ်၊ ဒီလိုပွဲတော်မှာ ရသစာပေကို ဟိုက်လိုက်လုပ်ပြီး ရသစာပေတွေ ဖတ်ကြဖို့ နှိုးဆော်တာတို့လုပ်သင့်ပါတယ်။ လုပ်ရမှာပါ။ အားနည်းသွားမှာ စိုးလို့၊ လျော့သွားမှာစိုးလို့၊ အားပြန်ကောင်းစေချင်လို့။ ဘာဖြစ်လို့လဲဆိုတော့ ရသစာပေနဲ့ သုတစာပေမှာ သုတစာပေက အသိကြွယ်တယ်။ အသိတရားဆိုင်ရာ အချက်အလက်တွေရတယ်။ ရတော့ အဲဒါတွေကို သုံးသပ်ဆင်ခြင်နိုင်ရင် နှိုင်းနှိုင်းယှဉ်ယှဉ် သုခမိန်ဆိုတဲ့ ဉာဏ်ပညာဖြစ်တယ် သုတအရ။ ရသကျတော့ ခံစားပြီးတော့ ဝတ္ထု၊ ကဗျာ၊ ပြဇာတ်။ ဒီထက်ကျယ်ပြန့်တော့ ရုပ်ရှင်၊ သဘင်၊ ပြဇာတ်၊ ဂီတတို့ကို နှစ်သက်ခြင်းနဲ့တကွ ခံစားရတယ်။ ခံစားပြီးတော့ အဲဒါလေးက စွဲစွဲမြဲမြဲ မှတ်သားမိတယ်။ ပိုပြီးတော့ခိုင်မာတယ်။ နှလုံးသားကတစ်ဆင့် ဦးနှောက်အသိ စွဲမြဲတဲ့အသိရတယ်လို့ ဆိုတယ်။ ရသစာပေတွေ ဖတ်ရင် အသိကြွယ်ရုံတင်မကသေးဘူး။ နှလုံးသားခံစားမှု မျှတစေတယ်။ နှလုံးသားမျှတရင် ရက်စက်ကြမ်းကြုတ်မှုတွေ လျော့နည်းသွားမယ်။ မျှတတဲ့ နှလုံးသား၊ မျှတတဲ့ ခံစားမှုရှိမှ အသင့်အတင့်နှလုံးသွင်းနိုင်မယ်။ အဲဒါတွေက ရသစာပေက ပေးနိုင်တဲ့ စွမ်းရည်တွေပါပဲ။ သုတစာပေတွေကို ဖတ်သလို ရသစာပေတွေကိုလည်း ဖတ်စေချင်ပါတယ်။



ဦးတင်မောင်အေး



ဦးငြိမ်းမောင်

**စာရေးဆရာ မြဝင်း(ဒဿန)**

စာပေပွဲတော်က မြန်မာလူမျိုးတွေအတွက် အင်မတန်မှလိုအပ်တဲ့ စာပေပွဲတော်တစ်ခုပါ။ အားလုံးကသိတဲ့အတိုင်းပဲလေ။ ဆရာတို့နိုင်ငံမှာ စာဖတ်တဲ့အလေ့အထက နည်းလာတယ်။ နည်းလာတဲ့အခါကျတော့ ဒီလိုပွဲတော်တွေလုပ်ခြင်းအားဖြင့် ဟောပြောကြတဲ့ပုဂ္ဂိုလ်တွေကို နားထောင်ခြင်းအားဖြင့်၊ ဖွင့်လှစ်ထားတဲ့ ညစာအုပ်ဆိုင်တွေကို ကြည့်ခြင်းအားဖြင့် စာဖတ်ခြင်းအလေ့အထ အထိုက်အလျောက်ပေါ်လာလိမ့်မယ်လို့ ကျွန်တော်ယူဆတယ်။ ဒီနေ့လူငယ်တွေက စာဖတ်တာ တော်တော် နည်းသွားကြတယ်။ ဒီလိုပွဲမျိုးလုပ်ခြင်းအားဖြင့် စာဖတ်သင့်တာပြောမှ သူတို့က သိလာမှာပါ။ မင်းစာဖတ်ပါလို့ ပြောလို့မရဘူးလေ။ ဒီလိုစာပေမျိုးက လောကကို အလှဆင်တဲ့စာပေတွေ၊ လောကရဲ့ဘဝကို သိတဲ့စာပေတွေ ဒီစာပေမျိုးတွေ ဖတ်သင့်တယ်ဆိုတာကို နိုဘယ်လ်ပွဲတော်ကနေ အထိုက်အလျောက် အသိရသွားမယ်လို့ထင်ပါတယ်။ ဒါကြောင့် နိုဘယ်လ်ပွဲတော်ဟာ နှစ်စဉ်နှစ်တိုင်းလုပ်သင့်တဲ့ပွဲဖြစ်တယ်။

ဒီခေတ်က သတင်းအချက်အလက်တွေကိုပဲ စိတ်ဝင်စားကြတော့ ဝတ္ထုတစ်ပုဒ်ကို စွဲစွဲမြဲမြဲ ဖတ်ဖို့ရာအတွက်၊ လူငယ်တွေဟာ သူပေးတဲ့ ရသကို ခံစားဖို့ရာအတွက် အချိန်ကို သိပ်မပေးနိုင်တော့ဘူး။ ကဗျာလည်း ကဗျာမို့လို့၊ ပြဇာတ်လည်း ပြဇာတ်မို့လို့၊ ဝတ္ထုလည်း ဝတ္ထုမို့လို့ ဒီလိုရသစာပေတွေကစွဲမြဲသွားစေတယ်။ စာဖတ်ခြင်းက ဘဝအသိဉာဏ်ကိုလည်း တိုးတက်စေတယ်။ စိတ်နှလုံးကိုလည်း ရင့်ကျက်ပြီး နူးညံ့စေတယ်။ ကိုယ်ချင်းစာစိတ်လေးတွေ ဖြစ်ပေါ်စေတယ်။ ဒီသဘောလေးပါ။



ဆရာ မြဝင်း(ဒဿန)



ဆရာ ချစ်ဦးညို

**စာရေးဆရာ ချစ်ဦးညို**

ရသနဲ့ ပတ်သက်လာရင် ရသ ကိုးပါးရဲ့ခံစားချက်က အပြင်မှာတင် မဟုတ်ဘူး။ လူတိုင်းရင်ထဲမှာရှိတယ်။ အဲဒီခံစားချက်ကိုးမျိုးကို အပြင်ကနေ စာရေးဆရာက ဆွဲကိုင်လှုပ်လိုက်တဲ့အခါမှာ ရယ်ခြင်း၊ ငိုခြင်း၊ ချစ်ခြင်း၊ မုန်းခြင်း၊ သနားခြင်း၊ ကြောက်ခြင်းဆိုတာတွေ ပေါ်ထွက်လာတယ်။ ပေါ်ထွက်လာပြီးတဲ့ ရသနောက်မှာမှ အသိဉာဏ် ဆင်ခြင်တုံတရားဆိုတာတွေ တစ်ခါတည်းကပ်ပါလာအောင် စာရေးဆရာက စေတနာကြီးစွာနဲ့ ရေးလိုက်တဲ့အခါမှာ စာဖတ်သူက ငိုရင်းကနေပြီးတော့ အသိဉာဏ်ထွက်လာတယ်။ ရယ်ရင်းကနေပြီးတော့ အသိဉာဏ်တွေကြီးလာတယ်။ အဲဒါက စာပေရဲ့တာဝန်ပဲ။ ပြီးတော့ အခုခေတ် လူငယ်တွေ စာဖတ်အားမနည်းရှာပါဘူး။ လူငယ်တွေ တော်ကြပါတယ်။ အခု နိုဘယ်လ်ပွဲတော်ကနေစာပေတွေစုစည်းပြီး ဟောပြောပွဲတွေ၊ စာတမ်းဖတ်ပွဲတွေ၊ စာအုပ်ဈေးရောင်းပွဲတော်တွေလုပ်ပေးတော့ စာဖတ်သူတွေ၊ စာရေးသူတွေ၊ စာအုပ်ရောင်းသူတွေ၊ ထုတ်ဝေသူတွေ ဖြန့်ချိသူတွေ အများကြီးအများကြီး အကျိုးရှိသွားတယ်။ သူတို့ရဲ့ အခွင့်အလမ်းတွေလည်း ပွင့်လာမယ်။ ရင်းနှီးပွင့်လင်းမှုတွေ ရလာမယ်။ အဆက်အသွယ်တွေ ပိုကောင်းလာမယ်။ ပြီးတော့ စဉ်းစားတွေးခေါ်တတ်မှု အပိုင်း တွေ ပိုများလာမယ်။ စာနာမှု၊ ကိုယ်ချင်းစာတရားတွေ ပိုများလာမယ်။ အဲဒါဆို လူ့အဖွဲ့အစည်းက အင်မတန်ကို ငြိမ်းချမ်းတဲ့ စိတ်ချမ်းသာစရာကောင်းတဲ့ လူ့အဖွဲ့အစည်းဖြစ်လာမှာပါ။



မငုဝါလွင်




ဒေါက်တာခိုင်ခိုင်လွင်

**ဦးမော်လင်း(ဥက္ကဋ္ဌ၊ နိုဘယ်လ်-မြန်မာ စာပေပွဲတော်ကျင်းပရေးကော်မတီ)**

ကျွန်တော်တို့ ဒီပွဲတော်ကို စာအုပ်၊ စာပေနဲ့ ပတ်သက်တဲ့ နယ်ပယ်ထဲက သူတွေ၊ စာအုပ်၊ စာပေ မြတ်နိုးတဲ့သူတွေ၊ စာပေလုပ်ငန်းကို လုပ်ကိုင်ကြတဲ့ စာရေးဆရာတွေ၊ ကဗျာ၊ ကာတွန်းဆရာတွေ၊ ဒီဇိုင်နာတွေ၊ စာအုပ်ထုတ်ဝေသူတွေ၊ စာပေဖွံ့ဖြိုးတိုးတက်တာဟာ နိုင်ငံဖွံ့ဖြိုးတိုးတက်တာနဲ့ ဆက်စပ်နေတယ်ဆိုတဲ့သူတွေ စုပေါင်းပြီးတော့ စာပေပွဲတော်ကို စီစဉ်ဖြစ်ခဲ့တာပါ။ ပထမနှစ်မှာ စာပေနဲ့ငြိမ်းချမ်းရေး၊ ဒုတိယနှစ်မှာ ကလေးစာပေပွဲတော်လုပ်တယ်။ အခု ဒီနှစ်က ရသစာပေပေါ့။ ရသစာပေရဲ့ ထူးခြားမှုက ဖတ်ရင် စွဲလမ်းတယ်။ ရသစာပေက ဖတ်ချင်စိတ်ကို လှုံ့ဆော်တယ်။ ရသစာပေဖွံ့ဖြိုးတိုးတက်တာဟာ စာပေဖွံ့ဖြိုးတိုးတက်တာကို အထောက်အပံ့ဖြစ်တယ်ဆိုတဲ့သဘောနဲ့ ကျွန်တော်တို့ ရသစာပေကို ရွေးရတာပါ။ ရသစာပေက ဆရာဇော်ဂျီပြောသလိုပဲ။ ရသစာပေကောင်းတစ်ခုကို ဖတ်တဲ့အခါမှာ လူတွေက ကိုယ့်အကျိုးစီးပွား တစ်ခုတည်း မဟုတ်ဘဲနဲ့ ကိုယ့်ပတ်ဝန်းကျင်ကိုလည်း စာနာတတ်လာတယ်။ သူများအကျိုးစီးပွားကိုလည်း ကြည့်တတ်လာတယ်။ ကရုဏာထားတတ်လာတယ်။ စာနာတတ်လာတယ်ဆိုတဲ့ စကားလို စိတ်နှလုံးကို နူးညံ့လာစေတယ်။ ဒါကြောင့် ကျွန်တော်တို့လိုလားတဲ့ လူမှုအဖွဲ့အစည်းတစ်ရပ်ကို ရသစာပေကနေ တစ်ဆင့် အထောက်အကူပြုပေးပါတယ်။

**ဆရာအာသာ(ဘဏ္ဍာရေးမှူး၊ နိုဘယ်လ်-မြန်မာစာပေပွဲတော် ကျင်းပရေးကော်မတီ)**

ဒီပွဲက အခုလည်း နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် အားပေးချီးမြှင့်နေတယ်။ အမှာစကားပြောတဲ့အခါမှာလည်း ရသစာပေနဲ့ပတ်သက်ပြီး ပြောသွားတာ မှတ်သားစရာကောင်းတယ်။ အခုဖွင့်ပွဲနဲ့ ပတ်သက်ပြီး တော်တော်အားရပါတယ်။ အရင်နှစ်တွေကဆိုရင် နိုင်ငံတော်အကြီးအကဲတွေက သဝဏ်လွှာပို့တာလောက်ပဲလုပ်တယ်။ အခုတော့ ကိုယ်တိုင်ကြွရောက်ကြတယ်။ တကယ်တော့ ရသစာပေဟာ တိုင်းပြည်ဖွံ့ဖြိုးရေးအတွက်၊ ငြိမ်းချမ်းသာယာရေးအတွက် အရေးကြီးကြောင်း နိုင်ငံတော်အကြီးအကဲတွေက တကယ်နားလည်တယ်။ လာရောက်အားပေးတယ်။ ဒီနှစ်ပွဲကတော့ အရင်နှစ်ကထက်ပိုပြီး အားပေးခြင်းခံရတယ်။



ဆရာ ဦးမော်လင်း



ဆရာ အာသာ

**ဦးတင်မောင်အေး(မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ)**

သေချာလေ့လာကြည့်မယ်ဆိုရင် မြန်မာစာအရေးအသား၊ မြန်မာစာကို နားလည်တာ အားနည်းနေသေးတယ်။ အခုလိုပွဲတော်တွေလုပ်ပေးတော့ ကလေးတွေ ပိုပြီးတော့ စာဖတ်ဖြစ်သွားတာပေါ့။ စာဖတ်ဖြစ်ခြင်းက အထောက်အကူဖြစ်စေပြီး မြန်မာစာကို ကောင်းကောင်းနားလည်လာတာပေါ့။ မြန်မာစာတိုးတက်ဖို့၊ စာပေလောက တိုးတက်ဖို့အတွက် အထောက်အကူပဲ။ ရသစာပေဆိုတာက အခု ဒီဘဝမှာ တွေ့ကြုံနေရတဲ့ အဖြစ်အပျက်တွေအားလုံးကို ပေါ်လွင်အောင် ဖော်ပြထားတာ။ အဲဒီတော့ ရသစာပေကိုဖတ်ခြင်းအားဖြင့်၊ နားလည်ခြင်းအားဖြင့် လူ့ဘဝမှာ ကြုံတွေ့ရတဲ့ အဖြစ်အပျက်တွေအားလုံးကို သဘောပေါက်နိုင်မယ်။ ဝေဖန်ဆုံးဖြတ်နိုင်မယ်။ ချင့်ချိန်နိုင်မယ်။ အဲဒီလိုအကျိုးတွေရရှိတော့ အားလုံးဖတ်သင့်ပါတယ်။

ပြီးတော့ ဒီစာပေပွဲတော်ကို ဆရာဆို စလုပ်ကတည်းကလာတယ်။ တစ်နှစ်ထက် တစ်နှစ် ပိုကောင်းလာတယ်။ ဒီနှစ်ကတော့ အထူးခြားဆုံးပါ။ သမ္မတကိုယ်တိုင်လာတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌလာတယ်။ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌလာတယ်ဆိုတော့ လူစုံတာပေါ့။ လူကြီးတွေလည်း အားပေးတာပေါ့။ အရင်တုန်းက ဒီအဆင့်တွေက မလာဘူးလေ။ အခုဆို စာအုပ်တွေလည်း များတယ်။ နှစ်ပေါင်းတစ်ရာခန့်က စာအုပ်တွေလည်း ဒီပွဲတော်အမီပြန်ရိုက်တယ် ဆိုတော့ ကောင်းတာပေါ့။

**ဦးငြိမ်းမောင်(ပညာရေးဌာန အငြိမ်းစား)**

ဒီခေတ်လူငယ်တွေက တစ်နေ့တစ်နေ့တယ်လီဖုန်းတွေပဲ အသုံးပြုနေကြတာ များတယ်။ အခုလိုစာပေပွဲတော်လုပ်လိုက်တဲ့အခါကျတော့ စာပေမျက်စိက ပိုပွင့်လာတယ်။ ပိုပြီးတော့ စိတ်ဝင်စားလာကြတယ်။ လူတွေလည်း စာအုပ်တွေ တော်တော်များများဝယ်နေတာတွေ့တယ်။ ဒါက စိတ်ဝင်စားဖို့ကောင်းတယ်။ ဒါတောင် အစနေ့ပဲရှိသေးတာ။ နောက်နေ့တွေလည်း ဒီလိုပဲ စာအုပ်တွေဝယ်ကြဦးမယ်လို့ ထင်တယ်။ ဆရာဆို ပီမိုးနင်းနဲ့ပတ်သတ်တဲ့ စာအုပ်တွေ၊ အုပ်ချုပ်ရေးနဲ့ ပတ်သက်တဲ့ စာအုပ်တွေ၊ စိတ်ပညာနဲ့ ပတ်သက်တဲ့ စာအုပ်တွေ နှစ်သောင်းကျော်ဖိုးလောက် ဝယ်လာတယ်။ စာများများဖတ်ရင် သူများကိုယ့်ကို လိမ်လို့မရဘူး။ စာပေက ပြည်သူရဲ့ မျက်လုံး။ မျက်လုံးကိုသုံးတဲ့အနေနဲ့ စာများများဖတ်ပေးဖို့လိုတယ်။ နောင်လည်းပဲ ဒါမျိုးပွဲတွေ မကြာမကြာလုပ်နိုင်ဖို့ ဆုတောင်းတယ်။

**မငုဝါလွင်(ထုတ်ဝေသူ ရွှေပဒေသာ စာပေ)**

နိုဘယ်လ်-မြန်မာစာပေပွဲတော်ကျင်းပတဲ့ သုံးနှစ်လုံး ကျွန်မတို့ ရောင်းဖူးပါတယ်။ သုတ၊ ရသ အစုံ စာပေကိုဖတ်ချင်တဲ့၊ လေ့လာချင်တဲ့သူတွေအတွက် ဒီလိုပွဲမျိုးတွေ စီစဉ်ပေးတာ အလွန်ကောင်းပါတယ်။ ကျွန်မတို့ ထုတ်ဝေသူတွေအတွက်ရော စာဖတ်ပရိသတ်အတွက်ပါ အဆင်ပြေတဲ့ ပွဲတော်လေးပါ။ ဘာဖြစ်လို့လဲဆိုတော့ စာအုပ်တိုက်မှာရောင်းတာနဲ့ **စာမျက်နှာ ၁၀ သို့** ○

# နိုဘယ်လ်-မြန်မာ စာပေပွဲတော် ၂၀၁၇၊ ရသစာပေ စာတမ်းဖတ်ပွဲနှင့် စာပေစကားဝိုင်း ဆွေးနွေးပွဲများကျင်းပ



နိုဘယ်လ်-မြန်မာစာပေပွဲတော် ပထမနေ့တွင် "ရသစာပေနှင့် ဖန်တီးမှု"စကားဝိုင်းအစီအစဉ်တွင် ဆရာချစ်ဦးညို၊ ဆရာနေဝင်းမြင့်၊ ဆရာမဂျူးတို့ ဆွေးနွေးကြစဉ်။



နိုဘယ်လ်-မြန်မာစာပေပွဲတော် ပထမနေ့တွင် "အက်ဆေးတစ်ပုဒ်မွေးဖွားခြင်း"စကားဝိုင်းအစီအစဉ်တွင် ဆရာကြည်မင်း၊ ဆရာမြဝင်း(ဒဿန)၊ မောင့်ရင်မာ(ကျောင်းကုန်း)နှင့် မင်းချမ်းမွန်တို့ ဆွေးနွေးကြစဉ်။

**ရန်ကုန် ဇန်နဝါရီ ၂၂**

နိုဘယ်လ်-မြန်မာ စာပေပွဲတော် ၂၀၁၇၊ ရသစာပေ စာတမ်းဖတ်ပွဲနှင့် စာပေစကားဝိုင်း ဆွေးနွေးပွဲများကို ယနေ့နံနက်ပိုင်းတွင် စတင်ကျင်းပသည်။

စာတမ်းဖတ်ပွဲတွင် မြဝင်း(ဒဿန) နှင့် မောင်ဟုန်ဝမ် (ကထိက) တို့က သဘာပတိအဖြစ် ဆောင်ရွက်ပြီး မောင်ခင်မင် (ဓနုဖြူ)က "စာပေတွင် ရသဖန်တီးသူ ရသနှင့် ရသခံစားသူတို့ ဆက်သွယ်မှု" စာတမ်းကို ဖတ်ကြားကာ တက်ရောက်လာသူများက အဆိုပါစာတမ်းနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် "ရသစာပေနှင့်ဖန်တီးမှု "စကားဝိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပခဲ့ပြီး ဆရာချစ်ဦးညို၊ ဆရာနေဝင်းမြင့် ၊ဆရာမ ဂျူးတို့က ဆွေးနွေးကြသည်။

ထို့နောက် ဆရာသစ္စာနီက "မျက်မှောက်မြန်မာကဗျာ (ခေတ်ပေါ်၊ခေတ်ပြိုင်) " စာတမ်းကို လည်းကောင်း၊ ဆရာမောင်ဇေယျာက "ရသစာပေနှင့် စာပေဝေဖန်ရေး" စာတမ်းကိုလည်းကောင်း ဖတ်ကြားခဲ့သည်။

ဆက်လက်၍ ဆရာကြည်မင်း၊ ဆရာမြဝင်း(ဒဿန)၊ မောင်ရင့်မာ (ကျောင်းကုန်း)၊ မင်းချမ်းမွန်နှင့် သွယ်သွယ်မျိုးညွန့်တို့က "အက်ဆေးတစ်ပုဒ်မွေးဖွားခြင်း"စကားဝိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပသည်။

နိုဘယ်လ်-မြန်မာ စာပေပွဲတော် ၂၀၁၇ ၊ရသစာပေကို ဇန်နဝါရီ ၂၂ ရက် မှ ၂၄ ရက် နေ့အထိ သုံးရက်တာ ကျင်းပသွားမည်ဖြစ်ပြီး နှစ်ပေါင်း ၁၀၀ အတွင်း ထွက်ရှိခဲ့သော မြန်မာ့ဝတ္ထု အကောင်းဆုံးရသစာအုပ်များ၊ နိုဘယ်လ်ဆုရ စာအုပ်ပြခန်းများ၊ စာတမ်းဖတ်ပွဲများ၊ ပန်းချီ၊ ကာတွန်းပြခန်းများ၊ ကယ်ရီကေးချား ပုံတူရေးဆွဲခြင်းများ၊ ကဗျာရွတ်ပွဲ၊ စာပေဆိုင်ရာ ဟောပြောဆွေးနွေးပွဲများ၊ ရသစာပေနှင့်ပတ်သက်သည့် စကားဝိုင်းများ၊ စာပေနှင့် အနုပညာရှင်များကိုယ်တိုင် တင်ဆက်ပြသသွားမည့် ပြဇာတ်ဖျော်ဖြေပွဲများနှင့်အတူ ကျင်းပသွားမည်ဖြစ်သည်။

ပွဲတော် ဒုတိယနေ့တွင် ဆရာမြဝင်း(ဒဿန)က "မြန်မာ့ရနံ့နှင့်စပ်လျဉ်းသော မှတ်ချက်များ" စာတမ်း ၊ ဆရာတော်ကောင်းမင်းက "ရှိတ်စပီးယားပြဇာတ်များကို မြန်မာပြန်ဆိုခြင်း"စာတမ်း၊ ဒေါက်တာမိုးဟိန်းဇော် (မြန်မာစာ)က "မြန်မာကလေးကဗျာများကပေးသော ရသများ" စာတမ်းနှင့် ဆရာမြင့်ဆွေဦးက "နဂါးနီမှ ရသဝတ္ထုများ" စာတမ်းများကို ဖတ်ကြားကြမည်ဖြစ်ပြီး စာပေစကားဝိုင်းအစီအစဉ်တွင် "ယနေ့ မြန်မာကဗျာ မနက်ဖြန်အတွက် မြန်မာကဗျာ"၊ "ရသပျိုးခင်း"ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြမည်ဖြစ်သည်။

တတိယနေ့တွင် ဆရာမရာသက်ပန် (တောင်ငူဆောင်)က "မင်းလူဝတ္ထုတိုများမှ ဇာတ်ဆောင်ရွေးချယ်ဖန်တီးမှု" စာတမ်း၊ ဆရာဒေါက်တာအောင်ကြီးက "မော်စီတုံး ကဗျာတစ်ပုဒ်ကို ဘာသာပြန်ဆိုခြင်း" စာတမ်း၊ ဆရာကိုတာက "ကဗျာနှစ်ပုဒ် ဘာသာပြန်ခြင်း"နှင့် ဆရာငြိမ်းမင်းက "ရသစာပေဖန်တီးမှု" စာတမ်းများကို ဖတ်ကြားကြမည်ဖြစ်ပြီး စာပေစကားဝိုင်း အစီအစဉ်တွင်"ဘာသာပြန်ရသဖန်တီးမှု"၊ "ဝတ္ထုရှည် တစ်ပုဒ်ဖန်တီးခြင်း"နှင့် "ရသရေစီး" ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးသွားကြမည်ဖြစ်သည်။

ထို့ပြင် ပွဲတော်လာ ပရိသတ်များအား ကော်ဖီ ၊ ရေသန့်၊ မုန့်ဟင်းခါး၊ ထမင်း၊ ထမနဲ စသည့် စားသောက်ဖွယ်များဖြင့်လည်း နေ့စဉ်လှူဒါန်း ကျွေးမွေးသွားမည်ဖြစ်ကြောင်း နိုဘယ်လ်-မြန်မာစာပေပွဲတော် ၂၀၁၇ ကော်မတီမှ သိရသည်။

**သတင်း - ဝင်းနန္ဒာ**
**ဓာတ်ပုံ- ဇော်မင်းလတ်**



နိုဘယ်လ်-မြန်မာ စာပေပွဲတော် ပထမနေ့တွင် ကာတွန်းဆရာများ ကာတွန်းရေးဆွဲနေစဉ်။

**○ စာမျက်နှာ ၉ မှ**

○ စာမျက်နှာ ၉ မှ

စာပေပွဲတော်မှာ ရောင်းတာက ဈေးနှုန်းကွာခြားတယ်။ ဒီမှာ ရောင်းတဲ့သူတွေအကုန် ၂၀ ရာခိုင်နှုန်းလျှော့ရမယ်လို့ အကုန်လုံးက သတ်မှတ်ပြီးတော့လျှော့ဈေးနဲ့ ရောင်းချတာပါ။ ဒီဟာက ဈေးရောင်းပွဲတော်ဖြစ်နေတဲ့အတွက် ဝယ်သူတွေအဆင်ပြေအောင် ဈေးနှုန်းကွာခြားကြတာပါ။ စာပေနဲ့အသက်မွေးဝမ်းကျောင်း ပြုနေရတဲ့သူတွေဆိုတော့ စာပေကတော့ ဖတ်ဖြစ်တယ်။ စာပေနဲ့ ကိုက်ညီမယ့် လူတွေဖတ်လို့ အဆင်ပြေမယ့် သုတ၊ ရသ စုံလင်တဲ့ စာအုပ်တွေ ထုတ်နေပေမယ့် ဒီခေတ်ကြီးမှာအချစ်နဲ့ပတ်သက်ပြီးလူတွေသိပ်မဖတ်ကြတာတော့တွေ့တယ်။

**ဒေါက်တာ ခိုင်ခိုင်လွင်**

စာအုပ်တွေကလည်း အများကြီးပဲ၊ စုံစုံလင်လင်တွေ့ရတယ်။ ဈေးတွေကလည်း လျှော့ဈေးတွေနဲ့ ရောင်းတာတွေ့ရတော့ စာအုပ်ဝယ်ချင်တဲ့သူတွေအတွက်ကတော့ အဆင်ပြေတာပေါ့။ ညီမကတော့ရသပိုင်းမှာဆိုရင် မစန္ဒာ စာအုပ်တွေ ဖတ်ဖြစ်တယ်။ ပြီးတော့ personal development အတွက်စာအုပ်တွေ၊ ဘာသာပြန်စာအုပ်တွေ ဖတ်ဖြစ်တယ်။ စာအုပ်တွေ တော်တော်များများတော့ ဖတ်ဖြစ်တယ်။ စာပေက ကိုယ့်အတွက်၊ ကိုယ့်ပတ်ဝန်းကျင်အတွက် နိုင်ငံအတွက်ပါ အရေးကြီးပါတယ်။

**တွေ့ဆုံမေးမြန်း-ခင်ဇာလီ၊ မို့မို့**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

# ကျွန်မ၏ရောင်စုံအက်ဆေးများ စာအုပ်မိတ်ဆက်ပွဲပြုလုပ်

**ရန်ကုန် ဇန်နဝါရီ ၂၂**

နိုဘယ်လ်-မြန်မာစာပေပွဲတော်ရသစာပေပွဲတော် ၂၀၁၇ ဖွင့်ပွဲအခမ်းအနားတွင် စာရေးဆရာမ သွယ်သွယ်မျိုးညွန့်၏ "ကျွန်မ၏ရောင်စုံအက်ဆေးများ"အပါအဝင် ထွက်ရှိခဲ့သည့် စာအုပ်နှစ်အုပ်ကို မိတ်ဆက်ပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းစာအုပ်မိတ်ဆက်ပွဲတွင် စာရေးဆရာမြဝင်း(ဒဿန)က "ဒီနေ့တော့ ကျွန်တော်တို့လောကမှာ အက်ဆေးရယ်လို့ တိတိကျကျသတ်သတ်မှတ်မှတ်ဖြစ်သွားပါတယ်။ ဒါကြောင့် သွယ်သွယ်မျိုးညွန့်ရဲ့ စာအုပ်လေးများ ယနေ့စာပေလောကကို ရောက်တဲ့အတွက် လူ့ဘဝရဲ့ အဖြစ်အပျက် လူ့ဘဝရဲ့ ဇာတ်လမ်းစုံကို အကုန်လုံး မသိတဲ့တိုင်အောင် သူ့စေတနာရောက်တဲ့အတိုင်း သူ့နှလုံးသားခံစားတဲ့အတိုင်း ရေးသားတဲ့ စာကိုဖတ်ပြီး ကျွန်တော်တို့အချင်းချင်းအဖြစ်အပျက်ကို သိပြီးတော့ စာနာနားလည်နိုင်စိတ်ဖြစ်နိုင်တဲ့အတွက် ဒီစာအုပ်ဖတ်နိုင်အောင် စီစဉ်ပေးတဲ့သူကို ကျေးဇူးတင်ပါတယ်"ဟု ပြောကြားသည်။

ထို့ပြင် အက်ဆေးကို အမည်အမျိုးမျိုးဖြင့် ဖော်ပြခဲ့သော်လည်း မြန်မာ့ စွယ်စုံကျမ်းတွင် အစမ်းစာဟု ခေါ်ဆို ကြောင်း၊ သို့သော် မည်သည့်အကြောင်းအရာကို ရေးရေး၊ မည်သည့်အရာကို ပဲရေးရေး ရသအဖြစ်ရေးသားသည့် စာတမ်းအတို၊ အရှည်ကို အက်ဆေးဟု ခေါ်ဆိုကြောင်း၊ ဆရာမသွယ်သွယ် မျိုးညွန့် ရေးသားသည့်စာ များသည် အကြောင်းအရာကို အဓိကထားဆက် လက်ရေးသားထားသော်လည်း ရသဖြစ်အောင် ရေးသားနေခြင်းကို သတိထားမိကြောင်း၊ စာရေးသူသည် နေ့စဉ်ပြည်သူများ သတိမမူမိသည့် အကြောင်းအရာများကို ၎င်းခံစားရသည့် အတိုင်းရေးသားသည့်အတွက် အက်ဆေးသဘာဝ အတိုင်း ဖြစ်ချင်မှ ဖြစ်နိုင်သော်လည်း ယင်းစာပေမျိုးသည် မြန်မာ့စာပေတွင် အသင့်အတင့် နေရာရသည်ကို ယင်းစာအုပ်က သက်သေထူနေကြောင်း ၎င်းက သုံးသပ် ပြောကြားသည်။

"အက်ဆေးဆိုတဲ့ ခေါင်းစဉ်အောက်မှာ နေ့စဉ်လူမှုဘဝအကြောင်းအရာလေးတွေကို ရေးဖြစ်ပါတယ်။ အဲဒီတော့ နှစ်နှစ်ရှိပြီဖြစ်တဲ့အက်ဆေးတွေများလာတဲ့အခါ စာအုပ်အဖြစ် အခုနှစ်အုပ်ရှိပြီဖြစ်ပါတယ်။ ကျွန်မက အက်ဆေးရယ်လို့ သိပ်ကျွမ်းကျင်တယ်ဆိုပြီး ရေးတာမဟုတ်ပါဘူး" ဟု စာရေးသူ မသွယ်သွယ်မျိုးညွန့်က ပြောသည်။

နေ့စဉ်ဖြစ်ပျက်နေသည့်အကြောင်းအရာ၊ နေ့စဉ်ကြုံတွေ့ရသည့်အကြောင်းအရာများကို ပြည်သူ့အရေးဂျာနယ်တွင် အပတ်စဉ်ရေးသားဖော်ပြလျက်ရှိသည်။ ဥပမာဆိုလျှင် မျဉ်းကျားဖြတ်ကူးသည့် ပြဿနာ၊ နေရာထိုင်ခင်း ပြဿနာ၊ ဘတ်စ်ကားပြဿနာ စသည့်ပြဿနာများဖြစ်သည်။ ယင်းအကြောင်းအရာများကို စာဖတ်သူများ သတိပြုမိရန် စာရေးသူ၏ အတွေ့အကြုံများကို အက်ဆေးအဖြစ် ရေးသားဖော်ပြခြင်း ဖြစ်ကြောင်း သိရသည်။

**(ယုဇန)**



# ပအိုဝ်းတစ်မျိုးသားလုံးဆိုင်ရာ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ(အကြို) ကရင်ပြည်နယ် ပအိုဝ်းလူထု တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ



**ဘားအံ ဇန်နဝါရီ ၂၂**
ပအိုဝ်းတစ်မျိုးသားလုံးဆိုင်ရာ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ(အကြို) ကရင်ပြည်နယ် ပအိုဝ်းလူထု တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

ကရင်ပြည်နယ်အတွင်းရှိ ပအိုဝ်းတိုင်းရင်းသားလူမျိုးများ၏ အမြင်သဘောထား အကြံပြုချက်များအား စုစည်း၍ ပအိုဝ်းအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွင် တင်ပြဆွေးနွေးသွားနိုင်ရန် အကြိုတွေ့ဆုံဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ပြီး ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးခွန်မြင့်ထွန်းက "အခုလိုအကြိုဆွေးနွေးပွဲတွေကို ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် ဇရပ်ကြီးနဲ့ ကျန်ရှိနေသေးတဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီး၊ မောက်မယ် တို့လို မြို့နယ်တွေမှာ နောက်ထပ်အကြိုဆွေးနွေးပွဲတွေကို ထပ်ပြီးလုပ်ဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်။ ဒီအကြိုဆွေးနွေးပွဲတွေ ပြီးသွားတဲ့အခါ ပြန်လည်သုံးသပ်ပြီးတော့ ပအိုဝ်းတစ်မျိုးသားလုံးဆိုင်ရာ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကြီးကို တောင်ကြီးမြို့နယ်ထဲမှာ ကျင်းပနိုင်ဖို့အတွက် ပြင်ဆင်မှာဖြစ်ပါတယ်"ဟုပြောသည်။

အကြိုတွေ့ဆုံဆွေးနွေးပွဲအခမ်းအနားတွင် နိုင်ငံတော်အလံနှင့် ပအိုဝ်းအမျိုးသားအလံတို့အား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းအား အလေးပြုခြင်းတို့ဆောင်ရွက်ပြီး သဘာပတိ ဦးခွန်ဝင်းနောင်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ကရင်ပြည်နယ် ပအိုဝ်းတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးခွန်မျိုးတင့်၊ အငြိမ်းစား ကရင်ပြည်နယ် ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခွန်သန်းမြင့်တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် NCA ပေါ်ပေါက်လာပုံနှင့် NCA ကို အခြေခံသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ UPDJC နှင့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ အသီးသီး ဖြစ်ပေါ်လာပုံ အဆင့်ဆင့်၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်ပြည်ထောင်စုကိုစွရပ်များ၊ တိုင်းရင်းသားအခွင့်အရေးများအား အမေးအဖြေကဏ္ဍဆောင်ရွက်ကြပြီး အုပ်စုလိုက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# စာအုပ်ဈေးလမ်း စာအုပ်ဈေးတန်းက စာပေရနံ့သင်းပျံ့ပျံ့

**ရန်ကုန် ဇန်နဝါရီ ၂၂**
စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်ဈေးလမ်းစာအုပ်ဈေးတန်း ဖွင့်သည့် တတိယပတ်၊ ခြောက်ရက်မြောက်နေ့ ဇန်နဝါရီ ၂၂ ရက်၊ တနင်္ဂနွေနေ့ နံနက် ၉ နာရီဖွင့်ပါမည်ဟု ကြေညာထားသော်လည်း စောစောဆိုင်ခန်းဖွင့်ရန် ပြင်ဆင်နေချိန်မှာပင် အနီးဝန်းကျင်နေပြည်သူများ၊ ဈေးသွားဈေးပြန်များ၊ ကျန်းမာရေးလေ့ကျင့်ခန်းလမ်းလျှောက်ပြန်လာသည့် မိသားစုများ၊ တကူးတကလာရောက်ကြသူများ၊ စာချစ်သူများဖြင့် စတင် စည်ကားခဲ့သည်။



စိတ်ကူးစိတ်သန်းကောင်း၊ ရည်ရွယ်ချက်ကောင်းများဖြင့် ဖွင့်လှစ်ခဲ့သည့် စာအုပ်ဈေးတန်းနေရာကား ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းတွင်ဖြစ်သည်။ ပတ်ဝန်းကျင်ကောင်း၊ နေရာကောင်း၊ သွားရေးလာရေး အဆင်ပြေသည့်မြို့နယ် မြန်မာ့လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ရုံးထိုင်ခဲ့ရာ၊ လုပ်ကြံခံခဲ့ရာ အတွင်းဝန်များရုံး(ဝန်ကြီးများရုံး) နှင့် နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိ ရန်ကုန်မြို့ပြ အမွေအနှစ်အထိမ်းအမှတ် အပြာရောင်ကမ္ပည်းတပ်ဆင်ထားသည့် ဗဟိုပုံနှိပ်တိုက်တို့၏ သမိုင်းဝင်နေရာဝန်းကျင်တွင် ဖြစ်သည်။ ယင်းကြောင့် စာပေ ချစ်သူ၊ စာပေမွေ့သူများကြား စာပေရနံ့သင်းပျံ့ကြိုင်လှိုင်နေခြင်း ဖြစ်သည်။

စာပေရနံ့သင်းပျံ့နေသလိုစာပေမွေ့သူ၊ စာချစ်သူ လူငယ်လူရွယ် ကျောင်းသား ကျောင်းသူများ၏ ဝန်းကျင်တွင် စာပေအပေါ် စိတ်ဝင်စားမှု၊ စာပေလေ့လာလိုမှု၊ စာအုပ်စာပေကောင်းများ ရွေးချယ်ရှာဖွေဖတ်ရှုလိုမှု၊ စာပေပညာစူးစမ်းလေ့လာလိုမှုများသည်လည်း ကျယ်ပြန့်စွာပျံ့နှံ့နေပြီဆိုသည်ကို စာအုပ်ဈေးလမ်း စာအုပ်ဈေးတန်း၌ တွေ့မြင်ခဲ့ရသည့် မြင်ကွင်းများက လှစ်ဟပြဆိုနေသည်။

နိုင်ငံအကျိုးပြု၊ ပြည်သူအကျိုးပြု၊ လူငယ်အကျိုးပြု၊ လူမှုအဖွဲ့အစည်းတစ်ရပ်လုံး အကျိုးပြု စသည့် အကျိုးပြုစာပေဟူသမျှ၏ စာပေသင်းရနံ့သည်ကား ဘယ်သောအခါမျှ ပျက်ပြယ်သွားမည်မဟုတ်၊ လောကကောင်းကျိုးအတွက် ထာဝရကောင်းကျိုးပြု မွှေးရနံ့သင်းပျံ့ကြိုင်လှိုင်နေမြဲဖြစ်သည်။ ဤသည်ကိုရည်ရွယ်ကာ ပြန်ကြားရေးဝန်ကြီးဌာနက ဦးဆောင်၍ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၏ ပူးပေါင်းပါဝင်မှုဖြင့် ရေးသူ၊ ဖတ်သူ၊ ထုတ်ဝေသူ၊ ဖြန့်ချိသူများစုစည်းတွေ့ဆုံသည့် ရနံ့သင်းသည့် စာပေပန်းခင်းဟု ဆိုရလောက်သည့် ရန်ကုန်စာအုပ်ဈေးလမ်း စာအုပ်ဈေးတန်းကို ဖန်တီးဖော်ဆောင်လိုက်ခြင်းပင်ဖြစ်သည်။

ယင်းသို့ဖော်ဆောင်လိုက်သည့် စာပေပန်းခင်းစာအုပ်ဈေးတန်းတွင် လူငယ်များ အကြိုက်တွေ့ ဝယ်ယူအားပေးကြသည့် စာအုပ်စာတမ်းများမှာ ယခင်ကကဲ့သို့ ဖေတော့၊ မောင်တော့စာအုပ်မျိုးမဟုတ်တော့၊ ယခုမူ သူတို့လေးတွေကို ဥပဒေရေးရာစာအုပ်များ၊ ခေတ်ပြိုင်သမိုင်းဆိုင်ရာစာအုပ်များ၊ ပြည်တွင်း ပြည်ပနိုင်ငံရေးရာစာအုပ်များ၊ ဘာသာရေး၊ လူမှုရေးကျမ်းများ၊ လူငယ်တက်ကျမ်းများ စသည့် စာအုပ်များကို ဆိုင်ခင်းရောင်းချသည့် ဆိုင်တန်းများ၌ တွေ့လာရသည်။ ယင်းမှာ စာအုပ်ဈေးတန်း စာပေပန်းခင်းက အနာဂတ်နိုင်ငံတော်နှင့် အနာဂတ်လူငယ်များအတွက် သန့်စင်မွှေးဖွားလိုက်ခြင်း၏ ရလဒ်ကောင်းတစ်ရပ် ဖြစ်သည်။

"ဒီစာအုပ်ဈေးတန်း၊ စာပေပန်းခင်းဟာ စာပေသမားအားလုံးအတွက် သိပ်တန်ဖိုးရှိတဲ့ အစီအစဉ်လေးလို့ မြင်ပါတယ်။ စာပေရနံ့သင်းပျံ့ကြိုင်လှိုင်ဖို့အတွက် စီစဉ်ပေးတဲ့သူအားလုံးကို ကျေးဇူးတင်ပါတယ်။ ဒီနေ့နိုင်ငံခြားသားတွေ စာအုပ်ဈေးတန်းမှာ တော်တော်များများတွေ့ရလို့ အလွန်ဝမ်းသာဂုဏ်ယူမိတယ်။ ဖြစ်နိုင်ရင် စနေ-တနင်္ဂနွေသာမက Holidays တိုင်း ဒီစာပန်းခင်းကို ဖွင့်စေချင်ပါတယ်"ဟု ရွှေပြည်တန်ဂျာနယ် အယ်ဒီတာချုပ် ဦးထွန်းရည်(မြို့တော်ထွန်းရည်) က သူ၏အမြင်ကို ဆိုသည်။

"ကျောင်းသား ကျောင်းသူတွေအားလုံးအတွက် အသုံးတည့်တဲ့ စာအုပ်မျိုးစုံကို ဒီစာအုပ်ဆိုင်တန်းမှာ တော်တော်များများတွေ့ရတယ်။ ဆရာ ဆရာမတွေအတွက်ရော ကျောင်းသား ကျောင်းသူတွေအားလုံးအတွက်ပါ သိအောင် ပြောပြပါမယ်။ လမ်းညွှန်ပေးပါမယ်"ဟု ဆရာမတစ်ဦးက ဆိုသည်။

စာအုပ်ဈေးလမ်း စာအုပ်ဈေးတန်းတွင် ဘာသာရပ်မျိုးစုံ၊ စာမျိုးစုံသာမက မြန်မာမှုအနုပညာလက်ရာအသုံးအဆောင်ပစ္စည်းများ၊ မြန်မာ့ရိုးရာရက်ထည်များ၊ ခေတ်ဟောင်းအနုပညာအသုံးအဆောင်ပစ္စည်းများကို စာအုပ်မျိုးစုံလျှော့ဈေးနှုန်းထားဖြင့် ရောင်းချပေးသကဲ့သို့ အများပြည်သူများဝယ်ယူနိုင်ရန် စီစဉ်ရောင်းချနေသည်မှာလည်း စာပေချစ်သူ၊ မြန်မာမှုအနုပညာမြတ်နိုးသူ ပြည်သူများကြား စာပေသင်းရနံ့ကို ထပ်ဆင့်မွှေးပျံ့စေသည်။

ဇန်နဝါရီ ၇ ရက် (စနေ)နှင့် ၈ ရက် (တနင်္ဂနွေ)မှ စတင်ဖွင့်လှစ်ခဲ့သည့် စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်ဈေးလမ်း စာအုပ်ဈေးတန်းကို လာမည့်စတုတ္ထပတ် ဇန်နဝါရီ ၂၈ ရက် (စနေ)နှင့် ၂၉ ရက်(တနင်္ဂနွေ) တို့တွင်သာမက ပွင့်လင်းရာသီကုန် ၂၀၁၇ ခုနှစ် ဧပြီလထိ စနေ-တနင်္ဂနွေနေ့တိုင်း နံနက် ၉ နာရီမှ ညနေ ၆ နာရီထိ ခင်းကျင်းပြသသွားမည်ဖြစ်သည်။ စာပေလောကသားများကြား စာပေရနံ့ မွှေးပျံ့ကြိုင်သင်းသည့် စာပေပန်းခင်းသို့ စာပေချစ်သူ၊ စာပေမွေ့သူ မည်သူမဆို ဘဝအမောပြေစေရန် လာရောက်အပန်းဖြေနိုင်ပါကြောင်း ဖိတ်ခေါ်လိုက်ရပါသည်။

**ကိုချစ်**

# မန္တလေးကလေးစာပေပွဲတော်တွင် ကလေးများ လေ့လာဖတ်ရှုနိုင်ရန် Jefferson Center မှ စာကြည့်တိုက် ဖွင့်လှစ်ပေးမည်

**မန္တလေး ဇန်နဝါရီ ၂၂**
မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၂၆)လမ်းနှင့် (၇၁) လမ်းထောင့်တွင် ဖွင့်လှစ်ထားရှိသည့် မန္တလေးအခြေစိုက် Jefferson Center မှ ဇန်နဝါရီ ၂၇ ရက်မှ ၂၉ ရက်ထိ ကျင်းပမည့် ကလေးစာပေပွဲတော်တွင် ကလေးများ လေ့လာဖတ်ရှုနိုင်ရန် စာကြည့်တိုက်ဖွင့်လှစ်၍ ပါဝင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲတော်တွင် ဖွင့်လှစ်မည့်စာကြည့်တိုက်တွင် ကလေးများ လေ့လာဖတ်ရှုနိုင်ရန် စာအုပ်စာစောင်များ၊ ကလေးများ အင်္ဂလိပ်စာစကားလုံးစွမ်းရည် တိုးတက်စေရန် အထောက်အကူပြု အင်္ဂလိပ်စာလုံးပေါင်းစာလုံးဆက်ကစားနည်းများ ထည့်သွင်းထားကြောင်း Jefferson Center မှ စာကြည့်တိုက်မှူး ဒေါ်ဂရေ့စ်သိန်းသိန်းထိုက်က ပြောသည်။

"ကလေးစာပေပွဲတော်မှာ စာကြည့်တိုက်ကို လာရောက်လေ့လာကြတဲ့ ကလေးတွေကို ကူညီပေးနိုင်ဖို့ မန္တလေးဒေသက ကျွန်မတို့စာကြည့်တိုက်အဖွဲ့ဝင်တွေ ကြိုတင်ပြင်ဆင်မှုတွေကို ဒီရက်ပိုင်းမှာ စလုပ်နေပါပြီ။ ဒီစာပေပွဲတော်ကနေ ကလေးတွေအတွက် အသိဉာဏ်ဗဟုသုတတွေ ရရှိစေမှာပါဟု" ၎င်းကဆက်လက်ပြောကြားသည်။

ကလေးစာပေပွဲတော်အတွင်း ဖွင့်လှစ်မည့်စာကြည့်တိုက်တွင် ကူညီကြမည့်လုပ်အားပေးလူငယ်များမှာ မန္တလေးဒေသ တက္ကသိုလ်အသီးသီးမှ Jefferson Center စာကြည့်တိုက်အဖွဲ့ဝင် ကျောင်းသား ကျောင်းသူများဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင် ( မန်းကိုယ်ပွား )**

❖

# ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်

**ရွှေကူ ဇန်နဝါရီ ၂၂**
၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ရွှေကူ-ငါးဘတ်ကြီး ကတ္တရာလမ်း တစ်မိုင်ခင်းခြင်းလုပ်ငန်းကို မန်ချက်စတာကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျေးရွာချင်းဆက် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဇန်နဝါရီ ၁၈ ရက်က မြို့နယ်ဦးစီးမှူး ဦးသိန်းလင်းနှင့် ရုံးဝန်ထမ်းများက လုပ်ငန်းအရည်အသွေး စံချိန်စံညွှန်း ပြည့်မီစေရန်နှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းအချိန်မီ ပြီးစီးဆောင်ရွက်နိုင်ရေးတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး အဆိုပါ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ငါးဘတ်ကြီး၊ တော်လှန်၊ ကိုင်းရွာကျေးရွာများမှ ဒေသခံပြည်သူများ ရာသီမရွေး အဆင်ပြေလွယ်ကူချောမွေ့စွာ သွားလာနိုင်ပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

# အောင်စည်ဟိန်းပြည်လုံးချမ်းသာဆုတောင်းပြည့်စေတီတော်မြတ် ရတနာအုတ်မြစ်စီမင်္ဂလာကျင်းပ



**ဇေယျာသီရိ ဇန်နဝါရီ ၂၂**

နေပြည်တော် ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာအုပ်စု ဝင်ပြန်ကျေးရွာ နေမျိုးနွယ်ပရိယတ္တိစာသင်တိုက်အတွင်း တည်ထားကိုးကွယ်မည့် အောင်စည်ဟိန်းပြည်လုံးချမ်းသာဆုတောင်းပြည့်စေတီတော်မြတ်ကြီး ရတနာအုတ်မြစ်စီမဟာမင်္ဂလာ အခမ်းအနားကို အဆိုပါ စာသင်တိုက်၌ ဇန်နဝါရီ ၂၁ ရက် နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ကန်တော့၍ အခမ်းအနားကိုစတင် ဖွင့်လှစ်ပြီး ရတနာကြုတ်တော်နှင့် အုတ်မြစ်တော်များကို သံဃာတော်များထံ ဆက်ကပ်သည်။ ထို့နောက် ငါးပါးသီလ ခံယူတည်ဆောက်ခြင်းနှင့် ပရိတ်တရားတော်များ နာယူခြင်းတို့ ဆောင်ရွက်ပြီး နေမျိုးနွယ်ပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအာဓိစ္စဝံသက ရေစက်ချ အနုမောဒနာတရားချီးမြှင့်သည်။

ဆက်လက်၍ အုတ်မြစ်တော်စီမင်္ဂလာကျင်းပရာ အလယ်ဗဟိုချက်မ၌ ရတနာရွှေကြုတ်၊ ငွေကြုတ်များ၊ စေတီပုံစံနှင့် ကမ္ဘည်းမော်ကွန်းကျောက်ပြားများကို ထည့်သွင်းပူဇော်ကာ ဂြိုဟ်နံအလိုက်ရတနာအုတ်မြစ်တော်များ စီသွင်းကြပြီး ဗုဒ္ဓသာသနံစိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တည်ထားကိုးကွယ်မည့် အောင်စည်ဟိန်းပြည်လုံးချမ်းသာဆုတောင်းပြည့် စေတီတော်မြတ်ကြီးကို မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ပုတီးကုန်းရပ်နေ အလှူရှင် ဦးအောင်စည်နှင့် မိသားစုတို့က လှူဒါန်းပူဇော်ခြင်းဖြစ်ကြောင်းသိရသည်။

**(နိုင်လင်းကြည်)**

**▼ အရှေ့တောင်အာရှ မြားပစ်ပြိုင်ပွဲမှ**

Compound တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲတွင်လည်း ငွေတံဆိပ်ရယူနိုင်ခဲ့ပြီး ဗိုလ်လုပွဲတွင် ဗီယက်နမ်ကစားသမားကို (၁၃၈-၁၃၅) မှတ်ဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

မြန်မာမြားပစ်အဖွဲ့အတွက် ငွေတံဆိပ်ဆုကို ရဲမင်းဆွေက အမျိုးသား Compound Ranking Round ပြိုင်ပွဲတွင် ရယူနိုင်ခဲ့သည်။ ကြေးတံဆိပ်သုံးခုကိုမူ ယောစိမ်းယက အမျိုးသမီး Compound Ranking Round ပြိုင်ပွဲတွင်တစ်ခု၊ အမျိုးသမီး Compound တစ်ဦးချင်းရှုံးထွက်ပြိုင်ပွဲတွင် တစ်ခုနှင့် နေလင်းဦးက အမျိုးသား Recurve တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲတွင် တစ်ခုတို့ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဖြိုးကိုကိုတင့်ဆန်း၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဒု-ဥက္ကဋ္ဌများဖြစ်သည့် ဦးကျော်ဦး (ဒုတိယအမြဲတမ်းအတွင်းဝန်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန) နှင့် ဦးသောင်းထိုက်မင်း၊ အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

ညနေပိုင်းတွင် ကျင်းပသည့် Mix-Team ပြိုင်ပွဲတွင် မြန်မာအသင်းများမှာ ဗိုလ်လုပွဲ တက်ရောက်နိုင်ခဲ့သည်။ Recurve Mix-Team ပြိုင်ပွဲတွင် မြန်မာမှ နေလင်းဦးနှင့် စန်းယုထွေးအတွဲမှာ ကွာတားဖိုင်နယ်အဆင့်မှ စတင်ကစားခဲ့ရပြီး ကွာတားတွင် ဗီယက်နမ်ကို (၆-၂) မှတ်၊ ဆီမီးတွင် မလေးရှားကို (၆-၀) မှတ်ဖြင့် အနိုင်ရခဲ့ပြီး ဗိုလ်လုပွဲတွင် ဖိလစ်ပိုင်နှင့်ကစားရမည်ဖြစ်သည်။ Compound Mix-Team ပြိုင်ပွဲတွင် ရဲမင်းဆွေနှင့် အောင်ငှိမ်းအတွဲမှာ ဆီမီးဖိုင်နယ်အဆင့်မှ စတင်ကစားခဲ့ရပြီး စင်ကာပူကို (၁၅၄-၁၅၃) မှတ်ဖြင့် အနိုင်ရကာ ဗိုလ်လုပွဲတက်ခဲ့ပြီး ဖိလစ်ပိုင်နှင့် ကစားရမည်ဖြစ်သည်။ Mix-Team ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် အသင်းလိုက်ပြိုင်ပွဲများကို ဇန်နဝါရီ ၂၃ ရက်တွင်ဆက်လက်ကျင်းပမည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

**❁ အာရှဖလားမှ**

ပထမနေရာရခဲ့ပါက ဒုတိယနေရာရသည့်အသင်းမှာ ခြေစစ်ပွဲအောင်မည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု(က)တွင် ဂျော်ဒန်၊ ဖိလစ်ပိုင်၊ ဘာရိန်း၊ အီရတ်၊ ယူအေအီး၊ တာဂျစ်ကစ္စတန်၊ အုပ်စု (ခ)တွင် တောင်ကိုရီးယား၊ ဥဇဘက်ကစ္စတန်၊ ဟောင်ကောင်၊ အိန္ဒိယ၊ မြောက်ကိုရီးယား၊ အုပ်စု(ဂ)တွင် ထိုင်း၊ တရုတ်(တိုင်ပေ)၊ လက်ဘနွန်၊ ပါလက်စတိုင်း၊ ဂူအမ်၊ အုပ်စု(ဃ)တွင် ဗီယက်နမ်၊ မြန်မာ၊ အီရန်၊ ဆီးရီးယား၊ စင်ကာပူအသင်းတို့ ပါဝင်လျက်ရှိသည်။ မြန်မာအသင်းပါဝင်သော အုပ်စုပွဲစဉ်များကို ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ဧပြီ ၃ ရက်တွင် အီရန်အသင်း၊ ဧပြီ ၇ ရက်တွင် ဆီးရီးယားအသင်း၊ ဧပြီ ၉ ရက်တွင် စင်ကာပူအသင်း၊ ဧပြီ ၁၁ ရက်တွင် ဗီယက်နမ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် အာရှဖလားပြိုင်ပွဲတွင် အောင်မြင်မှုမရဖူးသော်လည်း နောက်ဆုံးအဆင့်ပြိုင်ပွဲသို့ လေးကြိမ်အထိ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးသည်။ အာရှဖလားခြေစစ်ပွဲမှာ မြန်မာအမျိုးသမီးအသင်းအတွက် ယခုနှစ်တွင် ယှဉ်ပြိုင်ရမည့် အဓိကပြိုင်ပွဲများအနက် ပထမဆုံးပြိုင်ပွဲလည်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် လက်ရှိတွင် တရုတ်ဖိတ်ခေါ်ပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

**ရဲရင့်ရှိုင်း**

# တာမိုးညဲမြို့အထွက်၌ လက်နက်/ခဲယမ်းများနှင့် တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တာမိုးညဲမြို့အထွက်၌ ယာဉ်တစ်စီးအား ရှောင်တခင်စစ်ဆေးရာမှ လက်နက်နှင့် တရားမဝင် သယ်ဆောင်လာသည့်သစ်များ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

တာမိုးညဲမြို့အထွက်၌ တပ်မတော်စစ်ကြောင်းသည် ယာဉ်ဝင်/ထွက်မှုများအား ရှောင်တခင်စစ်ဆေးစဉ် ယနေ့မွန်းလွဲ ၂ နာရီခန့်တွင် တာမိုးညဲဘက်မှ တီးမားကျေးရွာဘက်သို့ ယာဉ်မောင်း ဦးစိုင်းကျော်ဝင်း မောင်းနှင်၍ ဦးသန်းမောင်လိုက်ပါလာသည့် ပါဂျဲရိုးအမျိုးအစား ယာဉ်အမှတ် YGN-7D/----- အား ရပ်တန့်စစ်ဆေးရာ ဦးသန်းမောင်၏ အင်္ကျီအိတ်ကပ်အတွင်းမှ ပစ္စတို တစ်လက်၊ ယင်းကျည်အိမ် တစ်ခု၊ ယင်းကျည် ခုနစ်တောင့်နှင့် ယာဉ်ပေါ်မှ တရားမဝင်သယ်ဆောင်လာသည့် တမလန်းနှင့် ပိတောက် အမျိုးအစားသစ်ခွဲသားဆိုက်စုံ အချောင်း ၇၄၀ တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။ **(သတင်းစဉ်)**





ဖမ်းဆီးရမိပစ္စည်းများကို တွေ့ရစဉ်။ (သတင်းစဉ်)

**◆ လက်ရှိချန်ပီယံရတနာပုံမှ**

တောင်ငူကွင်း၌ ကျင်းပသည့် ပွဲတွင် ဟံသာဝတီအသင်းနှင့် နေပြည်တော်အသင်းတို့ ဂိုးမရှိ သရေကျခဲ့ပြီး နှစ်သင်းစလုံး နှစ်ပွဲဆက်နိုင်ပွဲ ပျောက်ဆုံးခဲ့သည်။

အောင်ဆန်းကွင်း၌ ကျင်းပသော ပွဲတွင် ချင်းယူနိုက်တက်အသင်းက Southern အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ချင်းယူနိုက်တက်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ၆၈ မိနစ်တွင် ဆောင်လမန်က သွင်းယူပေးခဲ့သည်။

ပွဲစဉ်(၂) နောက်ဆုံးနေ့အဖြစ် ရခိုင်အသင်းနှင့် ရန်ကုန်အသင်းတို့သည် ဇန်နဝါရီ ၂၃ ရက် ညနေ ၃ နာရီခွဲတွင် စစ်တွေမြို့ရှိ ဝေသာလီကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**(ရှိုင်းထက်ဇော်)**

# မန်တုံမြို့နယ်နှင့် နမ့်ခမ်းမြို့နယ်အတွင်း တရားမဝင်သစ်များနှင့် သစ်တင်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မန်တုံမြို့နယ်နှင့် နမ့်ခမ်းမြို့နယ်များအတွင်း ဇန်နဝါရီ ၂၀ ရက်က တရားမဝင်သစ်များနှင့် သစ်တင်ယာဉ်များ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တပ်မတော်စစ်ကြောင်းသည် မန်တုံမြို့ဝန်းကျင်တွင် နယ်မြေရှင်းလင်းစဉ် ကြူဆာကျေးရွာ၏ အရှေ့မြောက်ဘက် ရှစ်မိုင်ခန့်၌ တရားမဝင်သစ်တင် ခြောက်ဘီးယာဉ် အလွတ်လေးစီး၊ ဝန်ချီစက်တစ်စီးနှင့် ဟိုင်းလပ်အမျိုးအစား မော်တော်ယာဉ်တစ်စီး၊ သစ်မာဆိုက်စုံ ၁၁ တုံး (ငါးတန်ခန့်) တင်ဆောင်ထားသည့် ၁၀ ဘီးယာဉ်တစ်စီး၊ ဒီဇယ်ပီပါ ၃၉ လုံးအား တင်ဆောင်ထားသည့် ခြောက်ဘီးယာဉ်နှစ်စီးနှင့် ဘိလပ်မြေများ တင်ဆောင်ထားသည့် ပရာဒိုအမျိုးအစား မော်တော်ယာဉ် တစ်စီးတို့အား ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်။

အလားတူ နမ့်ခမ်းမြို့နယ် မုံးဝီးကျေးရွာ၏အနောက်တောင်ဘက် နှစ်မိုင်ခန့်တွင်လည်း သစ်မာမျိုးစုံ ၃၉ တန်ခန့်တင်ဆောင်ထားသည့် ၁၂ ဘီးယာဉ် တစ်စီးနှင့် ခြောက်ဘီးယာဉ် ခြောက်စီးတို့အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့သည်။

အဆိုပါသိမ်းဆည်းရမိ တရားမဝင်သစ်များနှင့် သစ်တင်ယာဉ်များကို သက်ဆိုင်ရာ သစ်တောဦးစီးဌာနသို့ စနစ်တကျလွှဲပြောင်းအပ်နှံသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မော်တော်ယာဉ်တစ်စီးအား KIA လက်နက်ကိုင်အဖွဲ့များက လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် ဇန်နဝါရီ ၂၂**

ကချင်ပြည်နယ် မံစီမြို့နယ် မံဝိန်းလေးကျေးရွာမှ ဒေသခံများ၏ မော်တော်ယာဉ် တစ်စီးအား KIA လက်နက်ကိုင်အဖွဲ့မှ ပစ်ခတ်တိုက်ခိုက်သဖြင့် ယာဉ်ကိုယ်ထည်နှင့် အင်ဂျင်ပျက်စီးခဲ့ကြောင်းသိရသည်။

မံဝိန်းလေးကျေးရွာနေ ကိုကျော်ခိုင်သည် ယမန်နေ့ နံနက်ပိုင်းက ဆပ်ဖ်အမျိုးအစား မော်တော်ယာဉ်ဖြင့် တောင်ယာစပါးသယ်ယူရန် ထွက်ခွာလာစဉ် မံဝိန်းကြီးကျေးရွာ၏ အနောက်မြောက်ဘက် နှစ်မိုင်ခန့်အကွာရှိ ဘော်နွယ်ရွာပျက်အနီး၌ KIA လက်နက်ကိုင်အဖွဲ့အင်အား ၁၀ ဦးခန့်က လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

ပစ်ခတ်မှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိဘဲ မော်တော်ယာဉ်အား လက်နက်ငယ်ကျည် ၁၅ ချက်ခန့် ထိမှန်ခဲ့ပြီး ယာဉ်ကိုယ်ထည်၊ ရှေ့လေကာမှန်နှင့် အင်ဂျင်တို့ ပျက်စီးခဲ့သည်။

အဆိုပါနေရာတစ်ဝိုက်အား တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဒိုက်ဦးမြို့နယ်၌ မူခင်းပိုင်းဆိုင်ရာကျဆင်းရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးအသိပညာပေး ဟောပြော

**ဒိုက်ဦး ဇန်နဝါရီ ၂၂**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် အမှတ် (၉) ဖအောင်ဝဲ ရပ်ကွက် ဒါးပိန်စု အမက(လွန်)ကျောင်း၌ ဇန်နဝါရီ ၂၂ ရက်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့မရဲတပ်ဖွဲ့စခန်းမှူးရုံးနှင့် အခြေခံဆိုင်ကယ်(ကယ်ရီ) သယ်ယူပို့ဆောင်ရေး အလုပ်သမားအဖွဲ့အစည်းတို့ ပူးပေါင်း၍ မူခင်းပိုင်းဆိုင်ရာ ကျဆင်းရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး အလုပ်သမားအဖွဲ့အစည်း ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက အဖွင့်အမှာစကားနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး အကြောင်း ပြောကြားသည်။

မြို့မရဲတပ်ဖွဲ့ စခန်းမှူးဒုရဲမှူး အောင်နိုင်က မူခင်းဆိုင်ရာကျဆင်းရေး အသိပညာပေးဟောပြောခြင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲအုပ်ကျော်သူအောင်က မူခင်းဆိုင်ရာအသိပညာပေးဟောပြောခြင်း၊ ဒုရဲအုပ်တင်စိုးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူခင်းပိုင်းဆိုင်ရာ ကျဆင်းရေး အကြောင်းဟောပြောသည်။

ထို့နောက် မြို့နယ်ကုန်တင်၊ ကုန်ချ အလုပ်သမား အဖွဲ့အစည်းဥက္ကဋ္ဌ ဦးကျော်မင်းက ဆိုင်ကယ်(ကယ်ရီ) အလုပ်သမားအဖွဲ့အစည်းကိုယ်စား ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **ကျော်ကျော်(IPRD)**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကျွ လွန်ချမ်းသာ**

# စပါးနှင့် ချယ်လ်ဆီးတို့ အိမ်ကွင်းအဖြစ် ယာယီအသုံးပြုမည့် ဝင်ဘလေကွင်းအား ၅၇ ပွဲအထိ တိုးမြှင့်ကျင်းပခွင့်ပေးကာ ငွေကြေးကောက်ခံသွားရန် အက်ဖ်အေ ဆန္ဒရှိနေ


© Getty Images

အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(အက်ဖ်အေ)သည် အင်္ဂလန်လက်ရွေးစင်အသင်း၏ ဝင်ဘလေကွင်းအား နောက်ထပ်ပွဲစဉ် ၂၀ အထိတိုးမြှင့်ကျင်းပနိုင်ရေး တောင်းဆိုထားပြီး အိမ်ကွင်းပွဲစဉ်များအဖြစ် ဝင်ဘလေကွင်းကို အသုံးပြုလျက်ရှိသည့် ကလပ်အသင်းများကို ငွေကြေးကောက်ခံသွားရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

Brent Council နှင့် လက်ရှိသဘောတူညီချက်အရ ဝင်ဘလေဘောလုံးကွင်း၌ ပြိုင်ပွဲကစားခွင့် တစ်နှစ်လျှင် ၃၇ ပွဲအထိ ကစားခွင့်ပြုထားသည်။ သို့ရာတွင် စပါးအသင်းအား အိမ်ကွင်းပွဲစဉ်အားလုံးကို ပရိသတ် ၉၀၀၀၀ ၏ ရှေ့မှောက်တွင် ကစားနိုင်ရေးအတွက် ပုံမှန်ခွင့်ပြုထားသည့် ပွဲစဉ် ၃၇ ပွဲ အား ပွဲစဉ် ၂၀ အထိတိုးမြှင့်ကာ ပွဲစဉ် ၅၇ ပွဲအထိ တိုးမြှင့်ခွင့်ပြုနိုင်ရန် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က ဆန္ဒရှိနေကြောင်း သိရသည်။

ထို့ပြင် ပရိသတ်အရေအတွက် အကန့်အသတ်မရှိ လာရောက်ကြည့်ရှုနိုင်ရေးအတွက် လာမည့်နှစ်တွင် အိမ်ကွင်းအဖြစ် ယာယီအသုံးပြုရန် စီစဉ်ထားသည့် ချယ်လ်ဆီးအသင်းကိုလည်း အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က တောင်းဆိုထားကြောင်းသိရသည်။

ဝင်ဘလေကွင်း၌ ပွဲစဉ်အများအပြား ကစားခြင်းနှင့် ပရိသတ်အများအပြား လာရောက်ကြည့်ရှုခြင်းသည် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်အတွက် အထောက်အပံ့ဖြစ်စေမည်ဖြစ်ပြီး အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်မှာ ပေါင် ၇၅၇ သန်းအကုန်အကျခံ တည်ဆောက်မည့် အမျိုးသားအားကစားကွင်းအတွက် ချေးယူထားသည့်ဘဏ္ဍာရေးအခက်အခဲနှင့်လည်း ရင်ဆိုင်နေရသည်။

အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်အနေဖြင့် အထက်ပါအတိုင်း ဆန္ဒရှိနေသော်လည်း Brent Council ကမူ ၂၀၁၇-၂၀၁၈ ဘောလုံးရာသီတွင် ဝင်ဘလေကွင်း၌ အဓိကပွဲစဉ်အရေအတွက် ယာယီတိုးမြှင့်နိုင်ရေးမည့်သည့် လျှောက်ထားချက်ကိုမဆို ဒေသခံများနှင့် စီးပွားရေးလုပ်ငန်းရှင်များနှင့်အတူ ညှိနှိုင်းတိုင်ပင်ရဦးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်၏ လျှောက်ထားချက်အား ဒေသခံများအနေဖြင့် ထောက်ခံမည်လား သို့မဟုတ် ငြင်းဆိုမည်လားဆိုသည်ကို ရှင်းရှင်းလင်းလင်းမသိရှိရသေးပေ။ Brent Council နှင့် လက်ရှိချုပ်ဆိုထားသည့် ဝင်ဘလေစာချုပ်သက်တမ်းကာလတွင်မူ ပရိသတ် ၅၀၀၀၀ အောက်လျော့နည်းကြည့်ရှုမည်ဆိုပါက ဝင်ဘလေကွင်း၌ အကန့်အသတ်မရှိသောပွဲစဉ်များကို ကျင်းပခွင့်ပြုနိုင်ကြောင်းအချက်လည်းပါရှိသည်။

စပါးအသင်းကမူ ယခုနှစ်ဘောလုံးရာသီ၏ နောက်ဆုံးပွဲစဉ်ဖြစ်သည့် မေ ၁၃ ရက်တွင် ကစားမည့် မန်ယူအသင်းနှင့် ပွဲစဉ်ပြီးပါက လက်ရှိအိမ်ကွင်းအဖြစ်လက်ခံကစားလျက်ရှိသည့် ဝှိုက်ဟတ်ဒ်လိန်းကွင်းပြင်ပသို့ ပြောင်းရွှေ့ကစားရန် မျှော်လင့်လျက်ရှိကြောင်းသိရသည်။

ပရီမီယာလိဂ်အိမ်ကွင်းအားလုံးအပါအဝင် ယခုနှစ်ဘောလုံးရာသီ ဥရောပပွဲစဉ်များနှင့် ၎င်းတို့၏ ပရိသတ် ၆၁၀၀၀ ဆံ့ ဘောလုံးကွင်းသစ်တည်ဆောက်မည့် လာမည့်ဘောလုံးရာသီတွင် ရှုံး/ထွက်ပွဲစဉ်များ အားလုံးကို ဝင်ဘလေကွင်း၌ ကျင်းပသွားရန် ဝင်ဘလေကွင်းအား အသုံးပြုမည့်စာချုပ်တွင် ပါဝင်ကြောင်း စပါးအသင်းက ပြီးခဲ့သည့်မေလအတွင်းက ကြေညာထားပြီးဖြစ်ကြောင်း သိရသည်။ထို့အတူ ချယ်လ်ဆီးအသင်းကလည်း လာမည့် ဘောလုံးရာသီမှစတင်ကာ ဝင်ဘလေကွင်းအား အိမ်ကွင်းအဖြစ် ဘောလုံးရာသီသုံးရာသီကြာ ပြောင်းရွှေ့အသုံးပြုသွားရန် မျှော်လင့်လျက်ရှိကြောင်းသိရသည်။

**(ငွေကြယ်)**

## မန်ယူအတွက် စံချိန်တင်သွင်းဂိုးသွင်းယူနိုင်ခဲ့သည့် ဝိန်းရွန်းနီ အိုးထရက်ဖို့ဒ်ကွင်း အရှေ့ဘက် ပွဲကြည့်စင်တွင် ကြေးရုပ်သွန်းလုပ်ခံရရန်ရှိနေ



မန်ယူအသင်းခေါင်းဆောင်ဝိန်းရွန်းနီက စတုတ်စီးတီးနှင့် ပွဲစဉ်တွင် မန်ယူအတွက် စံချိန်တင်သွင်းဂိုး ၂၅၀ပြည့်ကို သွင်းယူခဲ့ပြီးနောက် ကလပ်အသင်းအခြားဂန္ထဝင်ကစားသမားများနှင့်အတူ အိုးထရက်ဖို့ဒ်ကွင်း အရှေ့ဘက်ပွဲကြည့်စင်တန်းတွင် ရွန်းနီ၏ ကြေးရုပ်တုကို သွန်းလုပ်ထားရရန် သေချာနေပြီဖြစ်ကြောင်း The Sun သတင်းဌာနက ဖော်ပြသည်။ အိုးထရက်ဖို့ဒ်ကွင်းအပြင်ဘက်တွင် ဂျော့ဂျ်ဘက်၊ ဒန်းနစ်လောနှင့် ဘော်ဘီချယ်လ်တန်တို့လို ဂန္ထဝင်ကစားသမား ရုပ်ထုများ ရှိထားပြီးဖြစ်သည်။

ယခုအခါ ရွန်းနီသည် မန်ယူအတွက် ၅၄၄ ပွဲဝင်ရောက်ကစားပြီး သွင်းဂိုး၂၅၀ပြည့် သွင်းယူနိုင်ခဲ့ရာ ဘော်ဘီချာလ်တန်၏ ၇၅၁ ပွဲတွင် ၂၄၉ ဂိုးသွင်းယူနိုင်ခဲ့သည့် စံချိန်တစ်ရပ်ကို ရိုက်ချိုးနိုင်ခဲ့ပြီး နောက် ယခုကဲ့သို့ ဂုဏ်ပြုခံရရန် ရှိနေခြင်းဖြစ်သည်။ ချာလ်တန်၏ သွင်းဂိုးစံချိန်ကို မည်သူတစ်ဦးတစ်ယောက်မျှ ချိုးဖျက်နိုင်ခြင်းမရှိဘဲ ၄၄နှစ်ကြာအောင် တည်ရှိခဲ့သော်လည်း စတုတ်စီးတီးနှင့်ပွဲစဉ်တွင် သွင်းယူခဲ့သည့် ရွန်းနီ၏ ဂိုးကြောင့် ချာလ်တန်၏ သွင်းဂိုးစံချိန် ကျိုးပျက်သွားခဲ့ပြီဖြစ်သည်။

လက်ရှိ မန်ယူကစားသမားများထဲတွင် ရွန်းနီပြီးနောက် သွင်းဂိုးအများဆုံးသွင်းယူထားသည့် ကစားသမားမှာ မိုက်ကယ်ကားရစ်ဖြစ်ပြီး သူ၏သွင်းဂိုးအရေအတွက်မှာ ၂၄ ဂိုးဖြစ်သည်။ ရွန်းနီမှာ တိုက်စစ်မှူး စစ်စစ်နေရာတွင် မကစားရသည်မှာ လေးနှစ်ကြာမြင့်နေပြီဖြစ်သော်လည်း လူစားဝင်ကစားသမားတစ်ဦးအဖြစ် ဝင်ရောက်ကစားရင်း ချာလ်တန်၏ စံချိန်ကို ချိုးဖျက်နိုင်ခဲ့ခြင်းဖြစ်သည်။ ရွန်းနီ၏ ယခုသွင်းဂိုးစံချိန်မှာ ဒန်းနစ်လောကဲ့သို့သော ကစားသမားထက် ၁၃ဂိုး ပိုမိုများပြားနေသလို ရှိုင်ယန်ဂစ်ထက် ၈၂ဂိုး၊ ပေါလ်စခိုးထက် ၉၅ဂိုး ပိုမိုသွင်းယူထားနိုင်သည်ကို တွေ့ရသည်။

ချာလ်တန်သည် မန်ယူအတွက်နောက်ဆုံးကစားခဲ့သည့် ငါးရာသီတွင် သွင်းဂိုး ခုနစ်ဂိုး၊ ၁၄ဂိုး၊ ရှစ်ဂိုး၊ ၁၂ဂိုးနှင့် ခုနစ်ဂိုးတို့သာ သွင်းယူနိုင်ပြီး မန်ယူသည်လည်း အဆင့်(၁၁)၊ သုံးရာသီဆက်တိုက် အဆင့်(၈)၊ အဆင့်(၁၈)ဖြင့် ရာသီသိမ်းနိုင်ခဲ့သည်။ သို့သော် ဖာဂူဆန် ထွက်ခွာသွားပြီး နောက်ပိုင်းသုံးရာသီအတွင်း ရွန်းနီက ၁၉ဂိုး၊ ၁၄ ဂိုးနှင့် ၁၅ ဂိုး အသီးသီး သွင်းယူနိုင်ခဲ့ပြီး မန်ယူအသင်းအား အဆင့်(၇)၊ အဆင့်(၄)နှင့် အဆင့်(၅)နေရာတို့တွင် ရပ်တည်နိုင်အောင် ကူညီနိုင်ခဲ့သည်။ တရုတ်စူပါလိဂ်မှ တစ်ပတ်လုပ်ခပေါင်တစ်သန်း ပေးချေမည်ဟု ကမ်းလှမ်းခံထားရခြင်းကြောင့် ရွန်းနီမန်ယူအသင်းမှ ထွက်ခွာမည်ဟု သတင်း ထွက်နေသည်။ သို့သော် ရွန်းနီယခုကဲ့သို့ မန်ယူမှ ထွက်ခွာ မည်ဆိုသည်မှာ ပထမဦးဆုံးအကြိမ်မဟုတ်ဘဲ ၂၀၁၀ ခုနှစ်အောက်တိုဘာလကတစ်ကြိမ်၊ ၂၀၁၃ခုနှစ်တွင် တစ်ကြိမ် သတင်းများထွက်ခဲ့ဖူးပြီးဖြစ်ရာ စံချိန်တစ်ရပ်စိုက်ထူနိုင်ခဲ့သည့် ရွန်းနီ မန်ယူမှ ထွက်ခွာမည်လားဆိုသည်ကိုလည်း ကမ္ဘာတစ်ဝန်း ပရိသတ်များ စိတ်ဝင်တစားစောင့်ကြည့်လျက်ရှိသည်။ **(မေလဲ့သင်း)**

## နန့်တက်စ်နှင့်ပွဲစဉ်တွင် အထူးခြားဆုံး အဝါကတ်ပြသ သတိပေးခံခဲ့ရသည့် ဗာရက်တီ

ပီအက်စ်ဂျီနှင့် နန့်တက်စ် အသင်းတို့ ယှဉ်ပြိုင်ခဲ့သည့် ပွဲစဉ်အတွင်း ပီအက်စ်ဂျီ ကွင်းလယ်လူ ဗာရက်တီမှာယခုနှစ်ဘောလုံးရာသီအတွင်း အထူးခြားဆုံး အဝါကတ်ပြသ သတိပေးခံလိုက်ရကြောင်း သိရသည်။ ဗာရက်တီက ဂိုးသမား ထရက်ပ်ဆီမှ ဘောလုံးရရှိပြီးနောက် ဒူးထောက်လဲချပြီး ခေါင်းတိုက်ကာ ဘောလုံးကို နောက်သို့ပြန်ပေးခဲ့ခြင်း ဖြစ်သည်။

ယင်းသို့ လုပ်ဆောင်ခဲ့သည့်အတွက် ဗာရက်တီကို ဒိုင်လူကြီးက အဝါကတ်ပြသ သတိပေးခဲ့သည့်အပြင် နန့်တက်စ်အသင်းဘက်ကို တိုက်ရိုက်မဟုတ်သည့် အလွတ်တည်ကန်ဘောပါ ကန်ခွင့်ပြုခဲ့သည်။ ဗာရက်တီနှင့် ပီအက်စ်ဂျီအသင်းဖော်များက ဒိုင်လူကြီး၏ အဆိုပါဆုံးဖြတ်ချက်အတွက် စောဒကတက်ခဲ့သော်လည်း ဒိုင်ဖြစ်သူက ကစားသမားတစ်ဦးနှင့် မတူသည့် အပြုအမူကို ပြုခဲ့ခြင်းက ပြစ်ဒဏ်ကျခံရန် လုံလောက်ကြောင်း အကြောင်းပြချက်ပေးခဲ့သည်။

ဖီဖာဥပဒေ ပြဋ္ဌာန်းချက်မှာပင် "ဥပဒေ ၁၂ပါ ပြဋ္ဌာန်းချက်အရ မည်သည့်ပရိယာယ်မျိုးကိုမဆို လုပ်ဆောင်ရန် ခွင့်ပြုမည်မဟုတ်ပေ" ပါရှိပြီးဖြစ်သလို အက်ဖ်အေကလည်း 'ဂိုးသမားဆီသို့ ခေါင်းတိုက်၍ဖြစ်စေ၊ ရင်ဘတ်နှင့် ထိန်း၍ဖြစ်စေ၊ ဒူးဖြင့်တိုက်၍ဖြစ်စေ စသဖြင့် နည်းအမျိုးမျိုးဖြင့် ဘောလုံးပေးပို့ရာတွင် (အလွတ်တည်ဘော အပါအဝင်) ပရိယာယ်သုံးလျှင် ဒိုင်ဖြစ်သူက အဆိုပါ ကစားသမားကို အဝါကတ်ပြသတိပေးနိုင်သည်" ဟု ဖော်ပြပါရှိပြီးဖြစ်သည်။

ထို့ကြောင့် ထရက်ပ်ဆီသို့ ဘောလုံးမရောက်ရှိသည့်တိုင်အောင် ဗာရက်တီအနေဖြင့် ကစားသမားတစ်ဦး အမူအကျင့်ကို ချိုးဖောက်မိသည့်အတွက် အဝါကတ်ပြသတိပေးခံရခြင်းပင်ဖြစ်သည်။ သို့သော် ယင်းအခြေအနေက ပွဲရလဒ်ပိုင်းအပေါ် သက်ရောက်မှုမရှိခဲ့ဘဲ ပီအက်စ်ဂျီအသင်းက နှစ်ဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည့်အတွက် ပြင်သစ်ပထမတန်းလိဂ် အမှတ်ပေးဇယားကို ဦးဆောင် နေသူနိုက်စ်အသင်းအောက် တစ်မှတ် အကွာသို့ရောက်ရှိလာခဲ့သည်။ **(မေလဲ့သင်း)**

## ဝက်စ်ဟမ်းနောက်ခံလူအော့ဘိုနာ ရာသီကုန်အထိ အနားယူရတော့မည်ဟု ဝက်စ်ဟမ်းနည်းပြဘီလစ် အတည်ပြု

ဝက်စ်ဟမ်း နောက်ခံလူ အော့ဘိုနာမှာ ဒူးဒဏ်ရာ ရရှိနေရင်းဖြင့် ဝင်ရောက်ကစားပေးနေခြင်းဖြစ်ပြီး ယခုအခါ ခွဲစိတ်ကုသရမည်ဖြစ်ရာ ရာသီကုန်အထိ အနားယူရတော့မည်ဖြစ်ကြောင်း နည်းပြဘီလစ်က အတည်ပြုပြောကြားခဲ့သည်။

ဘီလစ်က"ကျွန်တော့်အနေနဲ့ ဒဏ်ရာရှိနေရက်နဲ့ အသင်းအတွက် တစ်ရာသီလုံး ဝင်ရောက်ကစားပေးနေတဲ့ အော့ဘိုနာကို ချီးကျူးစကားပြောကြားလိုပါတယ်။ ကာလရှည်ကြံ့ခိုင်မှု ပြည့်ဝဖို့ဆိုရင် သူ့အနေနဲ့ ခွဲစိတ်ဖို့လိုအပ်ပါတယ်။ ဒါကြောင့် သူရာသီကုန်အထိ အနားယူရမှာ ဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ယခင်ဂျူဗင်တပ်နောက်ခံလူ အော့ဘိုနာ အနေဖြင့် ဒူးဒဏ်ရာ ရရှိနေသည်မှာ ကာလအတန်ကြာပြီဖြစ်သော်လည်း ဝက်စ်ဟမ်းအသင်း၏နောက်တန်းအင်အား မပြည့်စုံခြင်းကြောင့် ဝင်ရောက်ကစားပေးနေရခြင်း ဖြစ်သည်။ မစ်ဒယ်ဘရော့အသင်းအား သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် ပွဲစဉ်တွင် အော့ဘိုနာ ဝင်ရောက်ကစားပေးခဲ့သေးသော်လည်း ဝက်စ်ဟမ်းအသင်းသည် နောက်ခံလူဖောင်တီကို ပြောင်းရွှေ့ကြေး ပေါင်ရှစ်သန်းဖြင့် ဆောက်သမ်တန်မှ ခေါ်ယူနိုင်ခဲ့ပြီးနောက် အော့ဘိုနာကို ခွဲစိတ်ကုသရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။ **(မေလဲ့သင်း)**

### ဇန်နဝါရီ ၂၂ ရက် အနိုင်/အရှုံးရလဒ်များ

**ပရီမီယာလိဂ် ပွဲစဉ်-၂၁**

| | | | | |
|---|---|---|---|---|
| မန်စီးတီး | ၂ | - | ၂ | စပါး |
| ဆောက်သမ်တန် | ၃ | - | ၀ | လက်စတာ |
| အာဆင်နယ် | ၂ | - | ၁ | ဘန်လေ |

**စီးရီးအေ ပွဲစဉ်-၂၁**

| | | | | |
|---|---|---|---|---|
| ချီယေဗို | ၁ | - | ၃ | ဖီအိုရင်တီးနား |
| အေစီမီလန် | ၁ | - | ၂ | နာပိုလီ |
| ဂျူဗင်တပ် | ၂ | - | ၀ | လာဇီယို |
| ဂျီနိုအာ | ၂ | - | ၂ | ခရိုတုန်း |
| ပါလာမို | ၀ | - | ၁ | အင်တာမီလန် |
| ပက်စ်ကာရာ | ၁ | - | ၃ | ဆာဆူအိုလို |
| ဘိုလော့နာ | ၂ | - | ၀ | တိုရီနို |
| အမ်ပိုလီ | ၁ | - | ၀ | အူဒီးနီးစ် |

**လာလီဂါ ပွဲစဉ်-၁၉**

| | | | | |
|---|---|---|---|---|
| အလာဗက်စ် | ၂ | - | ၂ | လီဂါနက်စ် |
| ဗီလာရီးယဲလ် | ၀ | - | ၂ | ဗလင်စီယာ |
| ဆိုဆာဆူနာ | ၃ | - | ၄ | ဆီဗီလာ |
| ဘီဘာအို | ၂ | - | ၂ | အက်သလက်တီကို |

**ဘွန်ဒက်စ်လီဂါ ပွဲစဉ်-၁၇**

| | | | | |
|---|---|---|---|---|
| လိုက်ပ်ဇစ် | ၃ | - | ၀ | ဖရန့်ဖတ် |
| လေဗာကူဆင် | ၃ | - | ၁ | ဟာသာဘာလင် |

**မောင်မောင်ဇော်**

# ဘရိတ်ဓားပန်းချီကားကို နိုင်ငံတကာခရီးသွားဧည့်သည်များ အထူးသဘောကျနှစ်ခြိုက်

**မန္တလေး ဇန်နဝါရီ ၂၂**

မြန်မာ့အနုပညာများတွင် နိုင်ငံတကာအထိ ထိုးဖောက်နိုင်သော အနုပညာတစ်ရပ်ကိုပြပါဆိုလျှင် ပန်းချီအနုပညာကိုပြသနိုင်သည်။ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သော နိုင်ငံတကာခရီးသွားဧည့်သည်များ စိတ်ဝင်တစား ဝယ်ယူသွားလေ့ရှိသော အနုပညာမြောက်ပစ္စည်းများတွင် ပန်းချီသည် အများဆုံးဖြစ်နေသည်။

မြန်မာနိုင်ငံ ရှေးဟောင်းဇုန်များ၊ အထင်ကရနေရာများ၊ နိုင်ငံတကာခရီးသွားများ လာရောက်လေ့လာလေ့ရှိသောနေရာများတွင် ပန်းချီပြခန်းများ ထားလေ့ရှိသည်။ ထို့အတူ မိုဘိုင်းစနစ်ဖြင့် စက်ဘီးကိုအသုံးပြုကာ ရေးဆွဲရောင်းချသော တန်ဖိုးနည်း ဘရိတ်ဓားပန်းချီကားများကို နိုင်ငံတကာခရီးသွားဧည့်သည်များ အထူးသဘောကျကာ ဝယ်ယူအားပေးမှုများပြားလာသည်။

ဘရိတ်ဓားပန်းချီကားတစ်ချပ်လျှင် ငွေကျပ် ၅၀၀၀ မှ ၈၀၀၀ အထိရှိသည်။ အဖြူ အမဲဖြင့် ရေးဆွဲထားပြီး မန္တလေးမြို့အနီးမှ သမိုင်းဝင်နေရာများနှင့် သဘာဝအလှရှုခင်းများကို အားထားရေးဆွဲထားသည့်အတွက် ခရီးသွားဧည့်သည်များ ပိုမိုနှစ်သက်သဘောကျကြသည်။ လိုချင်သောပုံများကိုလည်း ငါးမိနစ်အတွင်း လက်တွေ့ရေးဆွဲပြသသည့်အတွက် အချို့သောခရီးသွားဧည့်သည်များမှာ စိတ်တိုင်းကျပုံများကို စောင့်ယူလေ့ရှိကြောင်း သိရသည်။

မန္တလေးမြို့၌ သမိုင်းဝင် ရွှေကျောင်းတော်ကြီး၊ တောင်သမန်၊ ဦးပိန်တံတားနှင့် အခြားနေရာများတွင် ဘရိတ်ဓားပန်းချီများကို ရေးဆွဲရောင်းချကြသည်။ မန္တလေးမြို့ပေါ်တွင်မူ မိုဘိုင်းစနစ်ဖြင့် ဘရိတ်ဓားပန်းချီများ ရေးဆွဲရောင်းချကြသည်။

ပန်းချီကားများမှာ အနည်းဆုံး ငွေကျပ်၂၀၀၀၀ ကျော်မှ သိန်းချီတန်ဖိုးရှိသည်။ ပန်းချီအနုပညာကို ပြည်သူများခံစားနိုင်ရန် ပြုလုပ်ပေးနေချိန်တွင် တန်ဖိုးနည်း ဘရိတ်ဓားပန်းချီဟုခေါ်သော ပန်းချီကားများကို စိတ်ဝင်စားမှု ပိုမိုလာကြသည်။ ငွေကြေးတန်ဖိုးအနေဖြင့် ပြည်တွင်းဝယ်လက်များဆိုပါက ဘရိတ်ဓားပန်းချီတစ်ချပ်လျှင် ငွေကျပ် ၃၀၀၀ မှ ၅၀၀၀ အတွင်း ရောင်းချပေးကြသည်။ လက်ရှိကာလတွင် မန္တလေးမြို့ရောက် နိုင်ငံတကာခရီးသွား ဧည့်သည်များမှာ တန်ဖိုးနည်း ဘရိတ်ဓားပန်းချီကားများကို ဝယ်ယူမှု များပြားလျက်ရှိကြောင်း သိရသည်။ **တိမ်တမန်**





## (၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့ ယခင်နှစ်များထက် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ကလေး ဇန်နဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၏ ၂၀၁၇ ခုနှစ် (၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့ကို ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၀ ရက်အထိ တောင်ဖီလာရပ်ကွက်အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းဘောလုံးကွင်း၌ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက် ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဆောင်မှုဖြင့် ဆပ်ကော်မတီများနှင့် ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၀ ရက် နံနက် ၁၀ နာရီက ခရိုင်စီမံခန့်ခွဲမှု ကော်မတီအစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြသည်။

အစည်းအဝေးတွင် အစီအစဉ်ရေးဆွဲရေးကော်မတီမှဦးဆောင်၍ ဆပ်ကော်မတီအားလုံး၏ လုပ်ငန်းဆောင်ရွက်မှုအကျဉ်းကို တင်ပြပြီး ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများက ဆောင်ရွက်မည့်လုပ်ငန်းများနှင့်ပတ်သက်၍ ခန့်မှန်းကုန်ကျစရိတ်များကို အသေးစိတ်ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် ဆပ်ကော်မတီအသီးသီး၏ ရှင်းလင်းတင်ပြချက်များအပေါ် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ပြန်လည်ညှိနှိုင်း အကြံပြုဆွေးနွေးပေးသည်။

ကလေးမြို့တွင်ကျင်းပမည့် ချင်းအမျိုးသားနေ့၌ နေ့ခင်းပိုင်းတွင် ချင်းရိုးရာပစ္စည်းများအပါအဝင် ပြခန်းပေါင်း ၁၀ ခန်းကျော် ဖွင့်လှစ်ပြသခြင်း၊ အားကစားပြိုင်ပွဲများအနေဖြင့် ဘောလုံး၊ ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ်၊ တင်းနစ်၊ ဘော်လီဘော၊ ကြက်တောင်၊ သံလုံးပစ်၊ စွမ်းရည်ပြသခြင်း ပြိုင်ပွဲများပြုလုပ်ခြင်းနှင့် ညပိုင်းတွင် နိုင်ငံတစ်ဝန်းရှိ စာပေ၊ အနုပညာ၊ အားကစားများမှ နိုင်ငံတော်အဆင့်ဆုရရှိသူ ချင်းတိုင်းရင်းသားများအား ယခင်နှစ်များကဲ့သို့ ဂုဏ်ပြုဆုချီးမြှင့်ခြင်း၊ နိုင်ငံကျော်တေးသံရှင် အဆိုတော်များဖိတ်ခေါ်၍ စင်တင်တေးဂီတဖြင့်ဖျော်ဖြေခြင်း၊ ချင်းရိုးရာအကပဒေသာများဖြင့် ကပြဖျော်ဖြေခြင်း၊ ချင်းတိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်မှု ဖက်ရှင်ရှိုးပြသခြင်းတို့ဖြင့် ညစဉ်ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကလေးမြို့တွင်ကျင်းပမည့် (၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့ကို ယခင်နှစ်များ၌ကျင်းပသည်ထက် ပိုမို၍ စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ကလေးခရိုင်နှင့် တမူးခရိုင်တို့ ပူးပေါင်းကျင်းပမည့်ပွဲတော်ဖြစ်ပြီး ဈေးဆိုင်ခန်းများပါဖွင့်လှစ်မည်ဖြစ်ရာ ဈေးရောင်းလိုသူများအနေဖြင့် နေရာရရှိနိုင်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီသို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **ဂျိုးနက်**

## ၂၀၁၆ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် HIV ပိုးကူးစက်ခံရသူအသစ် ၁၁၀၄၉ ဦးရှိသည်ဟု စောင့်ကြပ်ကြည့်ရှုခြင်းမှတ်တမ်းမှ သိရ

**မုံရွာ ဇန်နဝါရီ ၂၂**

မြန်မာနိုင်ငံတွင် HIV ပိုးကူးစက်ခံရမှု အမြင့်ဆုံးဒေသများမှာ ရန်ကုန်၊ မန္တလေး၊ မြစ်ကြီးနားနှင့် ဖားကန့် စသောဒေသများနှင့် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံထွက်ပေါက်၊ ဝင်ပေါက်ဒေသများဖြစ်ပြီး ၂၀၁၆ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် HIV ပိုးကူးစက်ခံရသူအသစ်မှာ ၁၁၀၄၉ ဦးရှိသည်ဟု စောင့်ကြပ်ကြည့်ရှုခြင်း မှတ်တမ်းမှသိရကြောင်း ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းက မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခန်းမ၌ကျင်းပသော မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (MYA၊ 15၊ A2)HIV၊ AIDS မျိုးဆက်ပွားကျန်းမာရေး မြှင့်တင်ခြင်းဆိုင်ရာ လုပ်ငန်းပြန်လည်ဆန်းစစ်ခြင်း အခမ်းအနား၏ အဖွင့်စကားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်တင်တင်ဝင်းက ထည့်သွင်းပြောကြားသည်။

“HIVနဲ့ပတ်သက်ပြီး AIDS ခန့်မှန်းတွက်ချက်မှုအရ ၂၀၁၅ ခုနှစ်မှာ မြန်မာနိုင်ငံရဲ့ HIV ပြန့်ပွားမှုနှုန်းဟာ ပွိုင့် ၆ မှာရှိနေပြီး ရောဂါရှိသူတွေဟာ ၂၂၅၀၀ ရှိပါတယ်။ အာရှပစိဖိတ်ဒေသနိုင်ငံတွင်းမှာဆိုရင် မြန်မာနိုင်ငံဟာ နံပါတ် ၆ နေရာမှာရှိနေတယ်ဆိုတာ သိရပါတယ်။ HIV ပိုးကူးစက်တဲ့ ဦးတည်အုပ်စုတွေဖြစ်တဲ့ မူးယစ်ဆေးအကြောထဲထိုးသွင်းတဲ့သူတွေ၊ အမျိုးသမီးလိင်လုပ်သားတွေ၊ အမျိုးသားချင်း လိင်တူဆက်ဆံသူတွေမှာ အဖြစ်များတယ်ဆိုတာ တွေ့ရပါတယ်။ HIV ကူးစက်ခံရသူတွေကို ကုသခြင်းဟာ ကာကွယ်ခြင်းနဲ့ အတူတူပါပဲ။ ကုသခြင်းဟာ ကာကွယ်ခြင်းနဲ့ တစ်ပြိုင်တည်းဖြစ်နေတာကို တွေ့ရပါတယ်”ဟု ဒေါ်တင်တင်ဝင်းက ပြောပြသည်။

ဦးတည်အုပ်စုများဖြစ်သည့် မူးယစ်ဆေး အကြောထဲထိုးသွင်းသူ ၂၉ ရာခိုင်နှုန်း၊ အမျိုးသမီး လိင်လုပ်သား ခုနစ်ရာခိုင်နှုန်း၊ အမျိုးသားချင်း လိင်ဆက်ဆံသူ ၂၃ ရာခိုင်နှုန်း HIV ပိုးကူးစက်မှုရှိနေရာ အမျိုးသမီးလိင်လုပ်သားများနှင့် အမျိုးသားအချင်းချင်း လိင်ဆက်ဆံသူ ရာခိုင်နှုန်းသည် HIV ပိုးအသစ်ရှိသူစုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းကျော်ဖြစ်နေသည်ကို တွေ့ရကြောင်း သိရသည်။

မူးယစ်ဆေး အကြောတွင်းထိုးသွင်းသူများ HIV ကူးစက်မှုလျှော့ချရန်နှင့် HIV ပိုးကူးစက်ခံရခြင်း ရှိ-မရှိ သွေးစစ်ဆေးခြင်းလုပ်ငန်းများအပြင် မိခင်မှတစ်ဆင့် ကလေးသို့ HIV ကူးစက်မှုကာကွယ်ရေးလုပ်ငန်းဖြစ်သည့် ART ဆေးဖြင့် ကုသရေးလုပ်ငန်းကို မြန်မာတစ်နိုင်ငံလုံး လွှမ်းခြုံမှုရှိရန် တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း ဒေါ်တင်တင်ဝင်းထံမှ သိရသည်။ လာမည့် ၂၀၂၅ ခုနှစ်တွင် မိခင်မှကလေးသို့ HIV ပိုးကူးစက်မှု လုံးဝကင်းစင်ပပျောက်သွားသည်အထိ ရည်ရွယ်ထားကြောင်းလည်း သိရသည်။

(MYA၊ 15၊ A2)HIV၊ AIDS မျိုးဆက်ပွားကျန်းမာရေးမြှင့်တင်ခြင်းဆိုင်ရာ လုပ်ငန်းပြန်လည်ဆန်းစစ်ခြင်းအခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်တင်တင်ဝင်းက အဖွင့်အမှာစကားပြောကြားကာ စစ်ကိုင်းတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌက အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း IDPF ဌာနမှ အမှုဆောင်အရာရှိက လုပ်ငန်းဆန်းစစ်ထားမှုများကိုတင်ပြပြီး မြို့နယ်၏ဆောင်ရွက်ချက် အစီရင်ခံစာအချက်အလက်များ၊ အညွှန်းကိန်းများကို အသင်းဝင်တစ်ဦးက နှိုင်းယှဉ်ပြသကာ ကျေးရွာအုပ်ချုပ်ရေးမှူးနှစ်ဦးက မြို့နယ်အတွင်း စီမံချက်ဆောင်ရွက်ရာတွင် အားသာချက်၊ အားနည်းချက်များကို ထိုးထွင်းကြံဆမှုဖြင့် ဆောင်ရွက်မှုများကို ဆွေးနွေးကြပြီး လုပ်ငန်းဆန်းစစ်ချက်များကို မေးမြန်းဖြေဆိုခဲ့ကြသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

## ကမ္ဘမြို့စည်ပင်သာယာဈေးတွင် မီးဘေးကြိုတင်ကာကွယ်တားဆီးရေး ဇာတ်တိုက်လေ့ကျင့်

**ပခုက္ကူ ဇန်နဝါရီ ၂၂**

ပခုက္ကူမြို့နယ် ကမ္ဘမြို့ စည်ပင်သာယာဈေးတွင် မီးဘေးကာကွယ်တားဆီးရေး ဇာတ်တိုက်လေ့ကျင့်ပွဲကို ဇန်နဝါရီ ၂၀ ရက် ညနေ ၄ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပိုက်ကို၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမြမင်းဆွေ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဟန်ဇော်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဆောင်၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်နိုင်နှင့် တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကမ္ဘမြို့ စည်ပင်သာယာဈေးတာဝန်ခံနှင့် ဈေးသူ၊ ဈေးသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်နိုင်က ပွင့်လင်းရာသီရောက်ရှိလာ၍ မီးဘေးကာကွယ်တားဆီးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ မီးဘေးအန္တရာယ်ဖြစ်ပွားပါက ဆုံးရှုံးမှုတန်ဖိုးကြီးမားသည့်အတွက် မီးကိုမပေါ့ဆစေလိုကြောင်း ရှင်းလင်းပြောကြားပြီး ဇာတ်တိုက်သရုပ်ပြလေ့ကျင့်ခြင်းကို သန္ဓေ တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက ပူးပေါင်းပြုလုပ်ကြောင်း သိရသည်။

ကမ္ဘမြို့ မီးဘေးကာကွယ်ရေး စေတနာသဒ္ဓါတရားထက်သန်စွာ လှူဒါန်းထောက်ပံ့ကူညီသော အလှူရှင်များအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုလွှာများပေးအပ်သည်။ ပခုက္ကူခရိုင် မီးသတ်ဦးစီးဌာနမှ ကမ္ဘမြို့ အရန်မီးသတ်တပ်ဖွဲ့သို့ မီးသတ်ပိုက်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **တင်အောင်ဝင်း(ပခုက္ကူပြန်/ဆက်)**





# ထန်းတပင်မြို့နယ်တွင် ကမ်းပါးပြိုမှုဖြစ်ပွား

**ထန်းတပင် ဇန်နဝါရီ ၂၂**
ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကျွန်းငူကမ်းနား သဘော်ဆိပ်မြစ် ကမ်းထိန်းနံရံသည် ဇန်နဝါရီ ၂၀ ရက် ညနေ ၅ နာရီ ၅ မိနစ်က မြေပြိုကျမှုဖြစ်ပေါ်ခဲ့ပြီး ည ၇ နာရီခွဲတွင် ပေ ၆၀ အထိ ပြိုကျသွားကြောင်း သိရသည်။

အဆိုပါမြစ်ကမ်းပါးသည် ယခင်နှစ်များကလည်း မြစ်ကမ်းပါးပြိုကျမှုဖြစ်ပေါ်ခဲ့ခြင်းကြောင့် မြစ်ကမ်းစပ်တွင် ကျောက်များချ၍ အုတ်နံရံတည်ဆောက်ကာ မြစ်ကမ်းပါးထိန်းနံရံတည်ဆောက်ထားခဲ့ပြီး ဖြစ်သော်လည်း ယခုနှစ်တွင် ဇန်နဝါရီ ၁၆ ရက် ညနေပိုင်းမှစတင်၍ မြစ်ကမ်းထိန်းနံရံ အက်ကွဲလာပြီး မြေသားများ နိမ့်ဆင်းလာခဲ့ခြင်း ဖြစ်သည်။

မြစ်ကမ်းပါးပြိုကျမှုကြောင့် မြစ်ကမ်းအနီးနေထိုင်ကြသော လူနေအိမ်များနှင့် ဈေးဆိုင်များ ပြောင်းရွှေ့နေကြပြီး ကလေးများအား နီးစပ်ရာဆွေမျိုးများက ခေါ်ယူထားရသည်။ မြစ်ကမ်းပါးပြိုကျမှုကြောင့် မြစ်ကမ်းအနီး ပြည်သူများ စိုးရိမ်ထိတ်လန့်မှုမဖြစ်စေရန်နှင့် လိုအပ်ပါက အကူအညီပေးနိုင်ရေးတို့အတွက် ထန်းတပင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များက အချိန်ပြည့်ကြည့်ရှု စောင့်ရှောက်လျက်ရှိနေကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ရွှေပြည်သာစက်မှုဇုန်ရှိ အလုပ်ရှင်၊ အလုပ်သမားများအား ဥပဒေဆိုင်ရာအသိပညာပေး

**ရန်ကုန် ဇန်နဝါရီ ၂၂**
ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် တညင်းကုန်းရှိ ရွှေပြည်သာစက်မှုဇုန် ကနောင်ခန်းမ၌ ဇန်နဝါရီ ၁၉ ရက် မွန်းလွဲ ၁ နာရီက အလုပ်သမားညွှန်ကြားမှုဦးစီးဌာန အင်းစိန်မြို့နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှ အလုပ်ရှင် အလုပ်သမားများအား ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အသိပညာပေးခြင်းနှင့် အလုပ်သမားဥပဒေများဆိုင်ရာ ဆွေးနွေးရှင်းလင်းဟောပြောပွဲကို ကျင်းပခဲ့သည်။

ရှေးဦးစွာ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (တိုင်းဒေသကြီးရုံး) ရန်ကုန်တိုင်းဒေသကြီးမှ ညွှန်ကြားရေးမှူး ဒေါ်ဌေးဌေးစိုးက ပြည်ပသို့ သွားရောက်လုပ်ကိုင်သော အလုပ်သမားများအနေဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ခွင့်ပြုထားသော အေဂျင်စီများအနေဖြင့် တရားဥပဒေလမ်းကြောင်းမှ သွားရောက်ခြင်းဖြင့် အလုပ်သမားများ၏ ဥပဒေအရရရှိမည့် အကျိုးခံစားခွင့်များ၊ အလုပ်သမားရေးရာကိစ္စများကို အချိန်နှင့်တစ်ပြေးညီ ကူညီစောင့်ရှောက်နိုင်မည်ဖြစ်ကြောင်း၊ အလုပ်သမားလျော်ကြေး ဥပဒေသိကောင်းစရာများ၊ အလုပ်ရှင်၊ အလုပ်သမား သဘောတူညီချက် စာချုပ်ချုပ်ဆိုခြင်း သိကောင်းစရာများ၊ အလုပ်သမားအဖွဲ့အစည်းကိစ္စရပ်များနှင့် အနည်းဆုံး အခကြေးငွေဥပဒေဆိုင်ရာ သိကောင်းစရာများအား ရှင်းလင်းဆွေးနွေး ပြောကြားခဲ့သည်။

ထို့နောက် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန်းထိုက်၊ လူမှုဖူလုံရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်မင်း၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစိစစ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝင်းဝင်းလှိုင်၊ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းမင်းထွန်းတို့က အလုပ်ရှင်၊ အလုပ်သမားများ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ကိစ္စရပ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြခဲ့ကြပြီး တက်ရောက်လာကြသော အလုပ်ရှင်၊ အလုပ်သမားများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကာ ရွှေပြည်သာစက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအေးကိုက အလုပ်ရှင်၊ အလုပ်သမားများကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **(မြင့်)**

# ပြည်သူများအကူအညီတောင်းခံလာပါက ဥပဒေနှင့်အညီ ကြန့်ကြာမှုမရှိအောင်ဆောင်ရွက်ပေး

**သံတွဲ ဇန်နဝါရီ ၂၂**
သံတွဲခရိုင် သံတွဲမြို့နယ်တွင် လွှတ်တော်ကိုယ်စားလှယ်များ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ဇန်နဝါရီ ၂၀ ရက် နံနက် ၉ နာရီက သံတွဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် သံတွဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းကြည် (ပြည်သူ့ရေးရာကော်မတီအဖွဲ့ဝင်)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ကြွေအေးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ဆွေးနွေးပြောကြားရာတွင် ဌာနဆိုင်ရာများ၊ ဝန်ထမ်းများအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံပေါင်းစပ်ညှိနှိုင်းဆောင်ရွက်စေလိုကြောင်း၊ ပြည်သူ့လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရာတွင် အဓိကလိုအပ်ချက်များကိုသာ ထိထိရောက်ရောက်အောင်မြင်အောင် ဆောင်ရွက်ပေးစေလိုပါကြောင်း၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန် ဘဏ္ဍာငွေအသုံးစရိတ်များ တင်ပြတောင်းခံရာတွင် မှန်မှန်ကန်ကန် တိတိကျကျ တွက်ချက်တင်ပြတောင်းခံရန်နှင့် လွှတ်တော်ကိုယ်စားလှယ်များအား ကြိုတင်ညှိနှိုင်းအသိပေးဆောင်ရွက်ပေးကြစေလိုကြောင်း၊ နိုင်ငံတော်နှင့် ပြည်နယ်အစိုးရ၏ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာစွာဖြင့် စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်နှင့် ပြည်သူ့အစိုးရဖြစ်သည့်အတွက် ပြည်သူများ၏ ဘဏ္ဍာငွေကိုခံစားနေရသည့် ပြည်သူ့ဝန်ထမ်းများဖြစ်သည့်အားလျော်စွာ ပြည်သူများ၏ အကျိုးကိုရှေးရှုပြီး ပြည်သူများအကူအညီတောင်းခံလာသည်ကို ဥပဒေနှင့်ညီညွတ်ပါက ကြန့်ကြာမှုမရှိအောင် ကူညီဆောင်ရွက်ပေးစေလိုကြောင်း စသည်တို့ကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြို့နယ်အဆင့်ဌာနဆိုင်ရာများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုများနှင့် လိုအပ်ချက်များကို ဆွေးနွေးကြရာ လွှတ်တော်ကိုယ်စားလှယ်များက ပြန်လည်အကြံပြု ဆွေးနွေးပေးခဲ့ကြသည်။ **ခရိုင်(ပြန်/ဆက်)**

# ပြည်သူများ၏ လိုအပ်ချက်နှင့်အညီ မြို့ကို အဆင့်မြှင့်တင်ကာ စီးပွားရေးဇုန်၊ လူနေရပ်ကွက်နှင့် Public ဧရိယာများ တိုးချဲ့ဆောင်ရွက်

**ဒီးမော့ဆို ဇန်နဝါရီ ၂၂**
ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဦးစီးဌာနမှ မြို့ပြဒေသဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း ရှင်းလင်းပွဲကို ဇန်နဝါရီ ၂၀ ရက် နံနက် ၁၀ နာရီက ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှင်းလင်းပွဲတွင် ပြည်နယ်စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘော့စ်ကိုက အမှာစကားပြောကြားပြီး ကယားပြည်နယ် မြို့ပြနှင့်အိမ်ရာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူး ဦးကျော်ဆန်းဝင်းက မြို့ပြဒေသဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို ကယားပြည်နယ်၌ ၂၀၁၃ ခုနှစ်တွင် လွိုင်ကော်မြို့ကိုလည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင် ဘောလခဲမြို့ကိုလည်းကောင်း၊ ၂၀၁၆ ခုနှစ်တွင် ဖားဆောင်းမြို့နှင့် မယ်စဲ့မြို့တို့ကိုလည်းကောင်း ရေးဆွဲခဲ့ကာ ၂၀၁၇ ခုနှစ်တွင် ဒီးမော့ဆိုမြို့ကို မြို့ပြဒေသဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲနိုင်ရန် မြေအသုံးချမှုပုံစံကိုအခြေခံပြီး ရေးဆွဲသွားမည်ဖြစ်ပြီး ပြည်သူများ၏လိုအပ်ချက်နှင့်အညီ လက်ရှိမြို့ကို အဆင့်မြှင့်တင်ကာ စီးပွားရေးဇုန်၊ လူနေရပ်ကွက်နှင့် Public ဧရိယာများကို တိုးချဲ့ဆောင်ရွက်နိုင်ရန် ဝိုင်းဝန်းဆွေးနွေးကြစေလိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မြို့ပြနှင့်အိမ်ရာဦးစီးဌာန မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးဌာနခွဲ (ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးဇော်ဝင်းက မြို့ပြဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။

အခမ်းအနားသို့ ပြည်နယ်စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘော့စ်ကို၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပေါလ်ဆိုင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောစိန်ထွန်း၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြကြောင်း သိရသည်။

မြို့ပြနှင့်အိမ်ရာဦးစီးဌာန မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲမည့် မြို့ပေါင်း ၃၀ နှင့် မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းပုံစံ ပြန်လည်သုံးသပ်ရေးဆွဲမည့် မြို့ပေါင်းခုနစ်မြို့ စုစုပေါင်း ၃၇ မြို့ ဆောင်ရွက်ရန် လျာထားလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**




# ကျောင်းမုန့်ဖိုးမှ စုဆောင်းပြီး ဆရာ ဆရာမများအား ကျောင်းသူလေးက ကျေးဇူးဆပ်လှူဒါန်း

**သီပေါ ဇန်နဝါရီ ၂၂**
ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ အမှတ်(၂)အခြေခံပညာမူလတန်းလွန်ကျောင်း ဘက်စုံပညာထူးချွန်ဆုပေးအပ်ပွဲကို ဇန်နဝါရီ ၂၀ ရက်က ဒုဋ္ဌဝတီခန်းမဆောင်၌ ကျင်းပရာ မိဘကပေးသည့် မုန့်ဖိုးမှ စုဆောင်း၍ ပညာသင်ကြားပေးကြသည့် ဆရာ ဆရာမ ၁၇ ဦးတို့အား ကျေးဇူးဆပ်သောအားဖြင့် ဒုတိယတန်းကျောင်းသူလေး နန်းသီရိသံစဉ်က ကျောင်းအုပ်ဆရာကြီး ဦးသန်းလွင်ထံ ဂါရဝပြုငွေကျပ် တစ်သိန်းခွဲ ပေးအပ်လှူဒါန်းခဲ့သည်။ **စိုင်း(သီပေါ)**

# မြန်မာ့စက်မှုခေတ်ပြောင်းသင်္ကေတ ဒင်္ဂါးသွန်းစက်ရုံကို ယနေ့တိုင်လေ့လာနိုင်

**မန္တလေး ဇန်နဝါရီ ၂၂**
မြန်မာနိုင်ငံတွင် အတိတ်ကာလမှသမိုင်းကြောင်း ယဉ်ကျေးမှုများစွာ ဂုဏ်ယူဖွယ်တည်ရှိပြီး လေ့လာစရာများစွာရှိသည်။ လက်ရှိခေတ်တိုးတက်မှုများသည်လည်း စိတ်ဝင်စားစရာကောင်းသလိုပင် ရှေးခေတ်မှ လူနေမှုပုံသဏ္ဌာန်ယဉ်ကျေးမှုမှအစ အသုံးအဆောင်၊ အဆောက်အအုံများသည် စိတ်ဝင်စားဖွယ်ကောင်းလှသည်။ သမိုင်းဝင်ပစ္စည်းတစ်ခုသည် ထိုနိုင်ငံအတွက် အဖိုးမဖြတ်နိုင်သောအဖိုးတန်ရတနာဟုပင် ညွှန်းဆိုနိုင်သည်။ နိုင်ငံသားတိုင်း ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကာ မိမိတိုင်းပြည်၏ဂုဏ်ကို မြှင့်တင်သင့်လှသည်။

မန္တလေးမြို့သည် မြန်မာမင်းများ၏ နောက်ဆုံးမင်းနေပြည်ဖြစ်ခဲ့သလို လေ့လာမကုန်နိုင်သော သမိုင်းဝင်ပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများ၊ ဘုရားစေတီများကို ယနေ့တိုင် ဖူးမြင်နိုင်သည်။ မန္တလေးမြို့တွင်ရှိသော ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်များတွင် နိုင်ငံတကာမှလာရောက်သော ခရီးသွားဧည့်သည်များ အထူးအံ့သြစွာ လေ့လာသောအရာမှာ ကျုံးမြို့ရိုးနှင့်တကွ မြနန်းစံကျော် ရွှေနန်းတော်ပင်ဖြစ်သည်။ မြနန်းစံကျော် ရွှေနန်းတော်ဘေး ရွှေမြို့တော်အတွင်းတွင် လေ့လာစရာများစွာရှိသည်။ စွယ်တော်စင်၊ ဗဟိုရ်စင်၊ မင်းတုန်းမင်းအုတ်ဂူပြာသာဒ်၊ ကျောက်စာရုံနှင့်တကွ အခြားလေ့လာစရာများစွာရှိသည်။ ထိုလေ့လာစရာများစွာထဲတွင် ရတနာပုံခေတ် မြန်မာ့စက်မှုခေတ်ပြောင်းလဲမှုသင်္ကေတတစ်ခုအဖြစ် ကျန်ရှိနေသော စက်ရုံတစ်ရုံရှိသည်။ ထိုစက်ရုံမှာ ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းနှင့် အိမ်ရှေ့စံကနောင်မင်းသားကြီးတို့တည်ခဲ့သော ဒင်္ဂါးသွန်းစက်ရုံပင်ဖြစ်သည်။

ရတနာပုံခေတ် စက်မှုနည်းပညာတိုးတက်မှု၊ ကနောင်မင်းသားကြီး၏ အားထုတ်ကြိုးပမ်းမှု၊ နိုင်ငံခြားပညာတော်သင်စေလွှတ်မှု၊ ရေမြုပ်ဗုံးစမ်းသပ်အောင်မြင်ခဲ့မှုများနှင့် စက်ရုံများစွာတည်ထောင်ခဲ့မှုသင်္ကေတများမှာ ယနေ့တိုင်တည်ရှိနေသည်။ လက်ရှိကာလ မန္တလေးနန်းမြို့အတွင်း လေ့လာနိုင်သော သမိုင်းဝင်ဒင်္ဂါးသွန်းစက်ရုံကို သက္ကရာဇ် ၁၂၁၄ ခုနှစ်တွင် အိမ်ရှေ့စံကနောင်မင်းသားကြီးကိုယ်တိုင် ကြီးကြပ်ကာတည်ဆောက်ခဲ့သည်။ သက္ကရာဇ် ၁၂၂၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁ ရက်တွင် ပြီးစီးခဲ့သည်။ ဒင်္ဂါးသွန်းစက်ရုံကို သက္ကရာဇ် ၁၂၂၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက် စနေနေ့နံနက်ပိုင်းတွင် အမြောက်သုံးချက်ပစ်ဖောက်ကာ ဖွင့်လှစ်ခဲ့သည်။

ဒင်္ဂါးသွန်းစက်ရုံမှ ဒေါင်းဒင်္ဂါး၊ ဒေါင်းပိုက်ဆံ၊ မူးစေ့၊မတ်စေ့၊ ပဲစေ့နှင့် ရွှေဒင်္ဂါးတို့ကို ထုတ်လုပ်သည်။ ရွှေဒင်္ဂါးစက်ကိုမူ အင်္ဂလိပ်ကုန်သည်ကြီး ဝီလျံဝါလစ်က ပြင်သစ်မှမှာယူပေးခဲ့ကြောင်း သိရသည်။ အဆောက်အအုံမှာ အုတ်အင်္ဂတေတို့ဖြင့် တည်ဆောက်ထားသည်။ ခေါင်းတိုင်နှင့်တကွ အခန်းခုနစ်ခန်းပါကာ ထောင့်မှန်စတုဂံပုံ အဆောက်အအုံပင်ဖြစ်သည်။ အခန်းများမှာ လုပ်ငန်းစဉ်အလိုက် ငွေအရည်ကျိုခန်း၊ သတ္တုရောစပ်ခန်း၊ ပုံနှိပ်ခန်းအဖြစ် စနစ်တကျခွဲထားသည်။ လက်ရှိကာလတွင် ရတနာပုံခေတ်လက်ရာ ဒင်္ဂါးသွန်းစက်ရုံကို မန္တလေးနန်းမြို့တွင် ယနေ့တိုင်လေ့လာနိုင်ကြောင်း သိရသည်။

**နွေနဒီ၊မြစ်ငယ်**

# ပထမဆုံးတစ်ကိုယ်တော် ဖျော်ဖြေပွဲ ကျင်းပသွားမယ့် ဆူဇီ




တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Miss A"မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဆူဇီဟာ သူ့ရဲ့ပထမဆုံးသော တစ်ကိုယ်တော် ဖျော်ဖြေပွဲကို ကျင်းပသွားရန်စီစဉ်ထားပြီးဖြစ်ကြောင်း အမ်ဝေ့ဗ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

တေးသံရှင်တစ်ဦးအဖြစ်သာမက သရုပ်ဆောင်တစ်ဦးအဖြစ်ပါ အောင်မြင်နေတဲ့ ဆူဇီဟာ သူ့ရဲ့ ပထမဆုံးသော တစ်ကိုယ်တော်တေးအယ်လ်ဘမ်ဖြစ်တဲ့ "Suzy & Live" ကို စတင်ထုတ်လွှင့်ပြီးနောက်နေ့မှာ အဆိုပါဖျော်ဖြေပွဲကို ကျင်းပသွားဖို့ စီစဉ်ထားတာဖြစ်ကြောင်းလည်း သိရပါတယ်။ ဂျေဝိုင်ပီအန်တာတိန်းမန့်နဲ့ ကေအမ်တေးဂီတတို့ပူးပေါင်းထုတ်လုပ်ပေးတဲ့ ဆူဇီရဲ့ ပထမဆုံးသော တစ်ကိုယ်တော် မီနီတေးအယ်လ်ဘမ်သစ်ကို လာမယ့် ဇန်နဝါရီ ၂၄ ရက်မှာ စတင်ထုတ်လွှင့်သွားမှာဖြစ်ပြီး တစ်ကိုယ်တော်ဖျော်ဖြေပွဲကိုတော့ ဇန်နဝါရီ ၂၅ ရက်မှာ ပြုလုပ်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

အဆိုပါတစ်ကိုယ်တော်ဖျော်ဖြေပွဲမှာ ဆူဇီက သူ့ရဲ့နောင်ထွက်ရှိမယ့် တေးအယ်လ်ဘမ်သစ် "Yes No Maybe"မှာ ပါဝင်တဲ့တေးသီချင်းတွေနဲ့လည်း ဖျော်ဖြေပေးသွားမှာဖြစ်ပြီး ပြီးခဲ့တဲ့ ဇန်နဝါရီ ၁၇ရက်က အဆိုပါ တေးအယ်လ်ဘမ်သစ်မှာ ပါဝင်မယ့် တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "Pretend"ကို ထုတ်လွှင့်ခဲ့ကြောင်းလည်း သိရပါတယ်။

# ရိန်းနဲ့ကမ်တေဟီးတို့ ဝတ်ဆင်ခဲ့တဲ့ မင်္ဂလာဝတ်စုံတွေရဲ့နောက်ကွယ်ကအကြောင်းရင်း

ပြီးခဲ့တဲ့ ဇန်နဝါရီ ၁၉ရက်က တရားဝင်လက်ထပ်ခဲ့ကြတဲ့ တောင်ကိုရီးယား ထိပ်တန်းကြယ်ပွင့်နှစ်ဦးဖြစ်တဲ့ ရိန်းနဲ့ကမ်တေဟီးတို့ရဲ့ မင်္ဂလာပွဲမှာ ဝတ်ဆင်ခဲ့တဲ့ ဝတ်စုံတွေနဲ့ပတ်သက်ပြီး နောက်ကွယ်မှာရှိနေခဲ့တဲ့ အကြောင်းအရင်းတွေကို ကိုရီးယားဘိုးဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။





ကတ်သလစ်ဘုရားကျောင်းတစ်ခုမှာ မိသားစုဝင်တွေနဲ့ မိတ်ဆွေအချို့ကိုသာဖိတ်ကြားပြီး တိတ်တဆိတ်မင်္ဂလာပွဲဆင်နွှဲခဲ့ကြတဲ့ အဆိုပါမောင်နှံဟာ သာမန်မင်္ဂလာပွဲလေးနဲ့သာ ကျေနပ်ခဲ့ကြရုံသာမက သတို့သားနဲ့သတို့သမီးတို့ ဝတ်ဆင်ခဲ့ကြတဲ့ မင်္ဂလာဝတ်စုံတွေဟာလည်း သာမန်ဝတ်စုံတွေသာဖြစ်ခဲ့ကြောင်း သိရပါတယ်။

အောင်မြင်မှုတွေနဲ့အတူ ငွေကြေးအရပါ တောင်ကိုရီးယားအနုပညာရှင်တွေအကြား အချမ်းသာဆုံးလို့တောင်ဆိုနိုင်တဲ့ အဆိုပါမင်္ဂလာမောင်နှံရဲ့ မင်္ဂလာဝတ်စုံတွေဟာ တကယ်ကိုရိုးစင်းလွန်းခဲ့တာဖြစ်ပါတယ်။ အဆိုပါမင်္ဂလာအခမ်းအနားမှာ ကမ်တေဟီးဟာ အဖြူရောင်သတို့သမီးဝတ်စုံကိုဝတ်ဆင်ခဲ့ပါတယ်။ အများက ကမ်တေဟီးဝတ်ဆင်ခဲ့ တဲ့ မင်္ဂလာဝတ်စုံဟာ နာမည်ကြီးအဝတ်အစားကုမ္ပဏီတွေက ထုတ်လုပ်တဲ့ သီးသန့်ဒီဇိုင်းနဲ့ဝတ်စုံလှလှလေး ဖြစ်လိမ့်မယ်လို့ထင်ခဲ့ကြပေမယ့် ကမ်တေဟီးက ကိုယ်တိုင်ဒီဇိုင်းရေးဆွဲပြီး ချုပ်လုပ်ထားတဲ့ သာမန်ဇာဂါဝန်အတိုလေးကိုသာဝတ်ဆင်ခဲ့ပါတယ်။ ဒ့ါအပြင် မိတ်ကပ်လိမ်းခြယ်ရာမှာလည်း တောက်ပတဲ့အရောင်တွေကိုမသုံးဘဲ အရိုးရှင်းဆုံးပုံစံတွေနဲ့သာ ပြင်ဆင်ခဲ့ပါတယ်။ ဒီလို သာမန်သတို့သမီးလေးတစ်ဦးလို မင်္ဂလာအခမ်းအနား ဆင်နွှဲခဲ့တာနဲ့ပတ်သက်ပြီး ကမ်က သူ့ရဲ့မင်္ဂလာဝတ်စုံဟာ အခြားသောသတို့သမီးတိုင်း ဝတ်ဆင်နိုင်တဲ့ ဝတ်စုံမျိုးဖြစ်လိုကြောင်းနဲ့ ဒီလိုဝတ်ဆင်ရတာဟာ နာမည်ကျော်အနုပညာရှင်တွေကို အခြားသောတောင်ကိုရီးယားနိုင်ငံသားတွေနဲ့ ကွဲပြားတဲ့လူတန်းစားတစ်ရပ်အဖြစ် အထင်မရောက်စေလိုတဲ့အတွက်ဖြစ်ကြောင်း သိရပါတယ်။

မင်္ဂလာအခမ်းအနားမှာ သတို့သားဖြစ်တဲ့ ရိန်းရဲ့ဝတ်စုံဟာလည်း လူအများကို ဖမ်းစားနိုင်ခဲ့ပါတယ်။ အကြောင်းကတော့ ရိန်းရဲ့ဝတ်စုံဟာလည်း သာမန်အနောက်တိုင်းဝတ်စုံလေးသာ ဖြစ်တဲ့အတွက်ပဲဖြစ်ပါတယ်။ နာမည်ကြီး တံဆိပ်တွေမဟုတ်ဘဲ သာမန်ဝတ်စုံလေးသာဖြစ်ခဲ့ပါတယ်။ ဒ့ါအပြင် အဆိုပါဝတ်စုံဟာ မင်္ဂလာပွဲအတွက် သီးသန့်ချုပ်ထားတဲ့ဝတ်စုံမဟုတ်ဘဲ ယခင်ကတည်းက သူ့မှာရှိခဲ့တဲ့ ဝတ်စုံတွေထဲကတစ်စုံကို ဝတ်ဆင်ခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။ နာမည်ကြီးကုမ္ပဏီတွေက ရိန်းရဲ့မင်္ဂလာဝတ်စုံကို ချုပ်လုပ်ခွင့်ပေးဖို့ ကမ်းလှမ်းမှုတွေများစွာရှိခဲ့ပေမယ့် အဆိုပါကမ်းလှမ်းမှုတွေကို ရိန်းက ပယ်ဖျက်ခဲ့တာဖြစ်ပါတယ်။ ဒ့ါအပြင် သူဟာ မင်္ဂလာပွဲကိုအများကို အသိပေးခြင်းမပြုဘဲ တိတ်တဆိတ်ကျင်းပသွားလိုတဲ့အတွက် မင်္ဂလာ ဝတ်စုံအသစ်ချုပ်တာမျိုးတွေ မပြုလုပ်တော့ဘဲ ရှိပြီးသားဝတ်စုံကိုသာ ဝတ်ဆင်ခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

ဒီလိုမင်္ဂလာပွဲကို ကြိုတင်အသိပေးခြင်းမပြုဘဲ တိတ်တဆိတ်ကျင်းပခဲ့တဲ့အပြင် အခြားသောနာမည်ကျော်တွေနဲ့မတူဘဲ ရိုးရှင်းတဲ့မင်္ဂလာအခမ်းအနားလေးကို ကျင်းပခဲ့ခြင်းက ရိန်းနဲ့ကမ်တေဟီးတို့ရဲ့ မင်္ဂလာပွဲကို အထူးခြားဆုံးသောမင်္ဂလာပွဲတစ်ခု ဖြစ်စေခဲ့ပါတယ်။

# "Goodbye"က မင်ဇီအတွက် ရည်ရွယ်ခဲ့တာပါ

2NE1 ရဲ့ နောက်ဆုံးနှုတ်ဆက်ခဲ့တဲ့ တေးသီချင်း " Goodbye "ကို ပြီးခဲ့တဲ့ ဇန်နဝါရီ ၂၁ရက်မှာ စတင်ထုတ်လွှင့်ခဲ့ပါတယ်။ အဆိုပါတေးသီချင်းကိုတော့ 2NE1ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ စီအယ်လ်လ်က ရေးသားခဲ့တာဖြစ်ပြီး အဆိုပါတေးသီချင်းက စာသားတွေဟာ အဖွဲ့က နုတ်ထွက်သွားခဲ့တဲ့ အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်သူ မင်ဇီကိုရည်ရွယ်ရေးသားထားတာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းက ဖော်ပြခဲ့တာဖြစ်ပါတယ်။



စတင်ဖွဲ့စည်းစဉ်က အဖွဲ့ဝင်လေးဦးပါဝင်တဲ့ 2NE1 ဟာ လတ်တလောမှာတော့ အဖွဲ့ဝင်နှစ်ဦးသာ ကျန်ရှိနေတာဖြစ်ပါတယ်။ မင်ဇီက အဖွဲ့ကနေပထမဆုံးထွက်ခွာသွားခဲ့တာဖြစ်ပြီး အဲဒီနောက်မှာ အခြားသော အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ပ့ါခ်ဘွန်ကလည်း အဖွဲ့ရဲ့အေဂျင်စီနဲ့ စာချုပ်သစ် ထပ်မံချုပ်ဆိုခြင်းမရှိတော့ဘဲ နုတ်ထွက်သွားခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် နှုတ်ဆက်သီချင်းမှာတော့ ပ့ါခ်ဘွန်ပါဝင်ဖျော်ဖြေခဲ့တာကြောင့် အဆိုပါတေးသီချင်းမှာ မင်ဇီတစ်ယောက်တည်းသာ မပါဝင်နိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

မကြာသေးမီက ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ စီအယ်လ်က အဖွဲ့ရဲ့နှုတ်ဆက်သီချင်းနဲ့ပတ်သက်ပြီး "ဒီသီချင်းဟာ ကျွန်မအရင်က ရေးခဲ့တဲ့ သီချင်းလေးတစ်ပုဒ်ဖြစ်ပါတယ်။ မင်ဇီဝိုင်ဂျီအန်တာတိန်းမန့်နဲ့လမ်းခွဲပြီး အဖွဲ့ကနေနုတ်ထွက်သွားခဲ့တဲ့နောက် ကျန်ရှိနေတဲ့ ကျွန်မတို့အဖွဲ့ဝင်သုံးဦးဟာ တေးအယ်လ်ဘမ်သစ်အတွက် ပြင်ဆင်ခဲ့ကြပါတယ်။ အဲဒီအချိန်မှာ ရေးဖြစ်ခဲ့တဲ့သီချင်းပါ။ ဒီသီချင်းဟာ မင်ဇီအတွက် ရည်ရွယ်ရေးသားခဲ့တဲ့ စာတစ်စောင်နဲ့လည်း ပိုပြီးတူပါတယ်။ ဒါပေမယ့်နောက်ပိုင်း နှုတ်ဆက်သီချင်းအဖြစ် ထုတ်လွှင့်မယ်ဆိုတော့ မင်ဇီတစ်ဦးတည်းအတွက်မဟုတ်ဘဲ ပရိသတ်တွေအကုန်လုံးအတွက်ပါ ရည်ရွယ်တဲ့စကားလုံးတွေနဲ့ ပြောင်းလဲအစားထိုးပြင်ဆင်ခဲ့တာဖြစ်ပါတယ်။ ဒီလိုပြင်ဆင်ဖို့အတွက်လည်း အချိန်အများကြီးမယူခဲ့ရပါဘူး။ ကျွန်မရဲ့စိတ်ထဲမှာ ယုံကြည်မှုတစ်ခုရှိနေပြီဆိုရင် ဘယ်အရာကိုမဆို ကျွန်မအနေနဲ့ လျင်လျင်မြန်မြန်နဲ့ ပြီးမြောက်အောင်ဆောင်ရွက်နိုင်တယ်လေ"လို့ ဖွင့်ဟခဲ့ပါတယ်။

လတ်တလောမှာတော့ 2NE1 အဖွဲ့မှာ စီအယ်လ်နဲ့ စန်ဒရာပ့ါခ်တို့နှစ်ဦးသာ ကျန်ရှိနေပြီး သူတို့နှစ်ဦးကိုလည်း အဖွဲ့တစ်ဖွဲ့အနေနဲ့ထက် သီးခြားအနုပညာလှုပ်ရှားမှုတွေနဲ့ ဆက်လက်တွေ့မြင်သွားနိုင်ဖွယ် ပိုများကြောင်း ဝိုင်ဂျီအန်တာတိန်းမန့်က ထုတ်ဖော်ပြောကြားခဲ့ဖူးပါတယ်။

# ယခုနှစ်အတွက် ဂရမ်မီဆုပေးပွဲတွင် အဒဲလ်ပါဝင်ဖျော်ဖြေမည်

ဂရမ်မီဆုပေးပွဲကြီးဟာ (၅၉)ကြိမ်မြောက်ဆုပေးပွဲဖြစ်ပြီး လာမယ့် ဖေဖော်ဝါရီ ၁၂ ရက်မှာ အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မှာ ကျင်းပသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

အမေရိကန်နိုင်ငံရဲ့ အထင်ကရ တေးဂီတဆုပေးပွဲတစ်ပွဲဖြစ်တဲ့ ဂရမ်မီဆုပေးပွဲကြီးကို လာမယ့်လအတွင်း ကျင်းပသွားမှာဖြစ်ပြီး ယခုနှစ်အတွက် ရည်ရွယ်ကျင်းပတဲ့ အဆိုပါဆုပေးပွဲကြီးမှာတော့ ဗြိတိန်ပေ့ါကြယ်ပွင့် အဒဲလ်က ပါဝင်ဖျော်ဖြေသွားမှာဖြစ်ကြောင်း ဟောလိဝုဒ်မီဒီယာအချို့က ဖော်ပြခဲ့ကြပါတယ်။

ယခုနှစ်ရဲ့ ဂရမ်မီဆုပေးပွဲကြီးမှာ အဒဲလ်က သူ့ရဲ့နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ်ဖြစ်တဲ့ "25" မှာ ပါဝင်တဲ့ တေးသီချင်းတွေနဲ့ ဖျော်ဖြေသွားမှာဖြစ်ပါတယ်။ အဒဲလ်ရဲ့ "25"တေးအယ်လ်ဘမ်ဟာ စတင်ရောင်းချခဲ့တဲ့ ပထမသီတင်းပတ်အတွင်း အမေရိကန်နဲ့ ဗြိတိန်တို့အပါအဝင် ကမ္ဘာတစ်ဝန်းက အခြားသောနိုင်ငံအချို့မှာလည်း ရောင်းအားအကောင်းဆုံး တေးအယ်လ်ဘမ်တစ်ခုအဖြစ် စံချိန်သစ်တင်နိုင်ခဲ့တာဖြစ်ပါတယ်။

အဒဲလ်ဟာ ယခုနှစ် ဂရမ်မီဆုပေးပွဲမှာ ပါဝင်ဖျော်ဖြေကြမယ့် အနုပညာရှင်တွေအနက် နောက်ဆုံးထုတ်ပြန်ကြေညာခဲ့တဲ့ အနုပညာရှင်လည်းဖြစ်ပါတယ်။ အဒဲလ်အပြင် အခြားသော နာမည်ကျော်တွေ ဖြစ်ကြတဲ့ ဂျွန်လဲဂျန့်ဒ်၊ ကာရီးအန်ဒါဝုဒ်၊ မက်တယ်လီကာနဲ့ ကိတ်ထ်အာဘန်တို့လည်း ယခုနှစ်ဆုပေးပွဲမှာ ပါဝင်အားဖြည့်သွားကြမှာဖြစ်ပါတယ်။

ယခုနှစ်အတွက် ကျင်းပမယ့်



**အေးပြည့်-စုစည်းသည်**

## လျှပ်စစ်ဓာတ်တိုင်ဟောင်းများ ကွန်ကရစ်တိုင်လဲလှယ်တပ်ဆင်

**နွားထိုးကြီး ဇန်နဝါရီ ၂၂**
နွားထိုးကြီးမြို့ပေါ် ရှစ်ရပ်ကွက်အနက် ခုနစ်ရပ်ကွက်တွင်းရှိ လျှပ်စစ်သစ်သားဓာတ်တိုင်များ၊ နှစ် ၅၀ ကျော်ကြာ သံဓာတ်တိုင်များကို ခေတ်မီကွန်ကရစ်ဓာတ်တိုင် ၈၀ ကျော်ဖြင့် အစားထိုးလဲလှယ်နေကြောင်း မြို့လျှပ်စစ်မန်နေဂျာ ဦးဆန်းကိုက ပြောသည်။

နွားထိုးကြီးမြို့တွင် လျှပ်စစ်မီးအပြည့်အဝသုံးစွဲနိုင်ရေးအတွက် ရပ်ကွက်အလိုက် လျှပ်စစ်ဓာတ်အားလှောင်အိုးများကိုလည်း တိုးချဲ့တပ်ဆင်နေကြောင်း သိရသည်။

**ဒွေးမြင့်မောင်**

## အထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်

**တွံတေး ဇန်နဝါရီ ၂၂**
ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ထိန်ကုန်းကျေးရွာ၌ အထက်တန်းကျောင်း (ခွဲ) မှ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းကို ဇန်နဝါရီ ၂၀ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းဆိုင်းဘုတ်ရှေ့၌ ကျင်းပခဲ့သည်။

ညွှန်ကြားရေးမှူး (စီမံ+ဘဏ္ဍာ) ဆရာမကြီး ဒေါ်ခင်မာဆွေက အဖွင့်အမှာစကားပြောကြားပြီး ထိန်ကုန်းကျေးရွာ ရပ်မိရပ်ဖ ဦးတင့်လွင်က ကျောင်း၏ သမိုင်းကြောင်းအား ရှင်းလင်းခဲ့သည်။ မြို့နယ်ပညာရေးမှူး ဦးငွေသူရက ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် ကျောင်းတာဝန်ခံ ကျောင်းအုပ်ဆရာ ဦးတင်ချိုက ရှေ့ဆက်ဆောင်ရွက်မည့်အစီစဉ်များကို ရှင်းလင်းပြောကြားပြီး ကျောင်းတိုးမြှင့်ခြင်း အထိမ်းအမှတ်အလံများကို ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦးနှင့် တာဝန်ရှိသူများအား ပေးအပ်ခဲ့သည်။

ဆက်လက်၍ ကျောင်းသားမိဘတစ်ဦးဖြစ်သူ ဆရာဦးကြွယ်သောင်းက ကျေးဇူးတင်စကားပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများက အကများဖြင့် ဖျော်ဖြေကြသည်။ ထိုသို့ အထက်တန်းကျောင်းခွဲမှ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ခြင်းကြောင့် အနီးအနားရှိ ကျေးရွာ ၁၀ ရွာမှ ကျောင်းသား၊ ကျောင်းသူများ ပိုမိုအဆင်ပြေတော့မည်ဖြစ်ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

# ကျေးလက်နေပြည်သူများ သွားလာမှုလွယ်ကူစေရန်ဆောင်ရွက်နေသည့် လမ်းသစ်ဖောက်လုပ်မှုလုပ်ငန်းအားကြည့်ရှု

**နေပြည်တော် ဇန်နဝါရီ ၂၂**
နေပြည်တော် ပျဉ်းမနားမြို့နယ်၌ ကျေးလက်နေပြည်သူများ သွားလာမှုအဆင်ပြေချောမွေ့စေရေးနှင့် လူနေမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မွမ်းမံရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဆန်းသစ်ကျေးရွာမှ ကျည်တောင်ကျေးရွာ (အထက်ပေါင်းလောင်းရေအားလျှပ်စစ်) သို့ မြေသားလမ်းသစ် ဆက်သွယ်ဖောက်လုပ်နေမှုလုပ်ငန်းအား ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်ဦး၊ တာဝန်ခံအင်ဂျင်နီယာ ဒေါ်ဝါခိုင်မိုးနှင့် တာဝန်ရှိသူများက ဇန်နဝါရီ ၂၁ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။



ယင်းသို့ ကွင်းဆင်းစစ်ဆေးစဉ် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက တာဝန်ယူလုပ်ငန်းဆောင်ရွက်နေသူများကို လုပ်ငန်းအရည်အသွေးပြည့်မီရေး၊ သက်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ရေးတို့ကို အလေးထားဆောင်ရွက်သွားကြရန် မှာကြားသည်။

အဆိုပါ ဆန်းသစ်ကျေးရွာမှ ကျည်တောင်ကျေးရွာ (အထက်ပေါင်းလောင်းရေအားလျှပ်စစ်) သို့ဆက်သွယ်သည့် မြေသားလမ်းသစ်သည် အရှည် ၂ မိုင်ရှိပြီး၊ မွမ်းမံရန်ပုံငွေကျပ် ၆၁ ဒသမ ၄၉၄ သန်းဖြင့် ဖောက်လုပ်နေခြင်းဖြစ်ကာ ဖောက်လုပ်ပြီးစီးပါက ကျေးရွာနေ အိမ်ထောင်စု ၈၀ မှ လူဦးရေ ၃၀၀ ကျော်တို့သည် စီးပွားရေး၊ လူမှုရေးနှင့် ပညာရေးတို့အတွက် သွားလာမှုလွယ်ကူမည်ဖြစ်ကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

## Pro-1 ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် အိမ်တွင်းအလှဆင်ပစ္စည်းအရောင်းစင်တာဖွင့်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၂**
Pro-1 ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် အိမ်တွင်းအလှဆင်ပစ္စည်းအရောင်းစင်တာဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၁ ရက် နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး အမှတ်(၂) လမ်းမကြီး ဒဂုံမြို့သစ်အရှေ့ပိုင်း (၁၅) ရပ်ကွက်၊ သူနာပြုသားဖွားသင်တန်းကျောင်းအနီး၌ ပြုလုပ်ရာ Pro-1 အရောင်းစင်တာမှခ်ဦးအား မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များ အသင်းနှင့် ဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ ဦးသာဋ္ဌေး၊ Farmer Phayarzar ဥက္ကဋ္ဌ ဦးမောင်မောင်တင်၊ Pro-1 မန်နေဂျင်းဒါရိုက်တာ ဦးမျိုးထွေး၊ ထိုင်းနိုင်ငံ လုပ်ငန်းရှင် Mr.Nithi၊ Mr.Yuttana (Global House) ရောဝတီဘဏ်ဥက္ကဋ္ဌ ဦးဇော်ဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် ပစ္စည်းများအား လှည့်လည်ကြည့်ရှုကြသည်။



အဆိုပါ Pro-1 အဆောက်အအုံတွင် ဘိလပ်မြေနှင့် သံထည်ပစ္စည်းများ၊ အမိုးမျက်နှာကြက်နှင့် အလှဆင်ပစ္စည်းများ၊ ရေချိုးခန်းသုံးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ၊ နံရံနှင့်အခင်းကြွေပြားများ၊ အိမ်သုတ်ဆေးနှင့် ဓာတုပစ္စည်းများ၊ တံခါးရွက်အမျိုးမျိုးနှင့် ပြတင်းပေါက်အမျိုးမျိုး၊ အိမ်သုံးမီးဖိုခန်းသုံး လျှပ်စစ်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းအမျိုးမျိုး၊ အိမ်ခန်းအသုံးအဆောင်နှင့် အလှဆင်ပစ္စည်းများ၊ ရေပိုက်နှင့် ပိုက်ဆက်ပစ္စည်းအမျိုးမျိုးတို့အား တစ်နေရာတည်းတွင် ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူရရှိနိုင်သည်။

**(စီးပွား/ ကူးသန်း)**

## ကျေးရွာချင်းဆက် ပါပိန်းသဲချောင်းတံတားတည်ဆောက်၊ ဗန်းမောက်မြို့နယ်သို့ အလွယ်တကူသွားနိုင်

**ဗန်းမောက် ဇန်နဝါရီ ၂၂**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် ပန်းတောကျေးရွာနှင့် ဥမှင်ကျေးရွာကြား ဆက်သွယ်သွားလာနိုင်မည့် ကျေးရွာချင်းဆက် ပါပိန်းသဲချောင်းတံတားသစ်ကို ဇန်နဝါရီ ၂၀ ရက်မှစတင်၍ စက်ယန္တရားများ အသုံးပြုဆောက်လုပ်လျက်ရှိရာ ယခုအခါ သစ်သားတိုင်များ စိုက်ထူပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာချင်းဆက် ပါပိန်းသဲချောင်းတံတားသည် အလျား ၄၅ ပေ၊ အနံ ၁၈ ပေနှင့် အမြင့် ၁၂ ပေရှိမည်ဖြစ်ပြီး ဗန်းမောက်မြို့နယ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် လွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေ ၂၅ သိန်းဖြင့် ဆောက်လုပ်ခြင်းဖြစ်ကြောင်း၊ ပန်းတောကျေးရွာမှ ဒေသခံပြည်သူများကလည်း လုပ်အားဒါနနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၁၀ သိန်းကျော်ဖြင့် ဆောက်လုပ်နေခြင်းဖြစ်ကြောင်း၊ အားလုံးပြီးစီးသွားပါက ကျေးရွာအုပ်စုငါးအုပ်စုရှိ ကျေးရွာပေါင်း ၂၀ ကျော်ခန့်မှ ဒေသခံပြည်သူများအနေဖြင့် ဒေသတွင်း ကျေးရွာအချင်းချင်း လွယ်ကူစွာဆက်သွယ်သွားလာနိုင်ရုံသာမက ဗန်းမောက်မြို့နယ်သို့လည်း အလွယ်တကူ ဆက်သွယ်သွားလာနိုင်မည်ဖြစ်ကြောင်း ပန်းတောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးမုန်းရွှေက ပြောသည်။

**ကျော်စွာ(ဗန်းမောက်)**



## ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

**မြောက်ဦး ဇန်နဝါရီ ၂၂**
ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်နေမှုများအား မြို့နယ်တည်ဆောက်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာများပူးပေါင်း၍ ဇန်နဝါရီ ၂၀ ရက်က ကွင်းဆင်းစစ်ဆေးခြင်းများ ပြုလုပ်ခဲ့သည်။

ယင်းနောက် မြောက်ဦးမြို့နယ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများဖြစ်သော ထမ္မရာဇ် ရပ်ကွက်ရှိ အသစ်တည်ဆောက်နေသော နှစ်ထပ်ဆေးရုံသစ်တည်ဆောက်ရေးလုပ်ငန်းများ၊ မြောက်ဦး အ. ထ. က(၁) ကျောင်းဆောင်သစ်ဆောက်လုပ်ရေးလုပ်ငန်းများ၊ မြောက်ဦးမြို့နယ် ကျွဲတဲကျေးရွာအုပ်ချုပ်ရေးမှူးရုံး ဆောက်လုပ်နေမှုနှင့် ရွှေကျင်ပြင်ကျေးရွာ ရွာအဝင် တံတားတို့အား ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

ယင်းနောက် တည်ဆောက်ရေးလုပ်ငန်းများအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်ဌာနမှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပြည်သူ့ဆောက်လုပ်ရေးအဖွဲ့၊ မြို့နယ်တည်ဆောက်ရေးကော်မတီအဖွဲ့နှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ လိုက်လံစစ်ဆေးခဲ့ခြင်းဖြစ်ကာ အဆိုပါရပ်ကွက်အတွင်းရှိ ဆောင်ရွက်နေသော တည်ဆောက်ရေးလုပ်ငန်းများအားလုံးမှာ ၆၀ ရာခိုင်နှုန်းအထက် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၂**
ပြည်ထောင်စုနယ်မြေ(နေပြည်တော်) ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ပြည်ထောင်ကိုးကျေးရွာအုပ်စု လမ်းကောကျေးရွာနှင့် ကိုးတစ်ကျေးရွာအုပ်စု ရေပ ကျေးရွာတို့ရှိ စိမ့်စမ်းရေသွယ်လုပ်ငန်းများ ဆောင်ရွက်နေမှုအား ဇန်နဝါရီ ၁၉ ရက်က နေပြည်တော်တိုင်း ဒက္ခိဏခရိုင်နှင့် ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ တာဝန်ခံအင်ဂျင်နီယာများ၊ ဝန်ထမ်းများပါဝင်သောအဖွဲ့ဖြင့် Quality Control နှင့် Workdone စစ်ဆေးခဲ့ရာ တင်ဒါအောင်မြင်သော ကုမ္ပဏီတာဝန်ခံများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများက လိုက်လံရှင်းလင်းပြသခဲ့ပြီး ဆောင်ရွက်ရမည့်လုပ်ငန်းများအား ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

**ဟိန်းအောင်(နေပြည်တော်)**

# မြန်မာ့အဖိုးတန်ရတနာ တောဆင်ရိုင်းများ အသက်အန္တရာယ် ကာကွယ်ပေးကြပါ

ထွန်းလှိုင် (မြိုင်)

ဆင်များသည် ကုန်းနေသတ္တဝါများတွင် အကြီးဆုံးဖြစ်ပြီး ကမ္ဘာဦးခေတ်ကာလက ကမ္ဘာ့မြောက်ခြမ်းဒေသများတွင် နေထိုင်ကျက်စားခဲ့ရာ အဆင့်ဆင့်ပြောင်းလဲလာသောအခါ အာရှဆင်နှင့် အာဖရိကဆင်မျိုး နှစ်မျိုးသာ တွေ့ရပေတော့သည်။

အာဖရိကဆင်မျိုးသည် ကိုယ်ခန္ဓာအချိုးအစား ကျနမှုမရှိ၊ အရပ်အလွန်မြင့်ပြီး အစွယ်ရှည်လျားစွာ ထွက်သည်။ ခြေထောက်၊ လက်များသည် ကိုယ်လုံးကိုယ်ထည်နှင့် မလိုက်ဖက်အောင် သေးကွေးနေသည်။ ဖမ်းဆီးပြီး ယဉ်ပါးအောင် လေ့ကျင့်အသုံးချ၍ မရနိုင်ပေ။ လယ်ယာစိုက်ပျိုးရေးသုံးပစ္စည်းကိရိယာများ သယ်ယူပို့ဆောင်ရာ၌သာ အသုံးပြုနိုင်ကြသည်။

အာရှတိုက်ဆင်မျိုး (အိန္ဒိယဆင်မျိုးဟုလည်း ခေါ်သည်။) ကိုယ်လုံးကိုယ်ထည် အချိုးအဆစ် ကျနသည်။ နားရွက်သေးပြီး ခြေထောက်၊ လက်များ တုတ်ခိုင်သည်။ အစွယ်သည် အရင်းတုတ်ပြီး အဖျားသေးသည်။ ဆင်ထီးများသည် အချို့စွယ်စုံပေါက်၍ ရှည်လျားကော့ညွတ်သဖြင့် လှပပြေပြစ်သည်။ သစ်လုံးများနှင့် လေးလံသောဝန်များကို ကောင်းစွာဆွဲနိုင်၍ အလွန်အသုံးဝင်သောဆင်မျိုးဖြစ်ပြီး မြန်မာနိုင်ငံတွင်လည်း တွေ့နိုင်သည်။

မြန်မာနိုင်ငံတွင် ရှေးမြန်မာမင်းများလက်ထက်ကတည်းက ဆင်များကို ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။ ကုန်းဘောင်ခေတ် ၁၈၇၉ ခုနှစ်၌ ဆင်ထိန်းသိမ်းရေး ဥပဒေပြဋ္ဌာန်းပြီး စောင့်ရှောက်ခဲ့သည်။ ခေတ်အဆက်ဆက်မှာလည်း ခေတ်စနစ်အလိုက် လိုက်လျောညီထွေအောင် ဥပဒေပြင်ဆင်ဆောင်ရွက်ခဲ့သည်။ လက်ရှိ ၁၉၉၄ ခုနှစ် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေထိန်းသိမ်းရေး ဥပဒေကိုပြဋ္ဌာန်းပြီး ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။ ထိန်းသိမ်းစောင့်ရှောက်တဲ့နေရာမှာလည်း အုပ်စုသုံးစုခွဲခြားထားသည်။ လုံးဝကာကွယ်ထားသော တိရစ္ဆာန်မျိုး (၉၈)မျိုး၊ စုစုပေါင်း (၁၇၄)မျိုး ရှိသည့်အနက် ဆင်တွေဟာ လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်မျိုးတွင် ပါဝင်သည်။ လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များကို ခွင့်ပြုချက်မရှိဘဲ သတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်း (သို့မဟုတ်) အနာတရဖြစ်စေခြင်း၊ တောရိုင်းတိရစ္ဆာန် အစိတ်အပိုင်းများကို ခွင့်ပြုချက်မရှိဘဲလက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း (သို့မဟုတ်) လွှဲပြောင်းခြင်းများပြုမည်ဆိုလျှင် Wild Life ဥပဒေပုဒ်မ ၃၇(က)အရ တရားစွဲဆိုခံရမည်ဖြစ်သည်။ တရားစွဲခံရလျှင် ဒဏ်ငွေကျပ် ၅၀၀၀၀၊ ထောင်ဒဏ် ခုနစ်နှစ် (သို့မဟုတ်) ဒဏ်နှစ်ရပ်လုံး ကျခံရမည်ဖြစ်သည်။

၁၉၇၉ ခုနှစ်တွင် FAO စာရင်းအရ တောဆင်ရိုင်း ၆၀၀၀ ခန့်ရှိကြောင်း၊ ၂၀၀၁ - ၂၀၀၃ ခုနှစ် မှာ သစ်တော ဦးစီးဌာနနှင့် Smithsonian Institution ပူးပေါင်းပြီး စာရင်းကောက်ခဲ့ရာ ဆင်ကောင်ရေ ၅၀၀၀ ခန့်ရှိကြောင်း၊ ၁၉၉၅ ခုနှစ်မှာ သစ်တောဦးစီးဌာနနှင့် INGO တို့ ပူးပေါင်း၍ ပဲခူးရိုးမကြိုးဝိုင်း ငါးခု၊ ရခိုင်ရိုးမကြိုးဝိုင်း ခုနစ်ခုနှင့် အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်တို့တွင် စာရင်းကောက်ခဲ့ရာ ပဲခူးရိုးမ အကောင်ရေ ၃၀၀၊ ရခိုင်ရိုးမ အကောင်ရေ ၇၀၀၊ အလောင်းတော်ကဿပ အကောင်ရေ ၁၅၀၊ စုစုပေါင်း ၁၁၅၀ ကို မှတ်တမ်းစာရင်းကောက်ယူနိုင်ခဲ့ပါသည်။ ယခုလက်ရှိအနေအထားတွင် တစ်ပြည်လုံးတွင် စာရင်းမကောက်နိုင်သေးသော်လည်း တောဆင်ရိုင်းကောင်ရေ ၃၀၀၀ ကျော်ခန့်ရှိမည်ဟု ပညာရှင်များက ခန့်မှန်းထားပါသည်။

တောဆင်ရိုင်းနေသော နေရင်းဒေသများ လျော့နည်းယိုယွင်းလာမှု တရားမဝင်သတ်ဖြတ်ခံရမှု ရောဂါဘယဖြစ်၍ သေဆုံးမှုတို့ကြောင့် ဆင်ကောင်ရေလျော့နည်းလာခြင်းဖြစ်သည်ဟု ပညာရှင်များက သုံးသပ်ထားသည်။ လက်ရှိတွင် ဆင်ကောင်ရေမလျော့ပါးရေးကို INGO နှင့် WCS, SI, CTTES-MIKE တို့နှင့် ပူးပေါင်းပြီး ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ အာရှတိုက်တွင် အိန္ဒိယပြီးလျှင် မြန်မာနိုင်ငံသည် တောဆင်ရိုင်းကောင်ရေ ဒုတိယအများဆုံးနိုင်ငံဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံတွင် ဆင်ဖြူတော် ကိုးကောင်ရှိသည့်အတွက် ကမ္ဘာ့အလယ်တွင် ထင်ရှားလျက်ရှိသည်။ ရန်ကုန်တွင် သုံးကောင်၊ နေပြည်တော်မှာ ခြောက်ကောင် ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

ဘေးမဲ့တောအဖြစ် ထိန်းသိမ်းစောင့်ရှောက်ထားရှိခြင်းကို မြန်မာနိုင်ငံမှာ သဘာဝနယ်မြေ ၃၉ ခု ရှိသည့်အနက်မှ သဘာဝနယ်မြေ ၁၃ ခုမှာ တောဆင်ရိုင်းများကို အဓိကမျိုးစိတ်အဖြစ် ထိန်းသိမ်းစောင့်ရှောက်ထားကြောင်း သိရသည်။ တောဆင်ရိုင်းများကို ဧကပေါင်း ၅၈၉၁၄၈၈ အတွင်း၌ စောင့်ရှောက်ထားကြောင်းသိရသည်။ တောဆင်ရိုင်းများအပြင် အိမ်မွေးဆင်တွေလည်းရှိပါသေးသည်။ မြန်မာ့သစ်လုပ်ငန်းမှာ ၂၁၈၈ ကောင်၊ သစ်တောဦးစီးဌာနပိုင် ၁၂၄ ကောင်၊ ပုဂ္ဂလိကလုပ်ငန်းရှင်များတွင် ၂၅၇၁ ကောင်၊ စုစုပေါင်း ၄၈၈၃ကောင်ဖြစ်ပါသည်။

တောဆင်ရိုင်းများသည် မြန်မာပြည် မြေပြန့်ဒေသတွင် အနှံ့အပြားပျံ့နှံ့ကျက်စားနေထိုင်ကြကြောင်း တွေ့ရသည်။ ယခုအခါ တောဆင်ရိုင်းများ ကျက်စားနေထိုင်ရာ ဒေသများတွင် ဆည်မြောင်း၊ တာတမံများတည်ဆောက်ခြင်း၊ လူနေအဆောက်အအုံများ ဆောက်လုပ်ခြင်း၊ စိုက်ခင်းများ ပြုလုပ်ခြင်းများကြောင့် တောဆင်ရိုင်းများစားကျက်ပျောက်ကာ လူတို့စိုက်ပျိုးထားသော စိုက်ခင်းများကို ဝင်ရောက်စားသောက်ဖျက်ဆီးခြင်းများ တွေ့ရသည်။ ထိုအခါ ဆင်နှင့်လူ ပဋိပက္ခဖြစ်လာကြသည်။ ဆင်နှင့်လူ ပဋိပက္ခဖြစ်ပွားမှုနှင့် ပတ်သက်၍ ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၆ ခုနှစ်အထိ ခုနစ်နှစ်တာ ကာလအတွင်း မှတ်တမ်းများအရ (၁၀၅)ကြိမ် ဖြစ်ပွားခဲ့သည်။ အများဆုံးဖြစ်ပွားသော တိုင်းဒေသကြီးမှာ ရန်ကုန်တိုင်းဒေသကြီး၌ (၂၆)ကြိမ်၊ ဒုတိယအများဆုံးဖြစ်ပွားသော တိုင်းဒေသကြီးမှာ ပဲခူးတိုင်းဒေသကြီး၌ (၂၄) ကြိမ်၊ တတိယအများဆုံး ဖြစ်ပွားသောတိုင်းဒေသကြီးမှာ ဧရာဝတီတိုင်း၌ (၁၇) ကြိမ်၊ မန္တလေးတိုင်းဒေသကြီး၌ (၁၂)ကြိမ်၊ ရခိုင်ပြည်နယ်၌ (၁၀)ကြိမ် ဖြစ်ပွားခဲ့သည်။ ဖြစ်ပွားသော နှစ်များမှာ ၂၀၁၆ ခုနှစ်တွင် အကြိမ် (၃၀)၊ ဒုတိယအများဆုံးဖြစ်ပွားသော နှစ်မှာ ၂၀၁၄ ခုနှစ်ဖြစ်ပြီး (၂၈)ကြိမ်၊ တတိယအများဆုံး ဖြစ်ပွားသော နှစ်မှာ ၂၀၁၃ ခုနှစ်ဖြစ်ပြီး (၂၁) ကြိမ် ဖြစ်ပွားခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။

ထို့အပြင် တောဆင်ရိုင်းများ သေဆုံး၊ သတ်ဖြတ်ခံရမှုမှာ ၂၀၁၀ ခုနှစ်မှ ၂၀၁၆ ခုနှစ် ခုနစ်နှစ်အတွင်း ပြည်နယ်နှင့် တိုင်းအလိုက် အများဆုံးမှာ ဧရာဝတီတိုင်းတွင် သေဆုံးကောင်ရေ ၂၆ ကောင်နှင့် သတ်ဖြတ်ခံရမှု ကောင်ရေ ၂၈ ကောင်၊ ပဲခူးတိုင်းဒေသကြီးတွင် သေဆုံးကောင်ရေ ၁၂ ကောင်နှင့် သတ်ဖြတ်ခံရမှု ၁၆ ကောင်၊ ရခိုင်ပြည်နယ်တွင် သေဆုံးမှု ၁၄ ကောင်နှင့် သတ်ဖြတ်ခံရမှု ငါးကောင်၊ ရန်ကုန်တိုင်းဒေသကြီးတွင် သေဆုံးမှု ငါးကောင်နှင့် သတ်ဖြတ်ခံရမှု ခုနစ်ကောင်၊ မန္တလေးတိုင်းဒေသကြီးတွင် သေဆုံးမှု ခြောက်ကောင်၊ မကွေးတိုင်းဒေသကြီးတွင် သေဆုံမှုသုံးကောင်နှင့် သတ်ဖြတ်ခံရမှု တစ်ကောင်၊ နေပြည်တော် ကောင်စီနယ်မြေတွင် သတ်ဖြတ်ခံရမှု နှစ်ကောင်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် သေဆုံးမှုတစ်ကောင်စီနှင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် သေဆုံးမှု နှစ်ကောင်တို့ဖြစ်သည်။ ခုနစ်နှစ်အတွင်း တောဆင်ရိုင်းသေဆုံးမှု (၇၀) သတ် ဖြတ် ခံရမှုမှာ (၅၉) ကောင်၊ စုစုပေါင်း (၁၂၉) ကောင်ဟု မှတ်တမ်းများအရသိရသည်။

ဆင်နှင့်လူတွေ ပဋိပက္ခဖြစ်စေသော အဓိကအချက်များတွင် ဆင်စားကျက်တွေကို အခြားမြေအဖြစ် ပြောင်းလဲခြင်း၊ ဆင်ဖြတ်သွားလမ်းတွေ ပြတ်တောက်ပျောက်ကွယ်သွားပြီး စားကျက်ဧရိယာလျော့နည်းလာခြင်း၊ ဆည်တမံများတည်ဆောက်ခြင်း၊ သဘာဝရေစီးရေလာတွေ ပျက်စီးသွားခြင်းတို့ကြောင့် ဖြစ်သည်။

ဆင်နှင့်လူ ပဋိပက္ခ မဖြစ်စေရေး ဆောင်ရန်၊ ရှောင်ရန်များကို သိရှိထားရန် လိုအပ်သည်-

- ဆင်နှင့် ရင်ဆိုင်တွေ့လျှင် ထွက်ပြေး၍ မလွတ်နိုင်ပါ။ အပင်မြင့် (သို့မဟုတ်) ကုန်းမြင့်ပေါ်သို့တက်ပြေးပါ။ အလွယ်တကူမလိုက်နိုင်ရန် မြွေလိမ်မြွေကောက်ပတ်ပြေးပါ။
- ဆင်သည် အနံ့ခံအာရုံကောင်းသဖြင့် ဆင်၏လေညာအရပ်တွင် မနေပါနှင့်။ လေညာအရပ်ကို သိရှိနိုင်ရန် ဖုန်မှုန့်၊ သစ်ရွက်ခြောက်များကို လက်ဖြင့်မြှောက်ပစ်လိုက်ပါ။ လေအောက်ဘက်သို့ လွင့်သွားသည်ကိုကြည့်၍ ခွဲခြားနိုင်သည်။
- တောထဲသို့ နံနက်စောစောနှင့် ညနေပိုင်း အလုပ်လုပ်ခြင်းများ ရှောင်ကြဉ်ပါ။
- တောဆင်ထီးနှင့် သားထိန်းဆင်မများ၊ မုန်ယိုနေသော ဆင်များကို အထူးသတိထားပါ။ မျက်စိနောက်ဘက်ရှိ ဂလင်းတချို့မှ ရောင်ရမ်းလာပြီး စူးရှဆိုးရွားသည့် ကြက်ချေးနံ့ ထွက်သည့် အရည်ကြည်များ ပါးပြင်ပေါ်သို့ စီးကျနေခြင်းကို ကြည့်၍ မုန်ယိုနေသည်ကို သိရှိနိုင်သည်။
- ဆင်ကြိုက်သော ဆန်၊ ငါးပိ၊ ဆားမန်ကျည်းသီးစသော အစားအစာများကို စင်မြင့်ပေါ်တွင်ထားပါ။
- ဆင်များမလာစေရန် စိုက်ခင်းများ ပတ်လည်တွင် ငရုတ်စိုက်ခင်း ခပ်ကျယ်ကျယ်စိုက်ထားရန်။
- ဆင်သွားရာလမ်းတွင် ကျုံး၊ ကျင်း တူးဖော်ထားခြင်း၊ ဆင်သွားရာလမ်းများ ဖြတ်တောက်ထားခြင်း။
- ကျေးရွာများ ခြံစည်းရိုး အတားအဆီးပြုလုပ်ခြင်း၊ သံဆူးကြိုးကာရံထားခြင်း၊ ကျေးရွာများပတ်လည်တွင် အသက်အန္တရာယ်လုံခြုံစိတ်ချရသည့် အထူးပြုလုပ်ထားသည့် ဆိုလာပြားနှင့် လျှပ်စစ်ခြံစည်းရိုးပြုလုပ်ခြင်း (ညအခါတွင် ဓာတ်အားလွှတ်ထားခြင်း)
- သစ်တောထွက်ပစ္စည်းများ လျှော့ချ၍ ဆင်စားကျက်များ ဖော်ထုတ်ပေးခြင်း။
- သစ်ပင်ကြီးများပေါ်တွင် လင့်စင်ထိုး၍ ညအခါအိပ်ခြင်း၊ နေ့အခါ ကင်းချထားခြင်း၊ အချက်ပေးခြင်း။
- တောင်သူများအနေဖြင့် ဆင်များမကြိုက်သော သီးနှံများ စိုက်ပျိုးခြင်း (နှမ်းခါး၊ ငရုတ်၊ လေညှင်း၊ သနပ်ခါးစသည့် ဆူးရှိသည့် အပင်များ)
- တောဆင်များ ခြောက်လှန့်မောင်းထုတ်ခြင်း၊ သံပုံးတီးခြင်း၊ ဗျောက်အိုးဖောက်ခြင်း၊ ကား၊ ဆိုင်ကယ်၊ ထွန်စက် စက်နှိုး၍ မီးထိုးထားခြင်း၊ ဟွန်းတီးခြင်း။
- စူးရှသော အနံ့များ ပြုလုပ်ခြင်း၊ ငရုတ်သီးမှုန့်၊ ကန့်မှုန့်များ မီးရှို့ခြင်း။

ယခုအခါ ဆင်မုဆိုးများသည်တောဆင်ရိုင်းများကို သတ်ဖြတ်၍ အစွယ်၊ အရေ၊ အသားများကိုဖြတ်ယူ ရောင်းချနေကြောင်း သိရှိရပါသည်။ တောဆင်ရိုင်းများကို သတ်ဖြတ်ခြင်းမှ မကာကွယ်လျှင်ဆင်များ မျိုးသုဉ်းနိုင်ပါသည်။ ဆင်တို့သည် ရောက်ရာအရပ်တွင် အပင်များကို ရှင်သန်စေသည့် ဥယျာဉ်မှူးနှင့် မြေယာပြုပြင်ရေးသမားများဖြစ်ကြသည်။ ထိုသို့သော သက်ရှိမျိုးစိတ်ကို စနစ်တကျထိန်းသိမ်းမှု မရှိပါက မျိုးဆက်တစ်ခုအတွင်း၌ပင် ဆင်မျိုးများ သုဉ်းသွားနိုင်ပါသည်။ ထို့ကြောင့် လူသားများ၊ ဒေသခံများအနေဖြင့် ဆင်များအပေါ် မေတ္တာထား၊ စောင့်ရှောက်ရန် အထူးလိုအပ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာ့အဖိုးတန်ရတနာ တောဆင်ရိုင်းများ သဘာဝအနေအထားအတိုင်း နေရင်းဒေသတွင် နေထိုင်ကျက်စားနိုင်ရန်၊ မြန်မာ့တောဆင်ရိုင်းများ မျိုးသုဉ်းပျောက်ကွယ်မှုမရှိစေရန်နှင့် ဆင်သတ်ဖြတ်မှု ကာကွယ်ရေးအတွက် ဆင်ပစ်မုဆိုးများအား ထိရောက်စွာ ဟန့်တားပြီး ပြည်သူများ၊ ဒေသခံများပူးပေါင်း၍ အမြန်ဆုံး စုံစမ်းဖော်ထုတ်သွားကြရန် တိုက်တွန်းလိုက်ပါသည်။



# ချင်းပြည်နယ်၏ ရင့်ကျက်တည်ငြိမ်သည့် 'ခေါ်နူးစုမ်' နှင့် နုပျိုလန်းဆန်းသည့် 'ဆော်လောင်း' အလှပိုင်ရှင်များသို့

မြင့်ထွေး(ဟိုတယ်/ခရီး)

ကမ္ဘာ့နိုင်ငံအသီးသီးအနေဖြင့် ဖွံ့ဖြိုးတိုးတက်လာသော လူနေမှုနှင့် လိုက်ဖက်ညီစွာ နေထိုင်နိုင်ရေးအတွက် စက္ကန့်နှင့်အမျှ အချိန်ကိုတန်ဖိုးရှိစွာ အသုံးချ ဆောင်ရွက်နေရသဖြင့် အားလပ်ရက်များတွင်လည်းကောင်း၊ သီးခြားစီစဉ်၍လည်းကောင်း အပန်းဖြေခရီးစဉ်များကို စီစဉ်ရောင်းချသော ကုမ္ပဏီများနှင့်ချိတ်ဆက်၍ ကမ္ဘာအနှံ့ လည်ပတ်ကြသည်။ ထိုသို့လည်ပတ်ရာတွင် နေ့စဉ်မြင်တွေ့ ကျင်လည်နေရသော ခေတ်မီနည်းပညာမြင့်မားသည့် နယ်ပယ်များသို့ လည်ပတ်ခြင်းအစား ထူးခြားဆန်းပြားလှပသည့် သဘာဝအလှအပများတည်ရှိရာ ဒေသများသို့ ငွေကြေးအကုန်အကျခံ၊ အပင်ပန်းခံကာ သွားရောက်လည်ပတ်လျက်ရှိကြရာ ခရီးသွားလာရန် အကောင်းဆုံး ၁၀ နိုင်ငံစာရင်းတွင်ပါဝင်သော မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြသည့် ခရီးသွားဧည့်သည်များမှာလည်း တစ်နှစ်ထက်တစ်နှစ် များပြားလာခဲ့ပါသည်။

**ခရီးသွားများဆွဲဆောင်**

မြန်မာနိုင်ငံတွင် ခရီးသွားဧည့်သည်များအား ဆွဲဆောင်နိုင်သည့် သဘာဝအခြေခံခရီးစဉ်၊ ယဉ်ကျေးမှုအခြေခံခရီးစဉ်၊ အဏ္ဏဝါခရီးစဉ်၊ ကမ္ဘာလှည့်အပျော်စီးသင်္ဘောခရီးစဉ်၊ စင်းလုံးငှား လေယာဉ်ခရီးစဉ်၊ ခြေလျင်တောင်တက် တောလမ်းခရီးစဉ်၊ မြစ်တွင်းသွားခရီးစဉ်၊ စွန့်စားခရီးကြမ်း ခရီးစဉ်၊ မီးပုံးပျံခရီးစဉ်၊ ငှက်ကြည့်ခရီးစဉ်၊ လိပ်ပြာကြည့်ခရီးစဉ်၊ သစ်ခွမျိုးစိတ်ကြည့်ခရီးစဉ် စသည့်ပုံသဏ္ဌာန်အမျိုးမျိုးသော ခရီးစဉ်များရှိသည့်အပြင် ၂၀၁၀ ပြည့်နှစ်ဝန်းကျင်ခန့်မှစ၍ အရှေ့တောင်အာရှနိုင်ငံများတွင် ခေတ်စားတွင်ကျယ်လာသည့် ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း(Community Base Tourism- CBT)ကို မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းအမျိုးအစားတွင် ထည့်သွင်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုများကြောင့် ပိုမိုထင်ရှားလာခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ကျေးရွာပေါင်းခုနစ်သောင်းကျော်ရှိရာ လူထုအခြေပြုခရီးသွားလုပ်ငန်း (CBT)များအတွက် အဆိုပါကျေးရွာများမှာ စိုက်ထုတ်ရင်းနှီးမြှုပ်နှံစရာမလိုသော အရင်းအမြစ်တစ်ခုသဖွယ် ဖြစ်နေပါသည်။ ခရီးသွားလုပ်ငန်းသည် နယ်ပယ်အသီးသီးတွင် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း နိုင်ငံအတွင်းနေထိုင်သူများကို ကဏ္ဍစုံအကျိုးဖြစ်ထွန်းမှုကိုပေးစေပြီး ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်းမှာမူ ကျေးလက်နေပြည်သူလူထုအား တိုက်ရိုက်အကျိုးပြုမှုကိုရရှိစေသည့်အပြင် ဆင်းရဲမှုကိုလည်း လျော့ကျစေသဖြင့် အာရှနိုင်ငံများ (အထူးသဖြင့် အရှေ့တောင်အာရှနိုင်ငံများ)တွင် အဆိုပါခရီးစဉ်အမျိုးအစားကို အလေးပေး အကောင်အထည်ဖော်လာကြပါသည်။

**လူထုအခြေပြုခရီးသွားလုပ်ငန်း**

လူထုအခြေပြုခရီးသွားလုပ်ငန်းကို ၂၀၁၀ ပြည့်နှစ်ဝန်းကျင်ခန့်မှစ၍ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ အစီအမံများဖြင့် စမ်းသပ်စတင်ဖော်ဆောင်ခဲ့ပြီး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှု၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဈေးကွက်မြှင့်တင်ရေးအသင်းတို့၏ ပူးပေါင်းဆောင်ရွက်မှုများဖြင့် ကချင်ပြည်နယ် အင်းတော်ကြီးအိုင်ပတ်ဝန်းကျင်ရှိ ဟဲပုံ၊ နန့်မီးလောင်၊ ညောင်ပြင်စသည့် ကျေးရွာ သုံးရွာတွင်လည်းကောင်း၊ မင်းကွန်းနှင့်ကျောက်မြောင်း အကြားရှိ ဆင်ကျွန်း၊ အေးကျွန်း၊ စိန်းပန်းကုန်း၊ မြေစွန်းကျွန်း၊ မြစ်ကမ်းကြီးနှင့် ဆည်သည်ရွာ ခြောက်ရွာတွင်လည်းကောင်း၊ ကယားပြည်နယ် လွိုင်ကော်မြို့နယ်၊ ဒီးမော့ဆိုးမြို့နယ်ရှိ ပန်ပက်၊ တနီးလာလဲကျေးရွာများတွင်လည်းကောင်း၊ ပအိုဝ်ဒေသ၊ ကက္ကူ၊ အင်းနီ၊ ထီးနဲ့ကျေးရွာများတွင် လည်းကောင်း၊ ကရင်ပြည်နယ် သံတောင်ကြီးတွင် လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ကံကြီးတောအရှေ့ကျေးရွာ၊ ကံကြီးတောအနောက်ကျေးရွာ၊ စူလီပန်းကျေးရွာ၊ အင်းရောင်းကျေးရွာများတွင်လည်းကောင်း ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း ခြောက်နေရာကို ဆောင်ရွက်ခဲ့ပါသည်။

**ဆုလက်ခံရယူ**

၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်နေ့မှ ၂၀ ရက်နေ့အထိ စင်ကာပူနိုင်ငံ Marina Bay Sands Expo & Convention Centre တွင် ကျင်းပပြုလုပ်သည့် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ် ၂၀၁၇ နှင့်တစ်ဆက်တည်း ဇန်နဝါရီလ ၂၀ ရက်နေ့တွင် အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ်ရုံးမှ "ASEAN Community Based Tourism Award 2017" အခမ်းအနားကိုလည်း ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံအနေဖြင့် အထက်ပါ ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း ခြောက်နေရာအနက်မှ ကယားပြည်နယ် လွိုင်ကော်မြို့ရှိ ပန်ပက်နှင့် တနီးလာလဲကျေးရွာများ၊ ရှမ်းပြည်နယ် ပအိုဝ့်ကိုယ်ပိုင်အုပ်ချုပ်



ခွင့်ရဒေသရှိ လွယ်ခေါ်၊ အင်းနီ၊ ထီးနဲ့နှင့် ကက္ကူ ကျေးရွာများ၊ မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်ရှိ ကျေးရွာများ စသည့်ခရီးစဉ် ဒေသသုံးခုအတွက် "ASEAN Community Based Tourism Award 2017" ဆုကို လက်ခံရယူရမည်ဖြစ်ပါသည်။

ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းသည် ဒေသအတွင်း ခရီးသွားလုပ်ငန်းအား အချိန်တိုအတွင်း အထိရောက်ဆုံး အကျိုးပြုနိုင်သည်ကို လက်တွေ့ အောင်မြင်မှုများဖြင့် သိရှိခံစားမှုများရရှိလာ၍ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ ပူးပေါင်းပံ့ပိုးကူညီမှုများဖြင့် (CBT)များကို ထပ်မံဖော်ထုတ်နိုင်ရန်အတွက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် စတင်တာဝန်ထမ်းဆောင်သည့် ၂၀၁၆ ခုနှစ် ဧပြီလမှစတင်ကာ မြန်မာနိုင်ငံ ဒေသအနှံ့အပြားသို့ မြေပြင်ကွင်းဆင်း၍ (CBT) ဖော်ဆောင်နိုင်မည့် ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပဒေါင်ဒေသ၊ အင်းလေးဒေသ၊ ချင်းပြည်နယ် ကန်ပက်လက်ဒေသ၊ မကွေးတိုင်းဒေသကြီး စလေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုများသို့ သွားရောက်၍ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတာဝန်ရှိသူများနှင့်ညှိနှိုင်းကာ ဖြစ်နိုင်ခြေရှိမှု ရှိ၊ မရှိ လေ့လာဆန်းစစ်ခဲ့ပါသည်။

**တိုးမြှင့်ဖော်ထုတ်**

ကွင်းဆင်းဆောင်ရွက်မှုရလဒ်များမှာ ကျေးရွာနေလူထု၏ သဘောတူညီမှုများဖြင့် ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ စီးကျအင်းကျေးရွာ၊ ပင်စိမ်းပင်ကျေးရွာ၊ ရာဇကျီကျေးရွာ၊ တောင်မြင့်ကြီးကျေးရွာများတွင်လည်းကောင်း၊ ညောင်ရွှေမြို့နယ်ရှိ လယ်နွဲ့ ဘုရားတောင်၊ ရေဆိပ်ကျေးရွာအုပ်စုတွင်လည်းကောင်း၊ ညောင်ရွှေမြို့နယ် စကားကျေးရွာတွင်လည်းကောင်း၊ စလေမြို့နယ် မကျီးကန်ကျေးရွာတွင်လည်းကောင်း၊ ချင်းပြည်နယ် ဆော်လောင်းကျေးရွာတွင်လည်းကောင်း၊ မိတ္ထီလာခရိုင် သာစည်မြို့နယ် ဆင်တောင်ကျေးရွာတွင် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ကျိုက်သလဲကျေးရွာတွင်လည်းကောင်း CBT ခုနစ်နေရာကို ထပ်မံတိုးမြှင့်ဖော်ထုတ်ဆောင်ရွက်လျက်ရှိပါသည်။

ရပ်ရွာလူထုအခြေပြုခရီးစဉ် ဖော်ဆောင်ရာတွင် အခြေခံလိုအပ်ချက်များဖြစ်သည့် တည်းခိုနေထိုင်ရေး၊ ဧည့်ခံကျွေးမွေးရေး၊ လှည့်လည်ပြသရေး၊ ရိုးရာအကများဖြင့်ဖျော်ဖြေရေး၊ လက်မှုလုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ အတူတကွ ပါဝင်ဆောင်ရွက်နိုင်သည့် လှုပ်ရှားမှုများ၊ ကျေးလက် အသုံးအဆောင်များဖြင့်ဆွဲဆောင်မှုများ၊ ဒေသထွက် အမှတ်တရပစ္စည်းများစသည်တို့ဖြင့် စနစ်တကျ ကြိုတင်ပြင်ဆင်ဆောင်ရွက်စေပါသည်။ ထို့အပြင် ကျေးလက်ဓလေ့ရိုးရာအတိုင်း တည်းခိုဧည့်ခံကျွေးမွေးကြရာတွင်သန့်ရှင်းမှုနှင့်ကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရန်အတွက် ဟိုတယ်အခြေခံဘာသာရပ်ဆိုင်ရာ သင်တန်းများကိုလည်း တာဝန်ခွဲဝေဆောင်ရွက်ကြမည့် ရွာသူရွာသားများကို သင်ကြားပေးကြပါသည်။

**သဘောထားရယူဆောင်ရွက်**

ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၏ ၂၀၁၆ ခုနှစ် မေလအတွင်းသွားရောက်ခဲ့သော ချင်းပြည်နယ် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး ခရီးစဉ်တွင် ပြည်နယ်၊ တိုင်းဒေသကြီးများမှ (CBT)ဖော်ဆောင်ရန် အကြံပြုဆွေးနွေးရွေးချယ်ခဲ့ကြသော ကျေးရွာများအနက် ခရီးသွားရာသီအမီ ဖော်ဆောင်ရန်မှာကြားခဲ့သော မကွေးတိုင်းဒေသကြီး စလေမြို့နယ်၊ မကျည်းကန်ကျေးရွာမှာ (၃၀-၁၀-၂၀၁၆) ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပြီးဖြစ်၍ ကမ္ဘာလှည့်ခရီးသည်များပင် ဝင်ရောက်လည်ပတ်နေပြီဖြစ်ပါသည်။ အဆိုပါခရီးစဉ်မှာပင် ချင်းပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး၊ ကန်ပက်လက်တာဝန်ခံ ဦးဆလိုင်းအိုက်ဇက် ခင်၏ အဆိုပြုချက်ဖြစ်သည့် ကန်ပက်လက်မြို့နယ်၊ ဆော်လောင်းကျေးရွာအား (CBT) ဖော်ဆောင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးက ဖြစ်နိုင်ခြေ ရှိ၊ မရှိ လက်တွေ့ကွင်းဆင်းကာ ဆော်လောင်းကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံဆွေးနွေး၍ လူထုအခြေပြုခရီးသွားလုပ်ငန်းအကြောင်းအား ရှင်းလင်းချပြခြင်း၊ သဘောထားရယူခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံရှိ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတို့သည် သဘာဝအလှတရားများကို ကိုယ်စီပိုင်ဆိုင်ထားကြသည်။ သဘာဝအလှတရားများပြည့်စုံသော တိုင်းဒေသကြီး၊ ပြည်နယ်များသည် မိမိဒေသအလိုက် အထူးပြုကြသော ကိုယ်ပိုင်လက္ခဏာရပ်များရှိကြသည်။ ချင်းပြည်နယ်၏ တောင်ဇလပ်ပန်းများ၊ အောက်ချင်းငှက်များသည် ပြည်နယ်၏အထိမ်းအမှတ် လက္ခဏာရပ်များဖြစ်သည်။ ချင်းပြည်နယ်အကြောင်း ရေးသားဖွဲ့ဆိုရာတွင် ထိုအထိမ်းအမှတ် လက္ခဏာရပ်များကို ချန်လှပ်ထား၍မရ။ ချင်းပြည်နယ်နှင့် တောင်ဇလပ်ပန်း၊ ဒွန်တွဲနေသလို တောင်ဇလပ်ပန်းနှင့် အောက်ချင်းငှက်မှာလည်း အမြဲယှဉ်တွဲလျက်ရှိသည်။

**ကမ္ဘာ့အမွေအနှစ်**

ချင်းပြည်နယ်ကို အများအားဖြင့် တောင်ပိုင်းနှင့် မြောက်ပိုင်းခေါ်ဝေါ်ကြသည်။ ချင်းပြည်နယ်၏ တောင်ပိုင်းတွင် ကန်ပက်လက်၊ မင်းတပ်၊ မတူပီမြို့နယ်များအနက် ဆော်လောင်းကျေးရွာသည် ကန်ပက်လက်မြို့နှင့် နီးကပ်စွာတည်ရှိသည်။ ကန်ပက်လက်မြို့မှတစ်ဆင့် ခေါ်နူးစုမ်(ယခင်အခေါ် နတ်မတောင်) တောင်ပေါ်သို့ ကား၊ ဆိုင်ကယ်၊ ခြေကျင် တက်ရောက်နိုင်သည်။ ခေါ်နူးစုမ်တောင်သည် ဧရိယာ ၁၇၆၂၀၂ ဧက ကျယ်ဝန်းပြီး ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၁၀၅၀၀ မြင့်ကာ ချင်းပြည်နယ်ရှိ တောင်များအနက် အမြင့်ဆုံးတောင်ဖြစ်ပါသည်။ ခေါ်နူးစုမ် သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း တောင်ပေါ်အမြဲစိမ်းတော (Hill Evergreen Forest)၊ တောင်ပေါ်ထင်းရှူးတော (Pine Forest)၊ တောင်ပေါ်မြက်ခင်းတော (Hill Savannah/ Meadows)ဟူ၍ တောအမျိုးအစားသုံးမျိုးတွေ့နိုင်ပြီး ဝက်သစ်ချမျိုးနွယ်၊ သစ်အယ်မျိုးနွယ်၊ မိုင်းဘော၊ တောင်ဇလပ်၊ ထင်းရှူး၊ မကောက်၊ မျောက်ငို၊ သစ်ဂျပိုး၊ ကရဝေး၊ ဘုံမဲဇာ၊ သဖန်း၊ ကတွတ်၊ ကျောက်ထင်းရှူး၊ ချယ်ရီ၊ တောင်ပိန္နဲစသည့် အမြဲစိမ်းတောသစ်ပင်များ စုံလင်စွာ ပေါက်ရောက် လျက်ရှိပါသည်။ ၁၉၉၇ ခုနှစ် ဇူလိုင်လတွင် အမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်ရန် အဆိုပြုခဲ့ပြီး ၂၀၁၀ ခုနှစ် ဒီဇင်ဘာလတွင် အမျိုးသားဥယျာဉ်အဖြစ် အတည်ပြုသတ်မှတ်ခဲ့ပါသည်။ ၂၀၁၂ ခုနှစ်တွင် အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ် တိုးမြှင့်သတ်မှတ်ခဲ့ပြီး ၂၀၁၃ခုနှစ်မှစ၍ ယူနက်စကိုမှ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် အသိအမှတ်ပြုရန် ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။

**နိုင်ငံခြားငွေရရှိ**

ဤသို့ဆောင်ရွက်ခြင်းဖြင့် တောင်ပေါ်ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့စေရေး ထိန်းသိမ်းကာကွယ်နိုင်ခြင်း၊ နိုင်ငံ၏အရေးကြီးသော ရေဝေဒေသကိုအချိန်မီထိန်းသိမ်းကာကွယ်နိုင်ခြင်း၊ အမျိုးသားဥယျာဉ် တည်ထောင်ခြင်းဖြင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်လာစေခြင်း၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းဖြင့် နိုင်ငံခြားငွေရရှိလာစေခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိလာမည်ဖြစ်ပါသည်။ ခေါ်နူးစုမ် အမျိုးသားဥယျာဉ်အတွင်းတွင် ဒေသမျိုးရင်းစိတ်ဖြစ်သည့် တောင်ဇလပ်ဝါ (Rhododendron brumanicum)၊ တောင်ဇလပ်ဖြူ (Rhododendron caffeanum)၊ မြေကပ်ပန်း (Roscuoeaaustralis)၊ ပိုတင်တီလာ (Potentillamontisvictoriae) အပင်များကို တွေ့ရှိနိုင်ပါသည်။ **ဆက်လက်ဖော်ပြပါမည်။**

# “ ပြည်သူ့ရင်ပြင် တရားအလှူ ဓမ္မသဘင် ကျေးဇူးတင်လွှာ”

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော နှစ်သစ်ကူးတရားအလှူတော် ဓမ္မသဘင်** ကို (၂.၁.၂၀၁၇) မှ (၆.၁.၂၀၁၇)အထိ (၅)ရက်တိုင်တိုင် အထူးစည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပခဲ့ပါသည်။ထိုဓမ္မသဘင်ဆင်ယင်ကျင်းပနိုင်ရန်အတွက် တရားထူးတရားမြတ်များအား ကြွရောက်ချီးမြှင့်ဟောကြားပေးပါသော ....

- **ဒေါက်တာအရှင်ဉာဏိဿရ (သီတဂူဆရာတော်)**
- **အရှင်သီရိန္ဒာဘိဝံသ (ယောဆရာတော်)**
- **ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ (ပါမောက္ခချုပ်ဆရာတော်)**
- **အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရဆရာတော်)**
- **အရှင်ရာဇိန္ဒ (ရဝေနွယ်– အင်းမဆရာတော်)**

ဆရာတော်ကြီးများနှင့် ပဋ္ဌာန်း၊ ပရိတ်တရားတော်များ ချီးမြှင့်ပေးပါသော **ရန်ကုန်တိုင်းဒေသကြီး၊ သံဃနာယက ဥက္ကဋ္ဌဆရာတော် ဒေါက်တာကုမာရဘိဝံသ နှင့် မဟာဝိသုဒ္ဓါရုံကျောင်းတိုက်မှ ဆရာတော်၊ သံဃာတော်များ** အားလည်းကောင်း၊ တရားနာကြွရောက်ချီးမြှင့်ပေးပါသော **ရဟန်းသံဃာတော်များ၊ သီလရှင်များ** အားလည်းကောင်း၊ (၅)ရက်တိုင်တိုင် တရားနာကြွရောက်ပေးပါသော **ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ** အားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာလွှတ်တော်အသီးသီးမှ ပုဂ္ဂိုလ်များအားလည်းကောင်း၊ အစိုးရအဖွဲ့ဝင် လူကြီးမင်းများအားလည်းကောင်း၊ တရားပွဲကျင်းပရေး အထောက်အကူပြု အဖွဲ့ဝင်များအားလည်းကောင်း၊ သက်ဆိုင်ရာဌာနအသီးသီးမှ တာဝန်ရှိလူကြီးမင်းများအားလည်းကောင်း၊ ပရဟိတအသင်း အဖွဲ့များအားလည်းကောင်း၊ တရားပွဲမတည်အလှူရှင်များဖြစ်ကြသော **ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဇနီး ဒေါ်ခင်မိမိကြွယ်** မိသားစု၊ ဦးချမ်းငြိမ်း– ဒေါ်အေးအေးထွန်း၊ သား မောင်ချမ်းကောင်းဆက် မိသားစု၊ ဦးရှိန်ဝင်း–ဒေါ်ခင်ချိုဦး သား မောင်ကောင်းထိုက်ထွန်း မိသားစု၊ ဝိသာခါ ဖောင်ဒေးရှင်း၊ လေးကျွန်းသူ ဖောင်ဒေးရှင်းနှင့် ရွှေသံလွင်ကုမ္ပဏီတို့အားလည်းကောင်း၊ တရားပွဲဖြစ်မြောက်ရေးနှင့် ဓမ္မပူဇာအလှူရှင်များအား လည်းကောင်း၊ အာဟာရဒါနများလှူဒါန်းပေးကြသော ကုမ္ပဏီများနှင့် လုပ်ငန်းရှင်ကြီးများအားလည်းကောင်း၊ CCTV Camera များဖြင့် လုံခြုံရေးမှတ်တမ်းတင်ပေးပါသော နောင်ရိုး CCTV Co.,Ltd. အားလည်းကောင်း၊ လုံခြုံရေး ကိစ္စများအတွက် ပါဝင်ဆောင်ရွက်ပေးပါသော Myanmar Best Security Co.,Ltd. အားလည်းကောင်း၊ Fortune International Co.,Ltd. အားလည်းကောင်း၊ Anti Drone ဖြင့်ကူညီဆောင်ရွက်ပေးပါသောTRD Co.,Ltd. မှ ဒေါက်တာတင်အောင်လင်းနှင့် အဖွဲ့အားလည်းကောင်း၊ ကျန်းမာရေး စောင့်ရှောက်မှုပေးခဲ့သော ပုဂ္ဂလိကဆေးရုံများ၊ ဆေးခန်းများနှင့် ဆရာဝန်၊ ဆရာဝန်မများအား လည်းကောင်း၊ အခမဲ့ Taxi အငှားယာဉ်များ၊ မော်တော်ယာဉ်များ၊ လူနာတင်ယာဉ်များဖြင့် ကူညီဆောင်ရွက်ပေးခဲ့ပါသော အသင်းအဖွဲ့များအားလည်းကောင်း (၅)ရက်တိုင်တိုင် တရားပွဲသို့ တရားနာ ကြွရောက်ကြသော တရားနာ ပရိသတ်များအားလည်းကောင်း၊ မြန်မာတစ်နိုင်ငံလုံးမှ ကြည့်ရှုတရားနာယူနိုင်ရန် တိုက်ရိုက်ထုတ်လွှင့် လှူဒါန်းပေးပါသော MRTV(4) နှင့် SKY NET ရုပ်သံလိုင်းများအားလည်းကောင်း၊ FM Radio သတင်းဌာနများအားလည်းကောင်း၊ တရားကိုမြတ်နိုး တရားကိုချစ်ခင်သော မြန်မာတစ်နိုင်ငံလုံးမှ တရားနာမိဘပြည်သူများနှင့် အခြားကျေးဇူးတင်ထိုက်သူများအား ကျေးဇူးအထူးဥပကာရတင်ရှိပါကြောင်းနှင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ နှစ်သစ်မှာ ကျန်းမာချမ်းသာ အေးချမ်းကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**နှစ်သစ်ကူးတရားအလှူဓမ္မသဘင်ဖြစ်မြောက်ရေးကော်မတီ**

nurture preschool
We nurture tomorrow leaders!

နိုင်ငံတကာ အသိအမှတ်ပြုဖွံ့ဖြိုးမှု (၅) ရပ်ကို အခြေခံသည့်
မူကြိုပညာရေး

Emotional Development (EQ) | Intellectual Development (EQ) | Moral Development | Physical Development | Social Development

အသက် ၂ နှစ်မှ ၅ နှစ် အရွယ်ကလေးငယ်များ လစဉ်ကျောင်းအပ်လက်ခံနေပါပြီ




| စမ်းချောင်း | လှိုင် | တာမွေ | အင်းစိန် | မရမ်းကုန်း | ကမ္ဘာအေး |
|---|---|---|---|---|---|
| 09262963774 | 01-530097 | 01-549590 | 09259822226 | 01-663960 | |
| 09262963775 | 09254148005 | 09254148006 | 09259822227 | 09259822220 | |

ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ ကြီးကြပ်
ဦးဆောင်မှုဖြင့်အောက်ဖော်ပြပါ ဟိုတယ်ဧည့်ဝန်ဆောင်မှု
သင်တန်းများအား Star Academy ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း
သင်တန်းဌာနတွင် ဖွင့်လှစ်သွားပါမည်

| စဉ် | သင်တန်းအမျိုးအစား | အနည်းဆုံးပညာအရည်အချင်း |
|---|---|---|
| ၁။ | ဧည့်ကြိုလုပ်ငန်းသင်တန်း(အဆင့် ၁) | ဒုတိယနှစ်၊ ဘွဲ့ရများ |
| ၂။ | အိပ်ခန်းဆောင်ထိန်းသိမ်းရေး သင်တန်း (အဆင့် ၁) | တက္ကသိုလ်ဝင်တန်း |
| ၃။ | အစားအစာနှင့်အဖျော်ယမကာဧည့်ခံ ကျွေးမွေးရေးသင်တန်း (အဆင့် ၁) | တက္ကသိုလ်ဝင်တန်း |
| ၄။ | အစားအစာနှင့်အဖျော်ယမကာထုတ် လုပ်ရေးသင်တန်း (အဆင့် ၁) | တက္ကသိုလ်ဝင်တန်း |
| ၅။ | နိုင်ငံတကာမုန့်မျိုးစုံထုတ်လုပ်ရေး သင်တန်း (အဆင့် ၁) | ဤသင်တန်းဌာနမှ အခြေခံ (အဆင့် ၁) အစားအစာထုတ် လုပ်ရေးသင်တန်းတက်ရောက် ပြီးသူ ဖြစ်ရမည်။ |
| ၆။ | ဟိုတယ်ထိန်းသိမ်းမှုဆိုင်ရာ ကြီးကြပ်ရေးသင်တန်း (ဘဏ္ဍာရေး) (အခန်းဌာန)၊ (အစားအစာနှင့် အဖျော်ယမကာဌာန) (အဆင့် ၂) | စီးပွားရေး ပညာဘွဲ့ရရှိပြီးသူ (သို့)ဘွဲ့တစ်ခုခုရပြီးစာရင်းကိုင် ပညာအခြေခံ ကျွမ်းကျင်သူ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းသင်တန်းဌာနမှ သက် ဆိုင်ရာဌာန၏ အဆင့်(၁) သင်တန်း တစ်ခုအောင်မြင်ပြီး၊ ဘွဲ့ရသူ(သို့) တစ်နှစ်လုပ်ငန်း အတွေ့အကြုံရှိ၊ ဘွဲ့ရရှိသူ ဖြစ်ရပါမည်။ |

**သင်တန်းကာလ - ( ၆.၂.၂၀၁၇ ) မှ ( ၁၇.၄.၂၀၁၇ ) ရက် အထိ။**

**သင်တန်းဆိုင်ရာအချက်အလက်များဆက်သွယ်စုံစမ်းရန် -**

လျှောက်လွှာများကို မြန်မာနိုင်ငံရှိ **Star Academy** ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း သင်တန်း ဌာနတွင် ထုတ်ယူနိုင်ပြီး ဓာတ်ပုံတစ်ပုံ၊ ပညာအရည်အချင်း မိတ္တူ၊ ကျန်းမာရေး ထောက်ခံစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ရုံးထောက်ခံစာ တို့ကိုပူးတွဲတင်ရမည်။

Star Academy ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန
အမှတ်(၂၆၇)၊ အခန်း(၂၀၂)၊ ဒုံစင်တာ(၂)ရှေ့၊ ပြည်လမ်း၊ မြန်မာနိုင်ငံ၊ စမ်းချောင်းမြို့နယ်၊
ဖုန်း ။ ။ ၀၁- ၅၂၃ ၂၀၀၊ ၂၃၀ ၄၀၂၀၊ ၂၃၀ ၄၀၂၁၊ ၅၂၃ ၆၂၃၊
၀၉ ၅၀၂၀ ၃၀၂။ email: info@staresources.com

ရွှေဟိုက်ရှုဆောင် 09 449250191
၀၉ ၇၃၀၃၇၁၃၇၊ ၀၉ ၇၃၀၅၁၁၀၈
၀၉ ၄၂၀၀၅၆၆၉၃၊ ၀၉ ၄၂၃၇၄၂၇၁၀
Jan-31, Feb 17, 24 March - 3 / 17, April - 11, 28

▲ရွှေစက်တော်-ရုံလေးရုံဘုရားများ ... ပုပ္ပါး-ပုဂံစွယ်တော်လေးဆူ-ပခုက္ကူ-မုံရွာ-အလောင်းတော်ကဿပ-ပေါဝင်-သမ္ဗုဒ္ဓေ-ရွှေဘို-မန္တလေး-ကျောက်စိမ်း-ပြင်ဦးလွင် ... ▲မန္တလေး-အညာသိဟတော-မြောက်-လှိုက်ဂူတော်-ပြင်ဦးလွင် ... အင်းတော်ကြီးရေလယ်-မြစ်ကြီးနားမြစ်ဆုံ ...

ကျိုက်ထီးရိုး ကြူကြူဝင်း
ဘုရားဖူးခရီးသွားနှင့် ကားစီးလုံးငှား ဝန်ဆောင်မှုလုပ်ငန်း
☆ကျိုက်ထီးရိုးတစ်ညအိပ် - တစ်ဦး ၅၅၀၀၀ / - ကျပ် (စနေ) (ရာမညရေတံခွန် အပါအဝင်)
☆ကျိုက်ထီးရိုးနေ့ချင်းပြန် တစ်ဦး ၃၀၀၀၀/ - (တနင်္ဂနွေ) အပတ်စဉ်ထွက်ခွာပါမည်
Ph: 09-788700997, 09-963344200, 01-2333345

**FORWARD** English Language Centre
ဒေါ်ညွန့်ညွန့်ဝင်း (Ex-Assistant Letcturer) Ph: 01- 227082, 09 -795410382
B.A(English), M. Phil, M.A, Dip(Canada), CELTA(Cambridge)

| Courses | Time | Day | Starting Date |
|---|---|---|---|
| Intermediate | 7:30-9:00 | Mon, Tue, Wed | 1. 2. 2017 |
| | 10:00-11:30 | Mon, Tue, Wed | 1. 2. 2017 |
| | 12:00-2:00 | Sat, Sun | 4. 2. 2017 |
| Upper Intermediate | 9:00-11:00 | Sat, Sun | 4. 2. 2017 |
| IELTS | 2:30-5:00 | Sat, Sun | 4. 2. 2017 |

တက္ကသိုလ်ဝင်တန်းဖြေဆိုပြီးသူများ လုပ်ငန်းခွင်ဝင်လိုသူများ နိုင်ငံခြားသွားမည့်သူများအတွက်
Speaking, Listening, Reading, Writing & Grammar

* စက်မှုဇုန်မြေကွက်များ အမြန်ရောင်းမည် *

| | | | |
|---|---|---|---|
| ဒဂုံဆိပ်ကမ်းဇုန် | (၁.၀၁ဧက) | ဂို(60'x200')100KVA | ၅၀၀၀ သိန်း |
| သာကေတဇုန် | (၁၀၀ပေx ၁၁၀ပေ) | မြေ၊ ဂရန်၊ အုတ်ခတ်၊ မီး | ၇၅၀၀ သိန်း |
| ဒဂုံဆိပ်ကမ်းဇုန် | (၂.၅၂၇ ဧက) | မြေ၊ ဂရန်၊ အုတ်ခတ် | ၇၀၀၀ သိန်း |
| မင်္ဂလာဒုံဇုန် | (၂.၁ ဧက) | ဂို (၂၁၆၀၀ SF) | ၁၅၀၀၀ သိန်း |
| မင်္ဂလာဒုံဇုန် | (၂.၁ ဧက) | ဂို (၇၀၀၀၀ SF) | ၂၄၀၀၀ သိန်း |
| ဝါးတရာဇုန် | (၆ ဧက) | ပါမစ်မြေ၊ အုတ်ခတ် | ၁ဧက-၁၉၅၀ သိန်း |
| အရှေ့ဒဂုံဇုန် | (၇.၁ ဧက) | ပါမစ်မြေ၊ အုတ်ခတ် | ၁ဧက-၃၅၀၀ သိန်း |
| သာစရကန်ဇုန် | (၆ ဧက) | ပါမစ်မြေ၊ အုတ်ခတ် | ၁ဧက-၃၇၅၀ သိန်း |
| ရွှေလင်ပန်းဇုန် | (၂.၂၃၄ ဧက) | မြေ၊ ဂရန် | ၁ဧက-၄၅၀၀ သိန်း |

;09 773221022, 09 777720163, 09 777720166



SPRING LINE
★ Hlaing River Landmark ★

LAUNCHING HOT SALE 65 UNITS

◆ လ ၄၀ အရစ်ကျငွေချေမှုစနစ်
◆ တစ်နှစ်ကို ၁၃% ပြန်လည်ရရှိမည့်အခွင့်အရေး
◆ ၇၀% ပေးချေရုံဖြင့် အခန်းအပ်မည်ဖြစ်၍၊ ကျန်၃၀% ကို ငှားရမ်းခရရှိငွေမှ ပေးချေသွားနိုင်သည်။

ဘိုးဘွားပိုင်မြေ - ဆောက်လုပ်မှုပြီးလုနီး
အဆင့်မြင့် SOHO Condo
USD 150,000 မှစ၍
ဆောက်လုပ်ပြီးစီးသော PROJECT မှသာ လူကြီးမင်းတို့အတွက်
အာမခံနှင့် ရင်းနှီးမြှုပ်နှံမှု အကျိုးအမြတ်ကို အခိုင်အမာ ဖြစ်စေပါသည်။

Tel: 09 7930 66666
Add: No.461, Kanar Middle Qtr, Hlaing River Road, Insein Township, Nearby Aung Zay Ya Bridge, Yangon
Facebook: @springlinecenter
Shwe Oak Khai Construction Co., Ltd.



# အနူးအညွတ်ဝန်ချတောင်းပန်ခြင်း

မကွေးမြို့၊ ကန်သာရပ်၊ မေတ္တာလမ်းနေ ဒေါက်တာဒေါ်ခင်ဝင်းမေ(တိ/ကု)သည် မကွေးမြို့၊ ကောင်းမွန်ဆေးရုံတွင် ပြင်ပလူနာအဖြစ် ဆေးကုသမှုခံယူနေစဉ် ရုတ်တရက် အရေးပေါ်အခြေအနေ ဖြစ်ပေါ်သွားချိန်တွင် ကျွန်တော်များဆေးရုံ၏ စီမံခန့်ခွဲမှုနှင့် လိုအပ်သောကုသမှုပေးရန် ပျက်ကွက်ခဲ့ပါသဖြင့် လူနာသည် ၁၇-၁-၂၀၁၇ ရက်တွင် ရုတ်တရက် အသက်ဆုံးရှုံးခဲ့ရပါသည်။

ထိုသို့ ကြီးမားစွာ အစားထိုးမရနိုင်သည့် နစ်နာဆုံးရှုံးမှုအတွက် ကာယကံရှင်၏ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကာယကံရှင်နှင့် ကာယကံရှင်၏ မိသားစုဝင်များအား မကွေးမြို့ ကောင်းမွန်ဆေးရုံမှ အနူးအညွတ် ဝန်ချတောင်းပန်အပ်ပါသည်။

**ကောင်းမွန်ဆေးရုံ၊ မကွေးမြို့**

---

# အထူးဝမ်းနည်းကြေကွဲခြင်း

မကွေးမြို့နေ (ဦးမြဟန်-ဒေါ်အေးပိုင်)တို့၏သမီး၊ ညောင်တုန်းမြို့နေ (ဦးရလှိုင်-ဒေါ်ငွေကြည်)တို့၏ သမီးချွေးမ၊ မကွေးမြို့၊ ကန်သာရပ်၊ မေတ္တာလမ်းနေ ဒေါက်တာဦးဝင်းမြင့်(တိ/ကု)၏ဇနီး၊ မဝင်းလဲ့လဲ့ဖြိုး၊ ကိုအောင်မြတ်ကျော်(Lizstar Co.,Ltd)-ဒေါက်တာအေးမြချမ်းသာ၊ ဒေါက်တာမင်းကိုအောင်-ဒေါက်တာဝင်းပြည့်ပြည့်ဖြိုးတို့၏မိခင် ဒေါက်တာဒေါ်ခင်ဝင်းမေ(တိ/ကု)သည် ၁၇-၁-၂၀၁၇ ရက်တွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ယူကျုံးမရ ဝမ်းနည်းကြေကွဲရပါသည်။

**ညီအစ်ကိုမောင်နှမများ**

-ဦးတင်အောင်-(ဒေါ်သိန်းသန်း)
-ဦးကျော်အေး-ဒေါ်မိမိအောင်
-ဦးငွေမြင့်-ဒေါ်ခင်မျိုးအောင်
-ဦးအောင်ကျော်ငြိမ်း-ဒေါ်ဝင်းဝင်းကြည်
-ဦးခင်မောင်-ဒေါ်ခင်ဝင်းဆွေ
-ဦးမောင်မောင်တာ-ဒေါ်စုစုကြည်
-ဒေါ်ကျင်ကျင်အေး
-ဦးဟုတ်စိန်-ဒေါ်မေသူစိုး
-ဦးစိုးလှိုင်-(ဒေါ်အေးငြိမ်းစိုး)
-ဒေါ်ကြည်ကြည်အေး

**နှင့် တူ၊ တူမများ**

# လက်ရှိချန်ပီယံရတနာပုံနှင့် ချင်းယူနိုက်တက် နိုင်ပွဲစတင်ရရှိ

**မန္တလေး ဇန်နဝါရီ ၂၂**

၂၀၁၇ ဘောလုံးရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၂) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ ရတနာပုံနှင့် ချင်းယူနိုက်တက်အသင်းနိုင်ပွဲရခဲ့သည်။

**(မန္တလာသီရိကွင်း)**

**ရတနာပုံ - တစ်ဂိုး**

**ဖွဲ့ကပင် - ဂိုးမရှိ**

ယခုရာသီတွင် မထင်မှတ်ဘဲ ရုန်းကန်နေရသည့် လက်ရှိချန်ပီယံ ရတနာပုံအသင်းသည် နောက်ခံလူ သက်နိုင်၏ တစ်လုံးတည်းသောဂိုးဖြင့် နိုင်ပွဲစတင်ရယူနိုင်ခဲ့သည်။ ဖွဲ့ကပင်အသင်း၏ တုံ့ပြန်မှုကြောင့် ရတနာပုံအသင်း အိမ်ကွင်းတွင် အနိုင်ရရန် ခက်ခက်ခဲခဲ ကစားခဲ့ရသည်။

လက်ရှိချန်ပီယံ ရတနာပုံအသင်းသည် ရန်ပိုင်၊ အောင်သူ၊ ဝင်းနိုင်စိုး၊ စည်သူအောင်စသည့် အမာခံ ကစားသမားအစုံအလင် အသုံးပြုခဲ့ပြီး ဖွဲ့ကပင်အသင်းမှာလည်း ဟံသာဝတီကို အဝေးကွင်းတွင် အနိုင်ကစားခဲ့သည့် ကစားသမားအများစုဖြင့် ဆက်လက်ယှဉ်ပြိုင်ခဲ့သည်။ ပွဲအစကတည်းက နှစ်သင်းစလုံး အပြန်အလှန် ကစားနိုင်ခဲ့ပြီး ဖွဲ့ကပင်အသင်းမှာ အဝေးကွင်းတွင် ခံစစ်ဦးစားမပေးဘဲ တိုက်စစ်ဖွင့် ကစားခဲ့သည်။ ရတနာပုံအသင်းသည် အောင်သူ၊ ဝင်းနိုင်စိုးတို့၏ တိုက်စစ်တွဲလုံးဖြင့် အမိကတိုက်စစ်ဆင်ခဲ့ပြီး ဖွဲ့ကပင်ဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့သည်။ ရတနာပုံ အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ၂၇ မိနစ်တွင် ညာနောက်ခံလူ သက်နိုင်က ညာခြမ်းမှ တောက်လျှောက်ဆွဲပြေးပြီး အဝေးမှကန်သွင်းခဲ့ခြင်းဖြစ်သည်။ ရတနာပုံအသင်းသည် တစ်ဂိုးရပြီးနောက်ပိုင်းတွင် ဂိုးရနိုင်သည့် အခွင့်အရေးများ ထပ်ရခဲ့သော်လည်း စည်သူအောင်၏ ကန်ချက် တိုင်ထိထွက်ခဲ့သလို အောင်သူ၊ ဝင်းနိုင်စိုးတို့၏ ကန်ချက်များမှာလည်း ဂိုးမဖြစ်ခဲ့ပေ။ ဖွဲ့ကပင်အသင်း ချေပဂိုးရရန်ကြိုးပမ်းခဲ့သော်လည်း ရတနာပုံနောက်တန်းကို မကျော်နိုင်ခဲ့ပေ။

**စာမျက်နှာ ၁၂ ကော်လံ ၄ သို့** ◆



ရတနာပုံနှင့် ဖွဲ့ကပင်အသင်း အကြိတ်အနယ်ယှဉ်ပြိုင်နေစဉ်။



အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ၂၀၁၆ အာဆီယံအမျိုးသမီးပြိုင်ပွဲတွင် မြန်မာနှင့် ဗီယက်နမ် ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-ဖိုးသော်ဇင်

# အာရှဖလား အမျိုးသမီးခြေစစ်ပွဲ အုပ်စုမဲခွဲ

**ရန်ကုန် ဇန်နဝါရီ ၂၂**

၂၀၁၈ အာရှဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စုမဲခွဲပွဲကို ဇန်နဝါရီ ၂၁ ရက်က ဂျော်ဒန်နိုင်ငံ၌ ကျင်းပခဲ့ရာ မြန်မာအသင်းသည် အုပ်စု(ဃ)တွင် ကျရောက်ခဲ့သည်။

ယင်းခြေစစ်ပွဲတွင် အသင်း ၂၀ သင်း ယှဉ်ပြိုင်မည်ဖြစ်ပြီး နောက်ဆုံးအဆင့်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဂျော်ဒန်အသင်းမှာလည်း ခြေစစ်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ခြေစစ်ပွဲတွင် အာရှထိပ်သီးတောင်ကိုရီးယား၊ မြောက်ကိုရီးယားအသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဂျော်ဒန်အသင်းသည် ခြေစစ်ပွဲအုပ်စုတွင်

**စာမျက်နှာ ၁၂ ကော်လံ ၁ သို့** ❁

# အရှေ့တောင်အာရှ မြားပစ်ပြိုင်ပွဲတွင် မြန်မာအသင်း ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များစတင်ဆွတ်ခူး

**ရန်ကုန် ဇန်နဝါရီ ၂၂**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၆) ကြိမ်မြောက် အရှေ့တောင်အာရှ ချန်ပီယံရှစ်မြားပစ်ပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့ နံနက်ပိုင်းမှစ၍ ကျိုက္ကဆံမြားပစ်ကွင်း၌ ဆက်လက်ကျင်းပရာ ဒုတိယနေ့အပြီးတွင် မြန်မာမြားပစ်အဖွဲ့က ရွှေ တစ်ခု၊ ငွေ နှစ်ခု၊ ကြေး သုံးခု စတင်ဆွတ်ခူးရရှိခဲ့သည်။

မြန်မာမြားပစ်အဖွဲ့သည် နှစ်ရက်ပေါင်း ပြိုင်ပွဲ ရှစ်ခု ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ဆုတံဆိပ် ခြောက်ခု ရယူနိုင်ခဲ့ပြီး ရွှေတံဆိပ်ဆုကို ဝါရင့်မြားပစ်ကစားသမား အောင်ငိုမ်းက အမျိုးသမီး Compound Ranking Round ပြိုင်ပွဲတွင် ရယူပေးနိုင်ခဲ့သည်။

အောင်ငိုမ်းသည် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲအပြီးတွင် ကစားသမားဘဝမှ အနားယူခဲ့ပြီး နည်းပြအဖြစ် ဆောင်ရွက်ခဲ့သော်လည်း လာမည့် (၂၉) ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာမြားပစ်အဖွဲ့ အောင်မြင်မှုရရှိရန် ရည်ရွယ်၍ ပြန်လည်ကစားနေခြင်းဖြစ်သည်။ အောင်ငိုမ်းသည် အမျိုးသမီး

**စာမျက်နှာ ၁၂ ကော်လံ ၅ သို့** ▼

**အမျိုးသမီး Compound Ranking Round ပြိုင်ပွဲတွင် ရွှေဆုရ အောင်ငိုမ်း၊ ငွေဆုရ ဖိလစ်ပိုင်နှင့် ကြေးဆုရ ယောစိမ်းယတို့ကို မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ ဖြိုးကိုကိုတင့်ဆန်း၊ ဒု-ဥက္ကဋ္ဌ ဦးကျော်ဦးတို့နှင့် အတူတွေ့ရစဉ်။**




DECO
DECO-LAND GROUP
ONE-STOP TRUSTED PAPER SUPPLIER

**Copy Paper**
Copy Paper
Color Copy Paper

**Printing Paper**
Art Card
Art Paper
Woodfree
Newsprint

**Packaging Paper**
Cast Coated
Duplex
Grey Chip Board
Triplex Paper
Yaeni Paper
Ivory Board
Medium Paper
Test Liner
Kraft Liner
PEC Coated

**Special Paper**
Brief Card
Color Brief Card
Color Paper
Color Embossed Card
Gold/Silver Card
NCR Paper
Perfume Card
Pearlesent Paper
Sticker paper
Tracing Paper

**Stationery paper**
Continuous Form
Fax Roll
NCR Register Roll
Register Roll
Thermal Paper Roll



Hot Line : 01 684292, 684405~08

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန
# အောင်ဘာလေသိန်းဆုဌာနခွဲ
# သတင်းကြေညာချက်

၁။ အောင်ဘာလေသိန်းဆုဌာနခွဲသည် ကျပ်(၅၀၀)တန် အောင်ဘာလေသိန်းထီ လက်မှတ်များကို ဝယ်ယူရောင်းချလိုသူများအား သက်ဆိုင်ရာရုံးများတွင် လျှောက်လွှာတင်သွင်းကြရန် ၅-၉-၂၀၁၆ရက်နှင့် ၆-၉-၂၀၁၆ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းကြေညာခဲ့ပါသည်။

၂။ အဆိုပါလျှောက်လွှာများကို ၁၆-၉-၂၀၁၆ရက်နောက်ဆုံးထား၍ တင်သွင်းစေခဲ့ရာ လျှောက်လွှာပိတ်ရက်တွင် လျှောက်လွှာစုစုပေါင်း (၂၁၇၁၈)စောင်ဖြင့် ထီစာအုပ်ပေါင်း(၄၀၆၈၄၈၀၉)အုပ်= ထီလက်မှတ်စောင်ရေပေါင်း (၄၄၇၅၃၂၈၉၉)စောင်ထိ လျှောက်ထားခဲ့ကြရာ လက်ရှိမြန်မာနိုင်ငံလူဦးရေ (၅၁)သန်းနှင့် အချိုးကျတွက်ချက်ပါက လူတစ်ဦးလျှင် ထီ (၉)စောင်နှုန်းခန့်ဖြစ်ပြီး၊ ထီအက္ခရာ လုံးရေ (၄၉၇)လုံးကျော် ပုံနှိပ်ထုတ်ဝေရမည့် အခြေအနေဖြစ်ပေါ်ခဲ့ပါသည်။

၃။ အောင်ဘာလေသိန်းဆုဌာနခွဲအနေဖြင့် ကျပ် (၅၀၀)တန် ထီလက်မှတ်စာအုပ် ဝယ်ယူခွင့် လျှောက်ထားသည့် လျှောက်လွှာများတွင် အမှန်တကယ် ထီဝယ်ယူရောင်းချမည့်သူ မဟုတ်သူများ ပါဝင်နိုင်ခြင်းတို့ကြောင့် အဆင့်ဆင့်စိစစ်ခဲ့ရာ လက်ရှိအခြေအနေတွင် လျှောက်လွှာပေါင်း (၉၉၈၇)စောင်ဖြင့် ထီစာအုပ်ပေါင်း (၁၄၉၁၁၆၁၀)အုပ် = ထီလက်မှတ်စောင်ရေပေါင်း (၁၆၄၀၂၇၇၁၀)စောင် အက္ခရာလုံးရေအားဖြင့် (၁၈၂)လုံးခန့် စာရင်းရရှိထားပါသည်။

၄။ ယခင်က ပုံမှန်ထီအက္ခရာ (၂၇)လုံးနှင့် အရန်ထီအက္ခရာ (၅)လုံး စုစုပေါင်းအက္ခရာ (၃၂)လုံး ရိုက်နှိပ်ရန်မှာကြားခဲ့ပြီး ယခုအခါ ပုံမှန်ထီအက္ခရာ (၅)လုံးနှင့် အရန်ထီအက္ခရာ (၁၅)လုံးထပ်မံ တိုးမြှင့်မှာကြားထားသဖြင့် စုစုပေါင်းအက္ခရာ (၅၂)လုံးထုတ်ဝေရန် လျာထားပြီးဖြစ်ပါသည်။ အဆိုပါ (၅၂)လုံးအနက် အက္ခရာလုံးရေ (၃၀)ကို အချိုးကျခွဲဝေရောင်းချပြီး (၂၂)လုံးကို အရန်ထီအဖြစ် ထားရှိဆောင်ရွက်သွားပါမည်။

၅။ ထီစာအုပ်ဝယ်ယူခွင့် လျှောက်ထားခဲ့သူများအနေဖြင့် ထီစာအုပ်အရေအတွက်မည်မျှ ဝယ်ယူခွင့်ရရှိသည်ကို သိရှိလိုလျှင်သော်လည်းကောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ပယ်ဖျက်ခံရမှုများရှိလျှင်သော်လည်းကောင်း မိမိတို့မူလလျှောက်ထားခဲ့သည့်ရုံးသို့ သွားရောက်စုံစမ်းမေးမြန်းနိုင်ပြီး ထီစာအုပ်များထပ်မံလိုအပ်ပါကလည်း ရောင်းချပေးသွားမည်ဖြစ်ပါသည်။

၆။ ကျပ်(၅၀၀/-)တန် ထီလက်မှတ်စာအုပ် ဝယ်ယူခွင့်ရရှိသူများအနေဖြင့် မိမိဝယ်ယူခွင့်ရရှိသော ထီစာအုပ်အရေအတွက်အရ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပါသည်။

(က) ထီစာအုပ်တစ်အုပ်လျှင် တစ်လ ကျပ်(၁၀၀/-)နှုန်းဖြင့် (၃)လစာအာမခံငွေ(Deposit)ကို ၁၀-၂-၂၀၁၇ရက် နောက်ဆုံးထား၍ မိမိလျှောက်လွှာတင်သွင်းခဲ့သည့် ရုံးနှင့် ဆက်သွယ်ပြီး ပေးသွင်းပါရန်၊

(ခ) ပဋိညာဉ်စာချုပ် ချုပ်ဆိုရန်၊

၇။ ကျပ် (၅၀၀)တန် အောင်ဘာလေထီလက်မှတ်စာအုပ်များ ခွဲဝေရောင်းချရာတွင် အက္ခရာလုံးရေ (၃၀)၊ ထီစာအုပ်ပေါင်း (၂၄၅၄၅၄၀)အုပ်ကို လက်ရှိ ထီလုပ်ငန်းဆောင်ရွက်နေသော လုပ်ငန်းရှင်(အဟောင်း)များ၊ လုပ်ငန်းရှင်အသစ်များဖြစ်သော စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ် ဝင်ငွေခွန်ပေးဆောင်ထားသူများ၊ ဝင်ငွေရလမ်းစိစစ်ပြီးသူများ၊ ထီလုပ်ငန်းဆောင်ရွက်နေသူများနှင့် အသင်းအဖွဲ့/ကုမ္ပဏီများကို အချိုးကျခွဲဝေပေးခဲ့ပါသည်။

၈။ ယခင် ကျပ် (၂၀၀)တန် ထီလက်မှတ်စာအုပ်များ စတင်ထုတ်ဝေစဉ်က အက္ခရာလုံးရေ (၃၀)ထုတ်ဝေခဲ့သော်လည်း ပြင်ပဈေးကွက်တွင် အများပြည်သူများမှ ထီဝယ်ယူလိုအား နည်းပါးခဲ့သဖြင့် အက္ခရာ (၂၂)လုံးထိ ပြန်လည်လျှော့ချပြီး ထုတ်ဝေရောင်းချခဲ့ရပါသည်။

၉။ သို့ဖြစ်၍ ပထမအဆင့်အနေဖြင့် ကျပ် (၅၀၀)တန် ထီလက်မှတ်စာအုပ်များကို အက္ခရာလုံးရေ (၃၀)ဖြင့် စတင်ရောင်းချရန် သတ်မှတ်ပြီး ခွဲဝေပေးခဲ့ခြင်းဖြစ်ပါသည်။

၁၀။ အကယ်၍ အကြောင်းအမျိုးမျိုးကြောင့် ကျပ် (၅၀၀)တန် ထီစာအုပ်ဝယ်ယူရောင်းချခွင့် မရရှိသူများအနေဖြင့် ဝယ်ယူရောင်းချလိုပါကလည်း အရန်ထီများမှ ရောင်းချပေးသွားမည်ဖြစ်ပါသဖြင့် သက်ဆိုင်ရာရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

၁၁။ ထီလက်မှတ်များကို ပြန်လည်ရောင်းချရာတွင် ထီလက်မှတ်ပေါ်၌ ရိုက်နှိပ်ထားသောတန်ဖိုးအတိုင်း ရောင်းချရန်နှင့် တန်ဖိုးအတိုင်းရောင်းချခြင်းမပြုပါက ပဋိညာဉ်စာချုပ်ပါအတိုင်း အမည်ပျက်စာရင်း (Black List) အဖြစ် သတ်မှတ်ခြင်းခံရမည့်အပြင် လစဉ်ထီစာအုပ်ဝယ်ယူခွင့်ကို ပြန်လည်ရုပ်သိမ်းခြင်း၊ ပေးသွင်းထားသော အာမခံငွေ (Deposit) များအားလုံး နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံရမည်ဖြစ်ပါသည်။


ရေတားဆေး( Waterproofing )
Guard P2 Guard K11

- လျှင်ဒဏ်ခံနိုင်ခြင်း။
- ဝန်ဆောင်မှုနှင့်တကွဆောင်ရွက်လျှင် အာမခံ(Warranty)ပါရှိခြင်း။
- ဈေးနှုန်းအထူးသက်သာခြင်း။
- အိမ်သုတ်ဆေးများကဲ့သို့ပင် လွယ်ကူစွာ သုတ်လိမ်းနိုင်ခြင်း။
- မြို့နယ်အလိုက် အိမ်သုတ်ဆေးအရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ခြင်း။

- ကိုယ်စားလှယ်မှာယူလိုသူများ။
- ဝန်ဆောင်မှုနှင့်တကွဆောင်ရွက်လိုသူများ။
- ဆောက်လုပ်ရေးလုပ်ငန်းများ(Construction)များ ဆက်သွယ်စုံစမ်းနိုင်ပါသည်။




Myanmar Int'l FAC SYSTEM Co.,Ltd. ကန်တော်ကြီးတာဝါ၊ အခန်း(၁၁-၀၄)၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၂၅၄၉၆၉၂၆၀၊ ၀၉-၂၆၃၁၂၉၂၄၀၊ ၀၉-၂၆၃၁၂၉၂၄၁၊ Email; inquiry@fac-system.com, Web; waterproofing.fac.system.com

ဝရိုင် နှင့် ပြည်လမ်းဝန်းကျင်တွင် စားသောက်ဆိုင်ဖွင့်ရန် လုံးချင်းအမြန်ငှားလိုသော Customer ရှိသည်။
Golden Land Real Estate
01-394053 ,09-793108848

STAR
ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
Ph:09-43088052, 09-73254389, 09-421067330


သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင်ကို နှစ် စဉ် စိုက် ရွှေ တိုက် ကို စိုး

# ဂုဏ်ယူဝမ်းမြောက်ကြောင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၇)ဖြင့် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၄ရက်၊ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗောဓိရိပ်သာလမ်း၊ အိမ်အမှတ် (၂၂)နေ သုညတဓမ္မတောရ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာဆောက်လုပ်ရန် သာသနာ့မြေ ၁၂၈က သိန်းပေါင်း ၂၄၀၀ကျော်ဖိုး လှူဒါန်းသော သာသနာ့ဒါယိကာမကြီး ဒေါ်တင်တင်အေးအား **သီဟသုဓမ္မသိင်္ဂီဘွဲ့**တံဆိပ် ချီးမြှင့်ခြင်းခံရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း နောက်နောင်တွင်လည်း အမျိုးဘာသာ၊ သာသနာအတွက် သက်ရှည်ကျန်းမာ၊ ချမ်းသာစွာဖြင့် ဆတက်ထမ်းပိုးတိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါကြောင်း သုညတဓမ္မဆရာတော်အရှင်စန္ဒသေနနှင့် ယောဂီများမှ ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

**သုညတဓမ္မဆရာတော် အရှင်စန္ဒသေနနှင့် ယောဂီဒကာ၊ ဒကာမများ**
**ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်။**

## သုညတဓမ္မတောရမိုးကုတ်ဝိပဿနာဓမ္မရိပ်သာ ပန္နက်တင် အုတ်မြစ်စီမင်္ဂလာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီး(၁၅) မိုင်တိုင် လှေလှော်အင်းကျေးရွာ သုညတဓမ္မတောရမိုးကုတ်ဝိပဿနာဓမ္မရိပ်သာ အတွင်း ဆရာတော်စံကျောင်း၊ သိမ်၊ ဓမ္မာရုံ၊ သံဃာတော်များ၊ ကျောင်းဆောင်၊ အမျိုးသားဆောင်၊ အမျိုးသမီးဆောင်၊ ရေတွင်း၊ ရေကန်များကို ပန္နက်တင် အုတ်မြစ်စီမင်္ဂလာ ပြုလုပ်မည်ဖြစ်ပါ၍ ဒကာ၊ ဒကာမများအား ဖိတ်စာ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ လေးစားစွာ ဖိတ်ကြားအပ်ပါသည်

၁။ ပန္နက်တင်အုတ်မြစ်စီမင်္ဂလာအချိန် နံနက်၉း၀၀နာရီ
၂။ ချန်ပီယံဒံပေါက်ဖြင့် ကျွေးမွေးဧည့်ခံပါမည် အချိန် နံနက် ၁၀နာရီမှ ၁၂နာရီထိ
၃။ ပင့်သံဃာတော် ၂၇ ပါး
၄။ ကားအဆင်မပြေသော ပုဂ္ဂိုလ်များ နံနက် ၇နာရီ သာကေတမြို့ သုညတဓမ္မ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၊ အနောက်(၇)ရပ်ကွက်၊ မြခွာညို အိမ်ရာရှေ့၊ ဇိနမာရ်အောင်မြောက်ဘက်မုခ်ဦးမှ ဝင်လာပါ ကားကြို/ ပို့ရှိပါသည်။

**ဆရာတော်ဖုန်း - ၀၉-၅၁၇၉၃၄၃၊ ၀၉-၄၃၁၆၇၉၉၇၊ ၀၁-၄၅၀၂၀၆**
**မလှသိန်းဖုန်း - ၀၉-၄၃၁၂၉၁၃၀ သို့ ဆက်သွယ်လှူဒါန်းမေးမြန်းနိုင်ပါသည်။**


ကိုသန့်ဇင်
CAR RENTAL
ကားမျိုးစုံခရီးစဉ်အချိန်ပိုင်းငှားသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။
09-43117680, 09-5059821

ကား မျိုးစုံ
Alphard, Hiace ၉/၁၃ယောက်စီး။ အန်စာတုံး၊ ၂၄/၃၃/၃၇/၄၅/၄၉ယောက်စီးများကိုခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များကိုယ်တိုင်ချိုသာသောစျေးနှုန်းဖြင့်အငှားလိုက်ပါသည်။
Ph: 09795549249,095418126


## တင်ဒါအဆိုပြုလွှာခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသည့် မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာဇံမြို့နယ်၊ စိတ္တရမဟီအဆင့်မြင့်အိမ်ရာစီမံကိန်း၊ (၂၆×၂၇)လမ်းနှင့် (၇၃×၇၄) လမ်းကြား ကွန်ဒို (၄)(၅)(၆) ရှိ Commercial တိုက်ခန်းများကို အိတ်ပိတ်တင်ဒါစနစ်ဖြင့် မျက်မြင် အခြေအနေအတိုင်း ပွင့်လင်းမြင်သာစွာ ရောင်းချမည်ဖြစ်ပါသဖြင့် တင်ဒါအဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | ရောင်းချမည့်လူနေတိုက်ခန်းပေါင်း | -(၆)ယူနစ်(၁-ယူနစ် ၃လွှာ) |
| (ခ) | တင်ဒါအဆိုပြုလွှာရောင်းချမည့်ရက် | -၂၄-၁-၂၀၁၇ |
| (ဂ) | တင်ဒါအဆိုပြုလွှာ တင်သွင်းပြီး တင်ဒါဖွင့်လှစ်မည့်ရက် | -၂၃-၂-၂၀၁၇ |
| (ဃ) | တင်ဒါအဆိုပြုလွှာရောင်းချမည့်နေရာ | ဆောက်လုပ်ရေးဝန်ကြီးဌာန၊ရုံးအမှတ်(၄၀)၊ နေပြည်တော်။ |

၂။ တိုက်ခန်း(၁)ခန်း၏ ကြမ်းခင်းဈေးနှုန်းမှာ (၁)စတုရန်းပေလျှင် (၁၂၀၀၀ိ/-) ငွေကျပ်တစ်သိန်းနှစ်သောင်းနှုန်းဖြစ်ပါသည်။
၃။ တင်ဒါအဆိုပြုလွှာပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို တယ်လီဖုန်းအမှတ်(၀၆၇-၄၀၇၅၂၇)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါရွေးချယ်ရေးလုပ်ငန်းကော်မတီ**


**Keen Cie Health Care Services 09-73076404 / 09-452744184**
သင့်တော်သောနှုန်းထားဖြင့် အရည်အသွေးမီ ပြုစုမှုပေးခြင်း
အိမ်တိုင်ရာရောက်သူနာပြုဝန်ဆောင်မှုလုပ်ငန်း
(ရှေးကျိန်အတွေ့ပြီးသား)
အခန်း ဂျီဝမ်း(၁၂)၊ ဟုလဲဝ်တွန်ဒို "ဗီ" ဆောင်၊ တက္ကသိုလ်အေးဘုရားလမ်း၊ ဗဟန်းမြို့နယ်။















■ တိုက်ကြီးမြို့ - ဖုန်း - ၀၉ - ၂၆၄၄၄၄၈၀၂ယ၀၉ - ၂၆၄၄၄၄၈၀၃
■ ပန်းဘဲတန်းမြို့နယ် - အမှတ် - ၄၈၇၊မဟာဗန္ဓုလလမ်း၊လမ်း(၃၀)ထိပ်၊ဖုန်း - ၀၁ - ၃၇၉၆၇၆၊၀၁ - ၃၇၆၅၇၀၊၀၉ - ၇၃၂၀၃၁၆၃ ■ မင်္ဂလာတောင်ညွန့်မြို့နယ် - အမှတ် - ၁၆၁၊ဗညားဒလလမ်း၊မင်္ဂလာဈေးမီးပွိုင့်အနီး၊ဖုန်း - ၀၁ - ၂၉၈၂၁၂၊၀၉ - ၂၆၁၆၀၀၃၀၀
■ ကျောက်တံတားမြို့နယ် - အမှတ် - ၁၃၆/၁၃၈၊အနော်ရထာလမ်း၊၃၅/၃၆လမ်းကြား၊ဖုန်း - ၀၁ - ၂၄၀၇၂၄၊ ၂၄၉၁၉၄၊၀၉ - ၇၃၀၉၇၈၉၅ ■ တာမွေမြို့နယ် - အမှတ် - ၂၀၁/၂၀၃၊ဗညားဒလလမ်း၊ယုဇနပလာဇာရှေ့၊လမ်းကျယ်ထိပ်၊ဖုန်း - ၀၁ - ၂၉၅၇၆၁၊၇၀၀၁၆၂
■ မြောက်ဒဂုံမြို့နယ် - အမှတ် - ၁၂၇၅/ခ၊ပင်လုံလမ်း၊(၃၅)ရပ်ကွက်၊ကျောင်းလမ်းမှတ်တိုင်အနီး၊ဖုန်း - ၀၉ - ၇၃၁၄၃၃၈၄၊၀၁ - ၇၀၀၁၆၂ ■ လှိုင်သာယာမြို့နယ် - တိုက် - ဘီ၊အခန်း - ၉၃/၅၊နဝဒေးအိမ်ရာ၊ကျွန်စစ်သားလမ်း၊ဖုန်း - ၀၉ - ၇၃၀၁၁၅၅၊၀၉ - ၂၅၀၁၉၅၉၇၁
■ ယုဇနဥယျာဉ်မြို့တော် - အမှတ် - ၂၈၊(အခန်း - ၀၀၂)၊(၅)လမ်း(ဘီ)၊ဖုန်း - ၀၁ - ၅၉၃၆၀၁ ■ မြောက်ဥက္ကလာပမြို့နယ် - တိုက်(၈၈)၊အခန်း(၀၀၃)၊သုဓမ္မာလမ်းမကြီး၊ကျောက်ရေတွင်းမှတ်တိုင်အနီး၊ဖုန်း - ၀၉ - ၇၃၁၅၄၁၉၈ ■ လက်ပံတန်းမြို့ - ဖုန်း - ၀၉ - ၂၆၀၃၇၆၆၆၉
■ ကြည့်မြင်တိုင်မြို့နယ် - အမှတ် - ၃၀၁၊ကမ်းနားလမ်း၊ကမ်းနားဈေး၊ဖုန်း - ၀၉ - ၄၃၀၈၄၅၀၁၊၀၉ - ၇၃၀၂၄၉၆၆ ■ မရမ်းကုန်းမြို့နယ် - အမှတ် - ၁၄၀၊ဇဒင်တိုက်ခန်း၊သမိုင်းလမ်းဆုံမီးပွိုင့်၊အင်းစိန်လမ်းမကြီး၊ဖုန်း - ၀၉ - ၅၁၂၀၄၆၃၊၀၁ - ၆၅၄၅၁၄

